# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၃ ရက်၊ စနေနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရွှေပလ္လင်လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ၊ စားသုံးသူပြည်သူတစ်ဦး၊ ခိုင်ခိုင်ကျော်အုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာတို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး

နေပြည်တော် မေ ၂၂

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရွှေပလ္လင်လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေ၊ စားသုံးသူပြည်သူ ဒေါ်ယဉ်ယဉ်ငြိမ်း၊ ခိုင်ခိုင်ကျော်အုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြတ်မိုးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။**

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရွှေပလ္လင်လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေက ပြည်သူများ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များတွင် လာရောက်စားသုံးမှုနှင့် ယဉ်ကျေးမှုအလေ့အထ၊ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကူးစက်မှုမရှိစေရန် စားသောက်ဆိုင်များတွင် ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း၊ စားသုံးသူပြည်သူ ဒေါ်ယဉ်ယဉ်ငြိမ်းက အမျိုးသမီးများ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များသို့ သွားရောက်၍ ဆိုင်ထိုင်စားသုံးသည့် အကြောင်းအရင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရွှေပလ္လင်လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေ၊ စားသုံးသူပြည်သူ ဒေါ်ယဉ်ယဉ်ငြိမ်း၊ ခိုင်ခိုင်ကျော်အုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြတ်မိုးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

သတင်းစဉ်



**"စားသောက်ဆိုင်များ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်ကကူညီနိုင်မည့် နည်းလမ်းများကို အမြန်ဆုံး ရှာဖွေသွားမည်၊ အထူးသဖြင့် လမ်းဘေးဆိုင်လေးများသည် အကူအညီအထောက်အပံ့ ပို၍လိုအပ်သည်ကို နားလည်သဘောပေါက်၊ ထို့ကြောင့် မည်သည့်ပုံစံဖြင့် လမ်းဘေးဆိုင်လေးများ မြန်မြန်ဆန်ဆန် ပြန်လည်ဖွင့်လှစ်နိုင်မည်ကို အလေးထား စဉ်းစားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများ ချမှတ်ကာ အမြန်ဆုံးအဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်"**




# မကောင်းမှု မပြုခြင်းသည် လည်းကောင်း

မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ဆိုသည့် အဆိုအမိန့်သည် လူ့လောကအတွက် အလွန်ပင် သင့်မြတ်လှသော ဩဝါဒဟု ဆိုချင်သည်။ 'ကောင်းတာလုပ်ကြစို့၊ မကောင်းတာ မလုပ်ကြစို့နှင့်၊ မိမိတို့၏စိတ်ကို ဖြူဖြူစင်စင်ဖြစ်အောင် မွေးမြူနေထိုင်ပါ' ဟုဆိုလျှင် ယေဘုယျအားဖြင့် အားလုံးသဘောတူကြမည်ထင်သည်။ မကောင်းမှုဆိုသည်များကိုသာ ရွေးချယ်ကာ တစိုက်မတ်မတ် လုပ်ချင်ကြသည့်သူ အချို့ကလွဲ၍ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာရာထူးကြီးငယ် အဆင့်အတန်းမရွေး နှစ်သက်သဘောကျမည့် အဆိုအမိန့်ပါပင်။

ကောင်းမှု၊ မကောင်းမှုဆိုသည်ကလည်း အခြေခံအားဖြင့် ကွဲပြားစရာမရှိ။ မြန်မာတို့၏ အစဉ်အလာယုံကြည်မှုထဲကဆိုရလျှင် ကာယကံမြောက် ကိုယ်ထိလက်ရောက် ပြုမူကျူးလွန်နိုင်သည့် မကောင်းမှု သုံးမျိုး၊ နှုတ်ဖြင့် ကျူးလွန်တတ်သည့် မကောင်းမှု လေးမျိုး၊ စိတ်ဖြင့် တွေးရင်းတောရင်း မှားယွင်းကျူးလွန်တတ်သည့် မကောင်းမှု သုံးမျိုး ရှိ၏။ ကာယ ဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနော ဒုစရိုက် သုံးပါးဟူသည့် ဒုစရိုက်တရား ဆယ်ပါး။ အဆိုပါမကောင်းမှု ဆယ်ခုကိုရှောင်ကာ ထိုမကောင်းမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် သုစရိုက် ဆယ်မျိုးကို ပြုမူဆောင်ရွက်သည်ဆိုလျှင် ရပေပြီ။

– သူတစ်ပါး၏ အသက်ကို သတ်ခြင်း၊

– မိမိကို မပေးအပ်သည့် သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ရယူခိုးယူခြင်း၊

– ကာမဂုဏ်တို့တွင် မှားယွင်းသည့်အကျင့်ကို ကျင့်ခြင်း။

ဤသုံးမျိုးက ကာယကံမြောက် ကျူးလွန်သည့် ကာယဒုစရိုက် သုံးပါး။

– မဟုတ်မမှန်သော လိမ်လည်ကောက်ကွေ့သော စကားကို ပြောဆိုခြင်း၊

– အခြားတစ်ပါးသူတို့ အချင်းချင်းကြား မသင့်မတင့် ဖြစ်အောင် ကုန်းတိုက်သွေးခွဲစကားပြောခြင်း၊

– ရှန့်ရင်းကြမ်းတမ်းသော ဆဲရေးတိုင်းထွာသော ညစ်ညမ်းသောစကားတို့ကို ပြောဆိုခြင်း၊

– အကျိုးမရှိ အနှစ်မဲ့ သိမ်ဖျင်းသော စကားတို့ကို ပြောခြင်းတို့က ဝစီဒုစရိုက်လေးပါး။ နှုတ်ဖြင့် ကျူးလွန်လေ့ရှိသည့် နှုတ်မှုဆိုင်ရာ မကောင်းမှု လေးမျိုးဟု ဆိုရမည်။

– သူတစ်ပါးပစ္စည်းကို 'ငါ့ဟာဖြစ်လျှင်ကောင်းလေစွ'ဟု စိတ်ကူးထုတ် မတရားကြံစည်ခြင်း၊

– သူတစ်ပါးကို သေကျေပျက်စီး စေလိုခြင်း၊

– ကောင်းတာလုပ်လို့လည်း ကောင်းတာမဖြစ်ပါဘူး၊ မကောင်းတာတွေလုပ်လည်း ကောင်းချင်ကောင်းနေတာပဲ ဟူသည့် ကောင်းမှု မကောင်းမှု၏ အကျိုးဆက်ကို သံသယများပွားများခြင်း၊ စိတ်အတွေးအယူဖြစ်ခြင်း အစရှိသည်တို့က မနောဒုစရိုက် သုံးပါး။

ဤသို့ စိစစ်ကြည့်လျှင် ကာယကံမြောက်ကျူးလွန်ခြင်းဖြစ်သော သူတစ်ပါးအသက်ကို သတ်မှု၊ သူတစ်ပါးပစ္စည်းကို ခိုးမှု၊ မှားယွင်းသည့် ကာမဂုဏ်ကိစ္စပြုမှု စသည်တို့သည် အမှန်တော့ဥပဒေအရလည်း တားမြစ်ထားပြီးဖြစ်၏။ ထိုအမှုများကို ကျူးလွန်သည်နှင့် ဥပဒေအရ အရေးယူခံရမည့် ဒုစရိုက်မှုများဖြစ်၏။

စိတ်အားဖြင့် ကျူးလွန်သည့် ဒုစရိုက်မှုမှာမူ သိမ်မွေ့၏။ အခြားသူတစ်ပါးက မိမိ၏ မနောကံအပြစ်ကျူးလွန်မှုကို မသိနိုင်။ သို့သော်လည်း ဤသူတစ်ပါးအကျိုး ပျက်စီးရေးအတွက် အထူးတလည် အားထုတ်ကြိုးပမ်းစိတ်ကူးရသည့် ဒုစရိုက်မှုသည် မတွေးတောမိ မကြံစည်မိရုံမျှဖြင့် ရှောင်ကြဉ်ပြီး ဖြစ်သည်ကို သတိမူသင့်ပါသည်။

ဝစီဒုစရိုက်လေးပါးသည်ကား ကျူးလွန်သည်နှင့် တစ်ပြိုင်နက် လူမှုအဝန်းအဝိုင်းတွင်း၌ သိလွယ်၊ ကြားလွယ်၊ မြင်လွယ်ဖြစ်ပါသည်။ ပွင့်လင်းမှုနှင့် ရိုင်းပျမှုတို့အကြားရှိသောအလွှာမှာ ပါးလျားလွန်းလှသည်ဖြစ်သောကြောင့် သာမန်ပြောရိုးပြောစဉ်များကိုပင် တိုင်းကာထွာကာ ဆဲကာရေးကာဖြင့် ပြောဆိုမိနေကြပေသည်။

ရံခါဆိုသလို မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အကျိုးကျေးဇူးမဖြစ်သည်များကို အားရပါးရပြောဆိုနေကြသည်လည်း ရှိ၏။ မှန်လည်းမမှန်၊ ကြားရသူများလည်း အကျိုးမရှိဆိုသည့် သိမ်ဖျင်းသောစကားများနှင့်အတူ ရှန့်ရင်းဆဲရေးတိုင်းထွာခြင်းတို့ကလည်း မိုးမွှန်နေသည်ဟု ဆိုရလောက်အောင် လူမှုကွန်ရက်များတွင် တွေ့ရတတ်၏။ နှုတ်ကို စောင့်ထိန်းခြင်း၊ ကြားရသူတို့အတွက် အကျိုးကျေးဇူးများစေမည့် စကားတို့ကို ပြောဆိုခြင်းက မကောင်းမှုကို ရှောင်ရှားပြီး ဖြစ်ချိမ့်သည်။


အချုပ်အားဖြင့်ဆိုရပါမူ၊ လက်တွေ့ လူ့ဘဝက မကောင်းမှုကို ရှောင်ရန်လည်း မခက်၊ ကောင်းမှုကို ဆောင်ရန်လည်း ခက်လွန်းလှသည်မဟုတ်ဘဲ ရှောင်ကြဉ်မည်ဟု စိတ်ပိုင်းဖြတ်ထားနိုင်မှုက လူကြီးလူကောင်းစိတ်ဓာတ်၊ ယဉ်ကျေးသည့် စိတ်ဓာတ်၊ ကုသိုလ်ဖြစ်သည့် စိတ်ဓာတ်ဟု ဆိုချင်ပါသည်။

တစ်ဦးချင်း တစ်ဦးချင်းစီ၏ ကောင်းမွန်မှန်ကန်မှု၊ ကောင်းမှုပြုခြင်းပေါ် တန်ဖိုးထားမှုတို့ကသာ လူ့လောက လူ့ဘဝ၏ ငြိမ်းချမ်းသာယာခြင်း အစစ်အမှန်ဆီသို့ သွားနိုင်မည့်လမ်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့ မဟာဇနကကျောင်းတိုက် မဟာဇနကဗိမာန်တော်ကြီး၌ တပ်ကုန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။



အခမ်းအနားသို့ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ အမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ရေးဦးစွာ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်၊ ရတနသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်/ ထိန်းချုပ်/ တုံ့ပြန်နေစဉ်ကာလအတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၉ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းတို့တွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၉၈ ပါး၊ သီလရှင် ၉၁ ပါး စုစုပေါင်း ၅၈၉ ပါးတို့အတွက် ဆွမ်းဆန်တော် ၁၁၄ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြို့ပင်ကောက်မြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဆေးကုသမှုများ ဆောင်ရွက်

**ကြို့ပင်ကောက် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြင်ပလူနာဌာနဖွင့်လှစ်၍ တိုင်းရင်းဆေးကုသမှုများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့ တိုင်းရင်းဆေးရုံသို့ ကိုဗစ်ကာလမတိုင်ခင်က နေ့စဉ်လူနာ ၆၀ ခန့် လာရောက်ကုသပြီး ကိုဗစ်–၁၉ ရောဂါဖြစ်ပွားရာကာလအတွင်းမှာ နေ့စဉ် ၁၈ ဦးခန့်ကို ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များဖြစ်သည့် လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းမပါသော လူနာများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ လူနာများနှင့် တာဝန်ကျဝန်ထမ်းများကို ခြောက်ပေအကွာမှ စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်စေခြင်း၊ အကြောပြင်ခြင်းနှင့် ကြပ်ထုပ်ထိုးခြင်း လိုအပ်သောလူနာများကို မိမိတို့အိမ်တွင် ဆောင်ရွက်နိုင်စေရန် ညွှန်ကြားပြသပေးခြင်းများကို ဝန်ထမ်း ၁၃ ဦးဖြင့်ဝန်ဆောင်မှုပေးလျက်ရှိကြောင်း မြို့နယ်တိုင်းရင်းဆေးရုံအုပ် ဒေါ်နှင်းထိုက်တိုး က ပြောသည်။



ကြို့ပင်ကောက်မြို့ တိုင်းရင်းဆေးရုံ၌ လူနာများအား စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးစဉ်။

ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ ထားရှိရန်အတွက် ကန့်သတ်စောင့်ကြည့်ရန်နေရာ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# သီပေါသီတဂူစက္ခုဒါန မျက်စိခွဲစိတ်ကုသရေးလုပ်ငန်းများ ကိုဗစ်-၁၉ အလွန်ကာလရောက်မှ ပြန်လည်ဆောင်ရွက်မည်

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီပေါသီတဂူစက္ခုဒါန (၄၇) ကြိမ်မြောက် မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသခြင်းကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း သီပေါသီတဂူစက္ခုဒါန ဆေးရုံကြီးကြပ် ပုဂ္ဂိုလ် မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိက ယနေ့ မိန့်ကြားသည်။

အဆိုပါ စက္ခုဒါနဆေးရုံပြန်လည်ဖွင့်လှစ်ချိန်၌ အသင့်ဖြစ်ရေးအတွက် ခွဲစိတ်ခန်းများအား သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ တည်းခိုရာဆေးရုံအဆောက်အအုံများကို ပြုပြင်မွမ်းမံဆေးသုတ်ခြင်းများဆောင်ရွက်ပြီး ဖွင့်မည့်ရက်ကိုအတိအကျမပြောနိုင်သေးဘဲ ကိုဗစ်–၁၉ အလွန်ကာလရောက်မှသာ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ဆရာတော်ထံမှ သိရသည်။

**စိုင်း(သီပေါ)**

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ရွှေပလ္လင်လုပ်ငန်းစုမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းငွေ၊ စားသုံးသူပြည်သူ ဒေါ်ယဉ်ယဉ်ငြိမ်း၊ ခိုင်ခိုင်ကျော်အုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြတ်မိုးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❖ *ရွှေဖုံးမှ*

အခြေခံလူတန်းစားများနှင့် ရုံးဝန်ထမ်းများ အဓိက စားသောက်လျက်ရှိသည့် ရပ်ကွက်များနှင့် လမ်းဘေးရှိ စားသောက် ဆိုင်ငယ်များ၏ အခက်အခဲများနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန် လိုအပ်မှု အခြေအနေများကို လည်းကောင်း၊ ခိုင်ခိုင်ကျော်အုပ်စု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မြတ်မိုးက အစားအစာ ဘေးကင်းလုံခြုံစိတ်ချမှုနှင့် သန့်ရှင်းမှု၊ Social Distancing အတွက် ဆောင်ရွက်ထားရှိမှု၊ ကုမ္ပဏီအနေဖြင့် ဆိုင်များပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းများအား စိစစ်ပြန်လည်ခေါ်ယူရေးအဖွဲ့၊ ပြင်ဆင်ဆောင်ရွက်ရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် သင်ကြားရေးနှင့် ပညာပေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် ကျန်းမာရေးအရ ဘေးအန္တရာယ် ကင်းရှင်းလုံခြုံမှုရှိစေရေးနှင့် စားသောက်ဆိုင်ငယ်များတွင် ပါဆယ်ယူသည့်စနစ် ကျင့်သုံးရေးတို့ကို လမ်းညွှန်မှာကြားပြီး စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးလိုအပ်မှု၊ စားသောက်ဆိုင်နှင့် လမ်းဘေးဆိုင်ငယ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### သတိထားရမည့်အချက်များ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ ရှင်းလင်းပြောကြားကြသည့်အတွက် လုပ်ငန်းရှင်များ၏ အခက်အခဲကို နားလည်ပါကြောင်း၊ နားထောင်နေသည့် ပြည်သူများအနေဖြင့်လည်း နားလည်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းရှင်များ၏ စားသောက်ဆိုင်များကို ပြင်ဆင်ရသည့် အခက်အခဲများသည် ပြည်သူများ သတိထားရမည့်အချက်များနှင့် ဒွန်တွဲနေပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း သတိထားရမည်၊ ပူးပေါင်းပါဝင်ရမည်ဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှသာ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်မည့် စီမံကိန်းသည် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

### အဘက်ဘက်က ကြိုးစားဆောင်ရွက်

မိမိတို့အနေဖြင့်လည်း စားသောက်ဆိုင်များကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်စေချင်ပါကြောင်း၊ စားသောက်ဆိုင်များကို မှီခိုနေရသည့် အလုပ်သမား၊ ဝန်ထမ်းများကိုလည်း အဆင်ပြေစေချင်ပါကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များကိုလည်း အဆင်ပြေစေချင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတိုးတက်အောင်မြင်ရန် စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန် အလွန်အရေးကြီးပါကြောင်း၊ စားသောက်ဆိုင်ကိုသွားသည့် ပြည်သူများလည်း စိတ်ချမ်းသာ အဆင်ပြေစေချင်ပါကြောင်း၊ အဘက်ဘက်က ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### ကိစ္စအမျိုးမျိုးကို ထည့်သွင်းစဉ်းစား

လမ်းဘေးစားသောက်ဆိုင်များနှင့် ပတ်သက်၍ လက်တွေ့ကျကျ စဉ်းစားဆောင်ရွက်ရမည်ဆိုပါက ပါဆယ်ယူသည့်စနစ်ကို ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် ယခင်ကထက် ပလတ်စတစ်ကို သုံးစွဲလာရသည့်အခြေအနေ ဖြစ်လာပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ကောင်းကောင်းမွန်မွန် ချောချောမွေ့မွေ့လည်ပတ်ရန် ကိစ္စအမျိုးမျိုးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရပါကြောင်း၊ သုံးစွဲပြီးသား ပလတ်စတစ်များကို မည်သို့ပြန်လည်အသုံးပြုရမည်၊ နိုင်ငံအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် မည်သို့ဆောင်ရွက်ရမည်ကို တစ်ခါတည်း ထည့်သွင်းစဉ်းစားရပါကြောင်း၊ ပလတ်စတစ်၏ နောက်ဆက်တွဲ အကျိုးဆက်များသည် များပြားပါကြောင်း၊ ထို့ကြောင့် ပလတ်စတစ်သုံးစွဲမှု ပိုမိုများပြားလာပါက အကောင်းဆုံးဖြစ်အောင် မည်သို့ကိုင်တွယ်ဖြေရှင်းမည်ကို လုပ်ငန်းရှင်များ၊ ပြည်သူများအားလုံး ဝိုင်းဝန်း၍ အကြံကောင်းများ ပေးစေလိုပါကြောင်း။

### တစ်ယောက်ကိုတစ်ယောက် ကူညီ

ကိုဗစ်-၁၉ နှင့် ပတ်သက်၍ လူသားများအားလုံးအတွက် အခက်အခဲဆုံးကိစ္စသည် Social Distancing ဖြစ်ပါကြောင်း၊ လူသားများအားလုံးသည် ရင်းရင်းနှီးနှီး၊ နွေးနွေးထွေးထွေး နေချင်ကြသည့် စိတ်ဆန္ဒရှိပါကြောင်း၊ မိတ်ဆွေများနှင့် ပျော်ပျော်ရွှင်ရွှင် တွေ့ချင်၊ သွားချင်၊ လာချင်၊ နေချင်ပါကြောင်း၊ မိသားစုများသည်လည်း စုစုစည်းစည်း၊ ပျော်ပျော်ရွှင်ရွှင် သွားချင်၊ လာချင်၊ နေချင်ပါကြောင်း၊ အဆိုပါအလေ့အကျင့်များကို ပြောင်းလဲရန် မလွယ်ကူပါကြောင်း၊ မလွယ်ကူသည့်အတွက် အားလုံးဝိုင်းဝန်းပြီး တစ်ယောက်ကိုတစ်ယောက် ကူညီရန် လိုအပ်ပါကြောင်း၊ ယခုလိုအချိန်တွင် ယခင်ကဲ့သို့ မိတ်မပျက်၊ ဆွေမပျက်နေနိုင်သည့် အလေ့အထများကို ဖန်တီးယူရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံး တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီက ကြိုးစားပေးစေလိုပါကြောင်း၊ ရှင်းလင်းတင်ပြချက်များ အားလုံးကို မှတ်သားထားပါကြောင်း၊ စားသောက်ဆိုင်များ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်က ကူညီနိုင်မည့် နည်းလမ်းများကို အမြန်ဆုံးရှာဖွေသွားမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် လမ်းဘေးဆိုင်လေးများသည် အကူအညီအထောက်အပံ့ ပို၍လိုအပ်သည်ကို နားလည်သဘောပေါက်ပါကြောင်း၊ ထို့ကြောင့် မည်သည့်ပုံစံဖြင့် လမ်းဘေးဆိုင်လေးများ မြန်မြန်ဆန်ဆန် ပြန်လည်ဖွင့်လှစ်နိုင်မည်ကို အလေးထားစဉ်းစားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ လိုအပ်သည့် စည်းမျဉ်း စည်းကမ်းများချမှတ်ကာ အမြန်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ပြည်သူများ စိတ်ချမ်းသာအောင် ကျွေးမွေးဆောင်ရွက်ပေးသည့် စားသောက်ဆိုင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ စားသောက်ဆိုင်များ လည်ပတ်နိုင်ရန်အတွက် စားသုံးပေးသည့် ပြည်သူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဖြစ်ပါကြောင်း၊ နောက်လတွင် အချို့ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ဆိုင်အားလုံး တစ်ချိန်တည်းတွင် ပြန်လည်ဖွင့်လှစ်နိုင်မည် မဟုတ်ပါကြောင်း၊ ဖွင့်နိုင်သည့်ဆိုင်များ၏ အခြေအနေကိုကြည့်၍ အဆိုပါ အတွေ့အကြုံအရ မည်သည့်အပြောင်းအလဲများကို ဆောင်ရွက်သင့်သည်၊ မည်သို့ပံ့ပိုးပေးသင့်သည်ကို အကြံဉာဏ်ပေးရမည်ဖြစ်ပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ပြောကြားသည်။

### စီမံခန့်ခွဲအုပ်ချုပ်နေသူဖြစ်

ဦးကျော်မြတ်မိုးသည် ရန်ကုန်မြို့တွင် (၅) ဆိုင်၊ မန္တလေးမြို့တွင်(၂)ဆိုင်နှင့် ကျိုက်ထို၊ ပြင်ဦးလွင်၊ ပန်းတနော်၊ မကွေး၊ ကြို့ပင်ကောက်၊ မြစ်ကြီးနား၊ မြဝတီ၊ မဲဆောက်(ထိုင်းနိုင်ငံ)တို့တွင် (၁)ဆိုင်စီ စုစုပေါင်း (၁၅) ဆိုင် ဖွင့်လှစ်ထားသည့် ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်များအား စီမံခန့်ခွဲအုပ်ချုပ်နေသူဖြစ်ကြောင်း၊ ဦးဝင်းငွေသည် ရန်ကုန်မြို့တွင် ဆိုင်(၂၀)၊ မန္တလေးမြို့တွင် (၄) ဆိုင်၊ နေပြည်တော်တွင် (၃) ဆိုင်၊ အမြန်လမ်းတွင် (၄) ဆိုင် စုစုပေါင်း (၃၅) ဆိုင် ဖွင့်လှစ်ထားသည့် ရွှေပလ္လင် လက်ဖက်ရည်ဆိုင်များနှင့် ရန်ကုန်မြို့တွင် (၂)ဆိုင်၊ မန္တလေးမြို့တွင် (၁)ဆိုင် စုစုပေါင်း (၃)ဆိုင် ဖွင့်လှစ်ထားသည့် Fuji Japanese Restaurant များကို စီမံခန့်ခွဲအုပ်ချုပ်နေသူဖြစ်ကြောင်းနှင့် ဒေါ်ယဉ်ယဉ်ငြိမ်းသည် COVID-19 မဖြစ်ပွားမီ ပုံမှန်အချိန်များတွင် လက်ဖက်ရည်ဆိုင်များသို့ ပုံမှန်သွားရောက်စားသုံးသူတစ်ဦး ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေမည်။

မိုး/ဇလ

❖ ကျောဖုံးမှ

ကြိုတင်ပြင်ဆင်ထားနိုင်ရေး စသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးလိုသည့်အတွက် ယခုကဲ့သို့ Video Conferencing ဖြင့် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း။

COVID–19 ကူးစက်ရောဂါသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တရုတ်နိုင်ငံ ဝူဟန်မြို့၌ စတင်ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၁ ရက်တွင် Novel Coronavirus ကြောင့် ပထမဆုံး သေဆုံးသည့်လူနာကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၁၃ ရက်တွင် တရုတ်နိုင်ငံ ပြင်ပ(ထိုင်းနိုင်ငံ)တွင် ပထမဦးဆုံးကူးစက်မှုကို အတည်ပြုနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်တွင် WHO က "Public Health Emergency of International Concern" အဖြစ် တရားဝင်ကြေညာခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် COVID–19 ကူးစက်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံး ကူးစက်ပြန့်ပွားနေပြီး ယနေ့ ၂၀၂၀ ပြည့်နှစ် မေ ၂၂ ရက် WHO စာရင်းအရ အတည်ပြုလူနာ ငါးသန်းကျော်နှင့် သေဆုံးသူ သုံးသိန်းသုံးသောင်းကျော် ရှိပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော Coronavirus Disease–2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်တွင် ဒုတိယသမ္မတ–၁ ဦးဆောင်သော Coronavirus Disease–2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကိုလည်းကောင်း ဖွဲ့စည်းပြီး COVID–19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ထိရောက်သော ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၀ပြည့်နှစ် မတ် ၂၃ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး COVID–19 ကူးစက်လူနာကို အတည်ပြုနိုင်ခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၂၀ပြည့်နှစ် မေ ၂၁ ရက် စာရင်းအရ Positive ၁၉၉ ဦး၊ ပြန်လည်ကျန်းမာလာသူ ၁၀၈ ဦးနှင့် သေဆုံး ၆ ဦးရှိပါကြောင်း။

ယခုကဲ့သို့ COVID–19 ကူးစက်ရောဂါဖြစ်ပွားနေသည့် ကာလတွင် လူစုလူဝေး ပြုလုပ်ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်ဖြစ်သည့်အတွက် အရေးတကြီးပြုလုပ်ရန်လိုအပ်သော အစည်းအဝေးများကို Video Conferencing ဖြင့်လည်းကောင်း၊ မဖြစ်မနေ စုစည်းတက်ရောက်ရမည့်သူများအတွက် တစ်ဦးနှင့်တစ်ဦး ၃ ပေမှ ၆ ပေ အကွာ နေရာချထားခြင်း၊ mask နှင့် hand gel များ အသုံးပြုနိုင်ရေး စီစဉ်ထားပေးခြင်းဖြင့်လည်းကောင်း ကျင်းပပြုလုပ်နေကြရပါကြောင်း။

### ကြိုတင်ညှိနှိုင်းကြရမည်ဖြစ်

မကြာမီကာလတွင် မိုးဦးကာလ ကျရောက်တော့မည်ဖြစ်သည်နှင့်အညီ နှစ်စဉ်ကြုံတွေ့နေကျ လေပြင်းဘေး၊ ရေကြီးရေလျှံဘေး၊ မြေပြို/ ကမ်းပြိုဘေး၊ မိုးကြိုးဘေး စသည့်ဘေးများနှင့် မမျှော်မှန်းနိုင်သော ငလျင်ဘေးတို့အတွက် အမျိုးသားအဆင့် ကော်မတီအနေဖြင့် နှစ်စဉ်ဆောင်ရွက်နေကျအတိုင်း သဘာဝဘေးကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် ရာသီဥတုပူပြင်းမှုကြောင့် မိုးခေါင်ရေရှားဘေး၊ မီးဘေးနှင့် လေပြင်းဘေး စသည်တို့ကို နိုင်ငံတစ်ဝန်း ခံစားနေကြရပြီး ပူပြင်းခြောက်သွေ့မှုနှင့် ရေရှားပါးမှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများအပေါ် ရိုက်ခတ်ပြီး ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေရသည်ကို တွေ့မြင်နေရပါကြောင်း။

အဆိုပါ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပြင် လတ်တလော ဖြစ်ပွားလျက်ရှိသည့် COVID–19 ကြောင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများကို ထပ်တိုး၍ ခံစားနေကြရခြင်းကို အားလုံးအသိဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်စဉ်ဆောင်ရွက်နေကျဖြစ်သည့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများအပြင် COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကိုပါ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

အခြေခံအကျဆုံးအနေဖြင့် လတ်တလောတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် COVID–19 အသိပညာပေးလုပ်ငန်းများ၌ လာမည့်မိုးရာသီကာလတွင် ဖြစ်လာနိုင်သည့် သဘာဝဘေးများနှင့် ပတ်သက်သော အသိပညာပေးမှုများကိုပါ ထည့်သွင်းပြောကြားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများအနေဖြင့် COVID–19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာများသာမက သဘာဝဘေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုပါ သိရှိနားလည်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်မည် ဖြစ်ပါကြောင်း။

ပုံမှန်ထောက်ပံ့မှုများအပြင် COVID–19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ထောက်ပံ့မှုများကိုလည်း ထည့်သွင်းထောက်ပံ့ပေးရန် လိုအပ်ပါကြောင်း၊ လတ်တလောတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲပြီး IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများ၌ ခိုလှုံနေကြသူများအတွက် Surgical Mask များ၊ ပြန်လည်လျှော်ဖွပ်နိုင်သော အဝတ်နှာခေါင်းစည်းနှင့် ပါးစပ်စည်းများ၊ ဘေစင်များ၊ ဆပ်ပြာများ၊ လက်သန့်ဆေးရည်များ၊ ပိုးသတ်ဆေးများ၊ ထုံးအိတ်များ စသည်တို့ ထောက်ပံ့ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့မြင်နေရပါကြောင်း။

## "တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် သဘာဝဘေးဖြစ်ပွားလာသည့်အခါ ပထမဆုံး ရင်ဆိုင်ဖြေရှင်းရမည့်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောအခြေအနေအရ COVID-19 ကူးစက်ရောဂါနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ကြရမည်ဖြစ်"

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် သဘာဝဘေး ဖြစ်ပွားလာသည့်အခါ ပထမဆုံး ရင်ဆိုင်ဖြေရှင်းရမည့် သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သဘာဝဘေး ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်ရင်ဆိုင်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လတ်တလောအခြေအနေအရ COVID–19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ စီမံဆောင်ရွက်ရာတွင် Coronavirus Disease–2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီနှင့် Coronavirus Disease–2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့၏ လမ်းညွှန်မှုနှင့်အညီ ဝန်ကြီးဌာနအသီးသီး၏ ညှိနှိုင်းချက်များကိုပါ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့် အချက်အလက်များကိုလည်း ယနေ့ အစည်းအဝေးတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း။

### သဘာဝဘေးအမျိုးမျိုးကို ခံစားနေရ

မိမိတို့အားလုံးသည် ကမ္ဘာကြီးပူနွေးလာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုများနှင့်အတူ မမျှော်မှန်းနိုင်သော ပြင်းထန်သည့် သဘာဝဘေးအမျိုးမျိုးကို ခံစားနေရပြီး တစ်ချိန်တည်းမှာပင် ကူးစက်ရောဂါ ကပ်ဘေးများ၊ ပဋိပက္ခဘေးများ စသည်တို့ပါ ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် ကြိုတင်စီမံဆောင်ရွက်မှုများတွင် သမားရိုးကျဖြစ်စဉ်များအတွက်သာမက အခြေအနေ၊ အချိန်အခါအရ ရင်ဆိုင်ကြုံတွေ့ရမည့် ဖြစ်စဉ်များအတွက်ပါ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ယင်းသို့ လိုအပ်သည်ကိုလည်း ယနေ့ သဘာဝဘေးနှင့် COVID–19 ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်မှုများမှတစ်ဆင့် သိသာထင်ရှားစွာ နားလည်သဘောပေါက်လာကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးသို့ တက်ရောက်လာသူများက COVID–19 ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အတူ လာမည့်မိုးဦးကျကာလ ကြုံတွေ့လာနိုင်မည့် သဘာဝဘေးဖြစ်စဉ်များအတွက် မည်ကဲ့သို့ အကောင်းဆုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြမည်ဆိုသည်ကို ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းပေးကြရန်နှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူများစုဖွဲ့ထားရှိမှုနှင့် ပစ္စည်းများ အသင့်ပြင်ဆင်ထားမှု၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုနှင့် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်သွားမည့်အစီအစဉ်များကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဘေးဒုက္ခခံရသည့် ပြည်သူများကို ထောက်ပံ့ကူညီရာတွင် ပိုမိုမြန်ဆန်စွာ ဆောင်ရွက်လာနိုင်သည့် အခြေအနေ၊ လာမည့်မိုးရာသီတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်–၁၉ ကာလ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နေမှုနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က (၂/၂၀၁၉)အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက လုပ်ငန်းကော်မတီအလိုက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ရန်ပုံငွေများ စနစ်တကျသုံးစွဲရေး၊ ပညာပေးရေး၊ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်းနှင့် ရာသီအလိုက်၊ နေရာဒေသအလိုက် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအား ထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် ချိတ်ဆက်၍ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ဘဏ္ဍာရန်ပုံငွေ ထည့်သွင်းလျာထားသုံးစွဲမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့ အတွင်းရေးမှူး မိုးလေဝသပညာရှင် ဦးချစ်ကျော်တို့က ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ ကြိုတင်ကာကွယ်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် ချိတ်ဆက်၍ တက်ရောက်ဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

---

# ပုသိမ်စက်မှုဇုန်၌ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ ပေးအပ်

ပုသိမ် မေ ၂၂

ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပိတ်သိမ်းထားခဲ့ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ စစ်ဆေးညွှန်ကြားချက်နှင့်အညီ ဧပြီ ၇ ရက်မှစ၍ ပုသိမ်စက်မှုဇုန်၌ စက်ရုံပေါင်း ကိုးရုံ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ယနေ့ မွန်းလွဲ ၁ နာရီက ပုသိမ်စက်မှုဇုန်ရှိ Dong Long အထည်ချုပ်စက်ရုံ၌ ကျင်းပရာ အဆိုပါစက်ရုံရှိ အာမခံအလုပ်သမား ၂၃၂ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၆၇၁၁၀၄၀၀ ကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူစွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းက စက်ရုံလုပ်ငန်းညှိနှိုင်းမှုကော်မတီ(WCC) အဖွဲ့ဝင်များသို့ ပေးအပ်ခဲ့သည်။ **(ယာပုံ)**




တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်လွင်လွင်မြင့်က ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ရန် ပိတ်သိမ်းခဲ့ရာမှ စစ်ဆေးရေးအဖွဲ့များ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ ပုသိမ်စက်မှုဇုန်တွင် စက်ရုံပေါင်း ကိုးရုံ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု အာမခံ အလုပ်သမားများလစာ၏ လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအား ယနေ့ပေးအပ်သည့် ပထမဆုံး စက်ရုံဖြစ်ကြောင်း၊ အခြားစက်ရုံများလည်း တင်ပြထားပြီးဖြစ်၍ ခွင့်ပြုငွေရရှိပါက ချက်ချင်း ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောသည်။ **ကိုတွတ်(ပြန်/ဆက်)**

---

❋ ကျောဖုံးမှ

ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသတို့မှ မြန်မာနိုင်ငံသား ၆၀ စုစုပေါင်း ၁၃၂ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် Myanmar Airways International–MAI ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် ပြင်သစ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ခုနစ်ဦးနှင့် အီတလီနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာသင်္ဘောသား ၂၅ ဦး စုစုပေါင်း ၃၂ ဦးကိုလည်း ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပျံသန်းလာသည့်အထူးလေယာဉ် Amelia– NL 401 ဖြင့် ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ် နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၂၂၀၁ ဦးအား ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီများ၏ ဆောင်ရွက်နေမှု၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရောဂါကုသဆေးရုံသို့ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဖွဲ့စည်းစေလွှတ်ပေးသည့် အဖွဲ့(၁) တာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်ပြီး နောက်ထပ်အဖွဲ့(၂) သွားရောက်လဲလှယ် တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေအနေ စသည်တို့ကို တင်ပြဆွေးနွေးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အကောင်းဆုံးနည်းလမ်းမှာ ကြိုတင်ကာကွယ်မှု Prevention လုပ်ငန်းများဖြစ်သော တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ Mask နှင့် မျက်စိအကာအကွယ် မျက်မှန်များ တပ်ဆင်ခြင်း၊ လက်ဆေးခြင်း၊ သန့်ရှင်းခြောက်သွေ့မှုရှိခြင်း၊ သွားလာမှုဆင်ခြင်ခြင်း၊ မဖြစ်မနေ အရေးကြီးမှသာ အချိန်အနည်းဆုံးနှင့် လူအနည်းဆုံးသွားလာမှုမျိုး ပြုလုပ်ကြရန်လိုကြောင်း၊ နယူးဇီလန်နှင့် သြစတြေးလျနိုင်ငံတို့သည် အပင်ပန်းခံ၍ စည်းကမ်းတင်းကျပ်စွာ ဆောင်ရွက်ခြင်း၏အကျိုးကို ခံစားရခြင်းဖြစ်ကြောင်း၊ ပြည်ပတွင် အခက်အခဲရှိ၍ ပြန်ဝင်လာကြသူများမှာ မိမိတို့နိုင်ငံသားများပင်ဖြစ်၍ ငြင်းပယ်၍ မရကြောင်း၊ ပြန်လည်ဝင်ရောက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် အကောင်းဆုံးဖြစ်အောင် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

တစ်ကမ္ဘာလုံးတွင် စီးပွားရေးထိခိုက်ပြီး အလုပ်လက်မဲ့ပြဿနာများ၊ အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အခြေအနေပေါ်မူတည်၍ တတ်နိုင်သည့် ကုန်ထုတ်လုပ်မှုများ၊ အမှန်တကယ် လိုအပ်သူများကို ထောက်ပံ့ရေးများ ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများအတွက် ဆွမ်းဆန်နှင့် ဆွမ်းဟင်းများ စီမံလှူဒါန်းကြရန် လိုကြောင်း၊ အမှန်တကယ် လိုအပ်နေသော အလှူများရှိကြောင်း၊ သတင်းမှန်များ ရအောင်ယူ၍ လုပ်ဆောင်ပေးနိုင်သမျှကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ

**နေပြည်တော် မေ ၂၂**

Coronavirus Disease COVID-19 သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။



Coronavirus Disease COVID-19 သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာ နေရာဒေသများမှ လည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း နှစ်ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ဝန်ဆောင်ကဏ္ဍတို့မှ လုပ်ငန်းအသစ် ကိုးခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၈၄ ဒသမ ၂ သန်းနှင့် ငွေကျပ် ၉၆၀၃၄ ဒသမ ၄၅၁ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၁၈၀ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှု မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၇၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ၏ ၂၆ ဒသမ ၀၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သောက်သုံးရေရှားပါးလျက်ရှိသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

**နေပြည်တော် မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်စဉ် နွေရာသီကာလတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့လျက်ရှိသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူလူထုများသို့ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ ဦးဆောင်၍ ပျဉ်းမနားမြို့နယ် ဇီးရိုင်းကျေးရွာသို့ ရေဂါလန် ၄၀၀၀ နှင့် ကံဦးကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ယခုနွေရာသီတွင် သောက်သုံးရေရှားပါးသောနေရာများသို့ ရေလှူဒါန်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်မှ ယနေ့အထိ ပျဉ်းမနားမြို့နယ် တောင်သာကျေးရွာအုပ်စု(၁)သို့ ရေဂါလန် ၄၀၀၀၀၊ တောင်သာကျေးရွာအုပ်စု(၂)သို့ ရေဂါလန် ၁၂၀၀၀၊ ဂတိုးဆိပ်ကျေးရွာအုပ်စုသို့ ရေဂါလန် ၅၀၀၀၀၊ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စုသို့ ရေဂါလန် ၃၈၀၀၀၊ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စုသို့ ရေဂါလန် ၅၈၀၀၀ ရေဂါလန် စုစုပေါင်း ၁၉၈၀၀၀ ကို ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ မိုးမကျမီကာလအထိ သန့်ရှင်းသော သောက်သုံးရေများ အလှည့်ကျဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ကာလတွင် အာဟာရဓာတ် ညီညွတ်မျှတအောင် ရွေးချယ်ခြင်းနှင့် ငါးစားသုံးခြင်း

ဒေါက်တာ ခင်စန်းမော်

ကိုဗစ် – ၁၉ ဟူသော ကမ္ဘာ့ကပ်ရောဂါကာလကြီးကို ကျော်ဖြတ်နေချိန်၊ အိမ်မှာ စတေးဟုမ်းလုပ်နေကြချိန်တွင် ဆိုရှယ်မီဒီယာများကို သုံးစွဲမှု မြင့်တက်လာကြပါသည်။ အထူးသဖြင့် ဖေ့ဘွတ်သုံးစွဲရင်း အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များကို အလွယ်တကူသိနိုင်ပြီး ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာရှောင်နိုင်ကြသည့် အပြင် မိမိတို့ ဘေးကင်းလုံခြုံစွာရှိကြောင်းကိုလည်း ဆွေမျိုးမိတ်သင်္ဂဟများအား ဗီဒီယိုဖုန်းမှတစ်ဆင့် မြင်တွေ့ဆက်သွယ်နိုင်ကြသောကြောင့် ဖြစ်ပါသည်။

**ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်**

ပူပြင်းခြောက်သွေ့သော နွေရာသီနှင့်အတူ ကပ်ရောဂါဘေးကိုပါ ကျော်ဖြတ်နေရစဉ် မိသားစုဝင်များ ကျန်းမာရေးကောင်းမွန်ပြီး အစားစားချင်စိတ်လျော့မသွားစေရေးအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညနေခင်း အဆာပြေ စားစရာနှင့် ညစာတို့ကို အမျိုးမျိုးအဖုံဖုံ စီစဉ်ချက်ပြုတ်ပြီး ဖေ့ဘွတ်ပေါ်တင်ကြရာ လှျာအရသာ ကိုပင်နှိုးဆွနိုင်ပါသည်။ အချို့က စရိတ်စကသက်သာပြီး အလွယ်တကူ ပြင်ဆင်နိုင်သော စားစရာများကို ချက်ကြသည်။ ဥပမာ– ထမင်းသုပ်၊ ဘယာကြော်၊ ပဲကြော်၊ ကြက်သွန်ကြော်၊ အသုပ်စုံ၊ ဟင်းသီးဟင်းရွက်ကြော်၊ သီးစုံချဉ်ဟင်း စသည်တို့ ဖြစ်သည်။ ကြာရှည်ခံသော ငါးခြောက်၊ ပုစွန်ခြောက်၊ ပဲ၊ ကြာဆန်၊ ခေါက်ဆွဲ၊ မှိုခြောက်ပန်းခြောက်၊ ကျောက်ပွင့်နှင့် ဘဲဥ ကြက်ဥ၊ အာလူး တို့ပါဝင်သော ဟင်းစပ်များကိုလည်း တွေ့ရသည်။ အဆာပြေ ညနေစာများအဖြစ် လက်ဖက်ရည်၊ ကော်ဖီ၊ စမူဆာ၊ ပလာတာ၊ သာဂူ၊ မုန့်လုံးရေပေါ် စသော မြန်မာမုန့် အချိုပွဲများအပြင် ထမင်းခြောက်ကြော်ကအစ နှစ်သက်စဖွယ် တွေ့မြင်ရသည်။

အချို့က ကြိုတင်ဝယ်ယူ စုဆောင်းထားသော သားငါး ဟင်းသီးဟင်းရွက်များ အလျှံပယ်ဖြစ်နေသဖြင့် တစ်နေ့လျှင် လေးငါးခြောက်မျိုးထက်မက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကြသည့်အပြင် မည်သို့ မည်ပုံ ပြုလုပ်သည့် နည်းလမ်းများကအစ ဟင်းချက်ပြိုင်ပွဲဝင်နေသကဲ့သို့ ဝေဝေဆာဆာဖော်ပြကြ၊ မတတ်သေးသူက နည်းလမ်းယူကြ ၊ အရသာကို လျှာရည်ယိုအောင် ဖော်ပြကြနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဟင်းချက်နည်းမျိုးစုံ လက်စွမ်းပြကြသည့် အထဲမှာ အမျိုးသမီးများချည်း မဟုတ်၊ အမျိုးသားများလည်း အားကျမခံပါဝင်ကြပါသည်။

**ခန္ဓာကိုယ်အတွက် မှန်ကန်သောအာဟာရဓာတ်**

မည်သို့ပင် ဖြစ်စေ၊ မှန်ကန်သော အာဟာရဓာတ်နှင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အရည်ပမာဏ ပါဝင်ရန် အဓိကအရေးကြီးပါသည်။ အာဟာရဓာတ် ညီညွတ်မျှတသော အစားအစာကို နေ့စဉ်စားသုံးနေသော လူများသည် ကိုယ်ခံအားစနစ် အထူးကြံ့ခိုင်ကောင်းမွန်ကြသောကြောင့် နာတာရှည်ရောဂါများနှင့် ကူးစက်ရောဂါများ ကျရောက်နိုင်စွမ်းနည်းပါးပြီး ကျန်းမာရေးကောင်းမွန်သည့်အခြေအနေတစ်ရပ်ကို ထိန်းသိမ်းထားနိုင်သည်။

ထို့ကြောင့် ခန္ဓာကိုယ်အတွက် နေ့စဉ်လိုအပ်သော ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင်များ၊ သတ္တုဓာတ်များ၊ အင်တီ အောက်ဆီဒင့်များ ပေါ်ကြွယ်ဝသော လတ်ဆတ်သည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို စားသုံးသင့်ပါသည်။ ရေကို လုံလောက်စွာ သောက်ခြင်း၊ သကြား၊ ဆားနှင့် ဆီတို့ကို အနည်းငယ်မျှသာ သုံးစွဲစားသောက်ခြင်းတို့သည် စတေးဟုမ်းကာလမှာ ဖြစ်လာနိုင်သော ကိုယ်အလေးချိန်တိုးခြင်း၊ အဝလွန်ခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချို ရောဂါ နှင့် အချို့သော ကင်ဆာရောဂါများ၏ အန္တရာယ်ကို သိသာစွာ လျော့ကျစေပါသည်။

**(၁) လတ်ဆတ်သော အစားအစာ၊ နည်းလမ်းစဉ် အဆင့်ဆင့်ဖြင့် ပြင်ဆင်ချက်ပြုတ်ထားခြင်း မရှိသော အစားအစာကို နေ့စဉ်စားသုံးပါ။**

✻ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ ပဲမျိုးနွယ်ဝင်အပင်များ၊ ပဲ အမျိုးမျိုး၊ အစေ့အနှံများ ဖြစ်ကြသည့် ပြောင်းဖူး၊ လူး၊ ဆပ်၊ အုတ်၊ ဘာလီ၊ ဂျုံ၊ ဆန်လုံးညို၊ အာလူး၊ ကန်စွန်းဥ၊ ဝဥ တို့နှင့် တိရစ္ဆာန်ထွက် စားသောက်ကုန်များဖြစ်ကြ သည့် အသား၊ ငါး၊ ကြက်ဥ၊ ဘဲ ဥ ၊ နွားနို့ တို့ကို စားသုံးပါ။

✻ လက်ဖက်ရည်ပန်းကန်နှစ်လုံးစာ သစ်သီး (လေးယောက်စာ)၊ လက်ဖက်ရည် ပန်းကန်နှစ်လုံးခွဲစာ ဟင်းသီးဟင်းရွက် (ငါးယောက်စာ)၊ ထမင်း ၁၈၀ ဂရမ်၊ အသားနှင့်ပဲ ၁၆၀ ဂရမ် (အမဲသား၊ ဆိတ်သား၊ ဝက်သား တို့ကို တစ်ပတ် လျှင် ၁–၂ ကြိမ်၊ ကြက်သားကို တစ်ပတ် လျှင် ၂–၃ ကြိမ် စားနိုင်သည်) နေ့စဉ်စားပါ။

✻ အဆာပြေစားစရာအဖြစ် ဆား၊သကြား၊ ဆီ တို့များစွာ ပါဝင်သည့် အစားအစာထက် လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တို့ကို ရွေးချယ်ပါ။

✻ မီးဖြင့် အလွန်အကျွံ ချက်ပြုတ်ထားသော အသီးအနှံနှင့်ဟင်းသီးဟင်းရွက်တို့ကိုရှောင်ပါ။ ဤနည်းလမ်းသည် အရေးကြီးသော ဗီတာမင်များကို ဆုံးရှုံးစေသည်။

✻ ကြာရှည်ခံအောင် ပြုလုပ်ထားသည့် အစားအစာ စည်သွတ်ဘူးများကိုစားလျှင် ဆားနှင့်သကြား ထပ်မထည့်ပါနှင့်။





အာဟာရဖြစ်အောင်စားသုံးသင့်သည့် အစားအစာများ

**(၂) နေ့စဉ်နေ့တိုင်း ရေကို လုံလောက်အောင် သောက်ပါ။**

✻ ရေသည် အသက်ဓာတ်အတွက် မရှိမဖြစ် လိုအပ်သော အရာပင်ဖြစ်သည်။ ခန္ဓာကိုယ်ထဲတွင် ရေ လုံလောက်စွာရှိပါမှ သွေးလှည့်ပတ်မှုစနစ်က အာဟာရဓာတ်များကို သယ်ဆောင်ပေးနိုင်သည်။ ရေကခန္ဓာကိုယ် အပူချိန်ကို ပုံမှန်ဖြစ်အောင် ထိန်းသိမ်းပေးသည်။ အဆိပ်အတောက် အညစ်အကြေးများကို စွန့်ထုတ်ပေးသည်။ အရိုးအဆစ်များ လှုပ်ရှားရာတွင် ချောမွေ့အောင် ရေလိုအပ်ပါသည်။

✻ နေ့စဉ်နေ့တိုင်း ရေရှစ်ခွက်မှ ၁၀ ခွက်အထိ သောက်ပါ။

✻ သန့်ရှင်းသောရေသည် ခန္ဓာကိုယ်အတွက် အကောင်းဆုံးဖြစ်သည်။ သို့သော် အရည်ရွှမ်းသည့် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ နှင့် အသီးဖျော်ရည်၊ အရွက် ဖျော်ရည်များကိုလည်း သောက်နိုင်ပါသည်။ ကော်ဖီ၊ လက်ဖက်ရည်ကို သောက်နိုင်သော်လည်း ကဖင်းဓာတ် မများစေသင့်ပါ။ ပင်ကိုကပင် ချိုလွန်းသော သစ်သီးဖျော်ရည်များ၊ ချိုလွန်းသော သစ်သီးယိုများ၊ အမြှုပ်ထသော ဖျော်ရည်များနှင့် ယမကာအမျိုးမျိုးတို့တွင် သကြားဓာတ်များစွာ ပါဝင်နေ၍ သတိထား သောက်သုံးသင့်ပါသည်။

**(၃) အဆီနှင့် ဆီကို အသင့်အတင့်သာ စားသုံးပါ။**

✻ ငါး၊ ထောပတ်သီး ၊ မြေပဲ၊ သံလွင်ဆီ၊ ပဲငံပြာရည်၊ ဟင်းသီး ဟင်းရွက်ဆီ၊ နှင့် နေကြာဆီ တို့ကဲ့သို့သော မပြည့်ဝဆီများကို အသင့်အတင့် စားသုံး ပါ။ ယင်းသည် ပြည့်ဝဆီများ ဖြစ်သည့် ထောပတ်၊ အဆီများသော အသား၊ အုန်းဆီ၊ မလိုင်၊ ဒိန်ခဲနှင့် ဂီးထောပတ်တို့ကို စားသုံးခြင်းထက် ပိုမိုသင့်လျော် ကောင်းမွန်ပါသည်။

✻ အဆီဓာတ်နည်းသည့် ကြက်သားနှင့်ငါးကို ရွေးချယ်ပါ။ အမဲသား၊ သိုးသားတို့ကဲ့သို့ မချက်မီ နီနေသော အသားများတွင် အဆီများစွာ ပါဝင်သည်။ ဝိုင်အရက်၊ ဒိန်ခဲ၊ ထောပတ်၊ ဟင်းခတ်အမွှေးအကြိုင်အမျိုးမျိုးနှင့် အဆင့်ဆင့် ပြုပြင် ဖန်တီးချက်ပြုတ်ထားသည့် အသားများကို ရှောင်ကြဉ်ပါ။

✻ အဆီနည်းသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို ရွေးချယ်ပါ။

✻ အမြန်စာ၊ အလွယ်စာများ၊ ကွတ်ကီးများ၊ မာဂျရင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

**(၄) ဆားနှင့်သကြားကို လျှော့သုံးပါ။**

✻ အစားအစာများကို ပြင်ဆင်ချက်ပြုတ်ရာတွင် ဆား၊ ပဲငံပြာရည်၊ ငါးငံပြာရည်တို့၏ ပါဝင်မှုအချိုးအဆကို သတိပြုပါ။

✻ နေ့စဉ် စားသုံးသော ဆားပမာဏကို လူတစ်ဦးလျှင် လက်ဖက်ရည်ဇွန်းတစ်ဇွန်းမျှသာ ဖြစ်အောင် ကန့်သတ်ထားပါ။

✻ ဆားနှင့်သကြားများစွာ ပါဝင်သည့် စားစရာများကို ရှောင်ကြဉ်ပါ။

✻ အချိုများသည့် ဖျော်ရည်နှင့်အဖျော်ယမကာများကို ရှောင်ကြဉ်ပါ။

✻ ကွတ်ကီး၊ ကိတ်မုန့်နှင့် ချောကလက်တို့အစား လတ်ဆတ်သော သစ်သီးဝလံကို ရွေးချယ်ပါ။

ဤ လမ်းညွှန်ချက်များသည် ကိုဗစ် – ၁၉ ကပ်ရောဂါကာလတွင် ကိုယ်ခံအားကောင်းမွန်ပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းနေစေရန် စားသုံးသင့်သည့် အစားအစာများ၊ ရှောင်ကြဉ်သင့်သည့် အစားအစာများကို ဖော်ပြထားခြင်း ဖြစ်သည်။

**အိမ်မွေးတိရစ္ဆာန်မှ လူကိုမကူးစက်သေး**

ကိုဗစ် – ၁၉ ရောဂါကို ဖြစ်ပွားစေသော Coronavirus သည် အသစ်ဖြစ်ပြီး ယင်းကို SARS–CoV–2 ဗိုင်းရပ်စ်ဟု အမည်ပေးကြသည်။ Coronavirus အနွယ်များကို နို့တိုက်သတ္တဝါအများစုနှင့်ငှက်များမှာ တွေ့ရပါသည်။ ထိုဗိုင်းရပ်စ်သည် တိရစ္ဆာန်တို့၏ ဆဲလ်မျက်နှာပြင်ပေါ်ရှိ ပရိုတင်း တစ်မျိုးဖြစ်သော ACE2 (Angiotensin –converting enzyme 2) ကို ကြိုက်နှစ်သက်ကြပြီး ဗိုင်းရပ်စ်က အလိုအလျောက် ထိုးဖောက်ဝင်ရောက်သွားနိုင်သဖြင့် လူနှင့်နီးစပ်နေသော တိရစ္ဆာန်များ၏ ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်ဝင်ရောက်သွားလျှင် ဗီဇပြောင်းလဲမှုများ ထပ်မံဖြစ်ပွားပြီး လူတို့ကို ပြန်လည်ကူးစက်နိုင်လေမလားဟု တွေးတောဆင်ခြင်ကာ သိပ္ပံပညာရှင်များက သုတေသနစမ်းသပ်ချက်များစွာ ပြုလုပ်ခဲ့ကြသည်။

ကံကောင်းသည့် အချက်မှာ လူနှင့် လက်ပွန်းတတီးနေသည့် အိမ်မွေးတိရစ္ဆာန်များတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေသည့် လူမှ တိရစ္ဆာန်သို့ ကူးစက်ခြင်း အနည်းငယ်ရှိခဲ့သော်လည်း သူတို့ထံမှ လူကိုပြန်လည်ကူးစက်သည့် အထောက်အထား လုံးဝမရှိသေးခြင်းပင် ဖြစ်သည်။

*စာမျက်နှာ ၁၀ သို့*

> “ပညာရှင်များ၏ သုတေသနပြုလုပ်ချက်များအရ ကြက်၊ ဘဲ၊ ဝက်တို့တွင် ကိုဗစ် – ၁၉ ဗိုင်းရပ်စ်ပွားများလာခြင်း မရှိဟု သိရသော်လည်း ငါး၊ ပုစွန်၊ ကနုကမာ အစရှိသည့် ရေသတ္တဝါများ (အထူးသဖြင့် ကျောပေါ်မှာ ဆူးတောင်ပါသည့် ငါးများ၊ ဆယ်မွန်ငါးများ၊ တီလားပီးယားအပါအဝင် အခြားငါးများ) တွင် ကိုဗစ် – ၁၉ ဗိုင်းရပ်စ် ကျရောက်ခြင်း မရှိသည့်အတွက် ငါး၊ ပုစွန်၊ အခွံမာရေသတ္တဝါများကို စားသုံးခြင်းက ပိုမိုဘေးကင်းလုံခြုံမှုရစေပါသည်”

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

## ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး


ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး


စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုး


တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းအောင်

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုအရေးပေါ်စီမံချက် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ယင်းချေးငွေရယူနိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး လွှတ်တော်က သဘောတူကြောင်းကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏ သဘောထားရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြ၍ ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်၏သဘောထား ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခေါ်) ဦးမောင်စိုး တို့က ဆွေးနွေးကြသည်။

### ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘော အပါအဝင် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းအောင်က သုံးငွေများကို စီမံခန့်ခွဲရာတွင် ယခုရေးဆွဲသည့် ပြဋ္ဌာန်းချက်များအပြင် ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းလုပ်ငန်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုများသည် လုပ်ဆောင်နိုင်စွမ်းနှင့် ပြီးမြောက်နိုင်စွမ်းများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ၎င်းလုပ်ဆောင်နိုင်သည့် စွမ်းရည်များ၊ ရလဒ်များကို အပြန်အလှန်စီမံကြီးကြပ်နိုင်သည့် စိစစ်ရေးလုပ်ငန်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အသေးစိတ်ချမှတ်ထားရန်လည်းလိုအပ်ပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို က လက်ရှိ ကမ္ဘာ့ကပ်ရောဂါဘေးကြောင့် နိုင်ငံအတွင်း နိုင်ငံတော်နှင့် ပုဂ္ဂလိက ကဏ္ဍများအားလုံး စီးပွားရေးကျဆင်းနေသောကြောင့် နိုင်ငံ၏ အခွန်အကောက်ရငွေ ရရှိနိုင်မှုအလားအလာနည်းပါးနိုင်ပါကြောင်း၊ ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ကောက်ခံသည့်အခါ နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကိုထိခိုက်စေနိုင်သည့် လုပ်ဆောင်မှုများ မဖြစ်ပေါ်စေရေးအတွက် အခွန်ကောက်ခံသူများကို တိကျသည့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးရန်လိုအပ်မည်ဟု အကြံပြုလိုပါကြောင်း၊ လက်ရှိ လောင်စာဆီဈေးနှုန်းသည်လည်း ဘတ်ဂျက်ရေးဆွဲစဉ်က တွက်ချက်ထားသည့် နှုန်းထက် လက်ရှိတွင် ထက်ဝက်ကျော် ကျဆင်းနေသောကြောင့် ထိုအသုံးစရိတ်များကိုလည်း ပြန်လည်စိစစ်ခွင့်ပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း က ၂၀၁၉ – ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ယခုလတွင် အတည်ပြုပြီးပါက နောက်လတွင် မိုးရာသီကာလသို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ် ၁၀ သန်းနှင့်အထက် လုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် အချိန်မီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ အလုပ်သမားအခက်အခဲများရှိနေချိန်၊ ပစ္စည်းဝယ်ယူသုံးစွဲမှု၊ သယ်ယူပို့ဆောင်မှု၊ လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများရှိနေချိန်တွင် လုပ်ငန်းအချိန်မီပြီးစီးစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေကို ထိရောက်အကျိုးရှိစွာ သုံးစွဲရန်မှာ ကြီးမားသောစိန်ခေါ်မှုဖြစ်ပြီး မှန်ကန်စွာ စီမံခန့်ခွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာငွေကို ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များ၊ အမိန့်၊ ညွှန်ကြားချက်များအနက်မှ လုပ်ငန်းနှောင့်နှေးစေသော အချက်များ၊ ဗဟိုချုပ်ကိုင်မှု လွန်ကဲနေသည့် အချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လိုအပ်သလို ဖြေလျှော့ဆောင်ရွက်သင့်ပါကြောင်း၊ ယင်းသို့ဖြေလျှော့ပေးသကဲ့သို့ တစ်ဖက်တွင်လည်း ဘတ်ဂျက်အလွဲသုံးစားလုပ်မှုများကိုလည်း ထိရောက်ပြင်းထန်သည့် အရေးယူဆောင်ရွက်ချက်မျိုး လုပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင် က မိမိတို့မြန်မာနိုင်ငံအနေဖြင့် လိုငွေ ပြဘတ်ဂျက်နှင့် တိုင်းပြည်တည်ဆောက်နေရပြီး ဘတ်ဂျက်လိုငွေကိုလည်း ပြည်တွင်း ပြည်ပချေးငွေများရယူ၍ ဖြည့်ဆည်းနေရသည့်အချိန်တွင် မလိုလားအပ်ဘဲ ဘတ်ဂျက်လိုငွေပိုမိုများပြားစေသည့် ဖြစ်စဉ်များကို ကုစားနိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲခြင်းနှင့် နိုင်ငံတော်ပိုင်စီးပွားရေးများ ပြုပြင်ပြောင်းလဲခြင်းကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အချိန်ကျရောက်ပြီဖြစ်သည်ကို တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ရွာသာ မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဟန်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်ထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန့်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်မျိုး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်ဝင်းသီရိဆွေ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းနှင့် မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာ မေဝင်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

### နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏ လိုငွေအားဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နိုင်ငံတော်၏ လိုငွေအားဖြည့်ဆည်းရန်အတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ထံမှ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သောင်းစိန် က ယခုလိုအချိန်တွင်နိုင်ငံတကာချေးငွေ၏အကူအညီလိုအပ်သည်မှာ မှန်ပါကြောင်း၊ ယခုအပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ချေးငွေသည်လည်း နိုင်ငံအကျပ်အတည်းဖြစ်နေချိန်တွင် လိုအပ်နေခြင်းဖြစ်ပြီး ယင်းချေးငွေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးစသည်များကို ပြန်လည်နာလန်ထူရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော် ယင်းချေးငွေကို မည်သို့သုံး၍ မည်သို့ စီမံခန့်ခွဲမည်နှင့် မည်သို့ ပြန်စစ်ဆေး၍ မည်သည့် ဝန်ကြီးဌာနများက Focal ဖြစ်မည် စသည့် အသေးစိတ် အစီအမံများရှိရမည်ဖြစ်ပါကြောင်း၊ COVID–19 Economic Relief Plan (CERP) အတိုင်း ဆောင်ရွက်မည်ဟုဆိုသော်လည်း ရေတို၊ ရေရှည်အသေးစိတ်အစီအမံများ ဖော်ပြပေးရန်လိုအပ်ပါကြောင်း ထောက်ပြဆွေးနွေးသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို က ယခုချေးငွေသည် နိုင်ငံခြားသီးသန့်ရန်ပုံငွေ မလုံလောက်မှုနှင့် နိုင်ငံတကာငွေပေးငွေယူရှင်းတမ်းလိုငွေပြမှုများကို အထောက်အကူပြုရန် အဓိကဖြစ်ပါကြောင်း၊ သို့သော် ယခုကဲ့သို့သော COVID–19 သက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်နေသည့် ကာလတွင် နိုင်ငံသားများ၏ ကျန်းမာရေး လုံခြုံစိတ်ချရမှုဆောင်ရွက်နိုင်ရန် ကျန်းမာရေးအသုံးစရိတ်တိုးမြှင့်ခြင်း၊ နိုင်ငံသားများအတွက် အထောက်အပံ့ပေးခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးငွေပံ့ပိုးပေးခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေမည့် အခြေခံအဆောက်အဦများ တည်ဆောက်ခြင်း စသည့် အသုံးစရိတ်များကြောင့်ဖြစ်ပေါ်လာမည့် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် ရည်ရွယ်၍ ပေးအပ်လာခြင်းဖြစ်ပါကြောင်း။

အခြားစီမံကိန်းချေးငွေများကဲ့သို့ သတ်မှတ်ထားသည့် စီမံကိန်းတစ်ခုအတွက်သာ ဆောင်ရွက်ရန်မဟုတ်ဘဲ COVID –19 ကာလ ကပ်ရောဂါမှ လွန်မြောက်ပြီး စီးပွားရေးပြန်လည် လည်ပတ်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်မည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအသုံးစရိတ်များအတွက် ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းပေးရန်ဖြစ်ခြင်းကြောင့် ချေးငွေအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး က အစိုးရတစ်ရပ်၏ စီးပွားရေးမူဝါဒ၊ လုပ်ငန်းစဉ်နှင့် စွမ်းဆောင်မှုများသည် ပြည်သူများ၏ အနာဂတ်လူမှုစီးပွားကံကြမ္မာကို အဆုံးအဖြတ်ပေးလိမ့်မည်ဟု ကမ္ဘာ့ဘောဂဗေဒပညာရှင်များက သုံးသပ်ထားပါကြောင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ခြင်းမရှိပါက အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်များ ကမောက်ကမဖြစ်ကာ ထိရောက်မှုအားနည်းပြီး ဆုံးရှုံးမှုများ ကြုံတွေ့နိုင်ပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းရန် ပြည်ပချေးငွေများရယူ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရေးနှင့် အလေအလွင့်မရှိအောင် သုံးစွဲရေးတို့ကို စဉ်ဆက်မပြတ်စောင့်ကြည့် ကြပ်မတ်သွားရန် လိုအပ်ပါကြောင်းနှင့် ကြိုတင်စီမံမှုများ စနစ်တကျရေးဆွဲကာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါ်သိမ့်သိင်္ဂီထွေးအောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်ကို၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး အောင်နိုင်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးမြင့်နိုင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ) တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် မေ ၂၂**
တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ လတ်တလောဖြစ်ပေါ်နေသည့် အကြောင်းအရာများ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တပ်မတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(ယာပုံ)**

ရှေးဦးစွာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက တပ်မတော်အနေဖြင့် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်" တစ်စောင်ကို မေ ၉ ရက်တွင် ထုတ်ပြန်ခဲ့မှု၊ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများနှင့် ပလက်ဝဒေသတွင် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိပြီး AA အကြမ်းဖက်သောင်းကျန်းသူများက ပလက်ဝဒေသ၏ ရေလမ်း၊ ကုန်းလမ်း ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ထားသဖြင့် တပ်မတော်မှ ဒေသခံပြည်သူများလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးနှင့် စားနပ်ရိက္ခာများ၊ ဆေးဝါးများပို့ဆောင်ပေးခဲ့မှု၊ ထိုသို့ ပို့ဆောင်စဉ် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် WFP မှ မော်တော်ယာဉ်အချို့ ထိမှန်ပျက်စီးခဲ့ပြီး ယာဉ်မောင်းတစ်ဦး ဒဏ်ရာရရှိခဲ့မှု။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် တပ်မတော်သားအားလုံး၏ လုပ်ခလစာငွေများမှ လှူဒါန်းရရှိငွေများဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြု ဆေးရုံသုံးပစ္စည်းများကို တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ပြည်သူ့ဆေးရုံသို့ လှူဒါန်းလျက်ရှိသည့် အခြေအနေ၊ ဒေသခံပြည်သူများအပြင် UWSA (ဝ)အဖွဲ့နှင့် KIO/KIA အဖွဲ့များအား သွားရောက်ပေးပို့လှူဒါန်းခဲ့သည့် အခြေအနေနှင့် ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံသို့လည်း ဆက်လက်ထောက်ပံ့ ပို့ဆောင်လှူဒါန်းပေးသွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်တွင်ပါဝင်သည့် ရောဂါကင်းဝေးကျန်းမာရေး သင်ခန်းစာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆယ်ကျော်သက်ရွယ်များ ပေါင်းသင်းဆက်ဆံရေးသင်ခန်းစာတို့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် မေ ၂၂**
သင်ရိုးသစ် ဒသမတန်း (Grade-10) ဘဝတွက်တာကျွမ်းကျင်စရာ (Life Skills) ဘာသာရပ်တွင်ပါဝင်သည့် ရောဂါကင်းဝေးကျန်းမာရေးသင်ခန်းစာနှင့် မျိုးဆက်ပွားကျန်းမာရေး (Reproductive Health)နှင့် ဆယ်ကျော်သက်အရွယ်များ ပေါင်းသင်းဆက်ဆံရေး သင်ခန်းစာတို့နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**ပေါင်းသင်းဆက်ဆံရေးသင်ခန်းစာဖြစ်**

သတင်းစာရှင်းလင်းပွဲတွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုးသစ်စာအုပ်တွင် ဆရာကိုင်စာအုပ်နှင့် ကျောင်းသားကိုင်စာအုပ်ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဘာသာရပ်နှင့်ပတ်သက်၍ သင်ယူမှု ဧရိယာလေးခု၊ အခန်းကြီး (၈)ခန်း ရှိပါကြောင်း၊ အခန်း(၄)သည် ရောဂါကင်းဝေးကျန်းမာရေးသင်ခန်းစာဖြစ်ပြီး အခန်း(၅)သည် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆယ်ကျော်သက်အရွယ် ပေါင်းသင်းဆက်ဆံရေးသင်ခန်းစာဖြစ်ပါကြောင်း၊ အဆိုပါသင်ခန်းစာများတွင် ဖြစ်ရပ်အချို့ ထည့်သွင်းထားပါကြောင်း၊ ထိုဖြစ်ရပ်များကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ဘာသာရေးအရတားမြစ်ချက်များ၊ လူမှုရေးစံနှုန်းများအရ သင်ကြားပေးရန် မသင့်သည့် အကြံပြုချက်များနှင့် ကန့်ကွက်ချက်များ၊ လူမှုကွန်ရက်စာမျက်နှာများတွင် ပြစ်တင်ဝေဖန်မှုများ ရေးသားဖော်ပြလျက်ရှိနေကြပါကြောင်း။

**အခြေခံပညာတွင် စတင်သင်ကြားခဲ့**

ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ၁၉၉၈ မတိုင်မီက SHAPE ပရိုဂရမ်ဖြင့် အခြေခံပညာတွင် စတင်သင်ကြားခဲ့ပါကြောင်း၊ ၁၉၉၈ နောက်ပိုင်းတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ သင်ရိုးညွှန်းတမ်းများကို ပြုပြင်လိုက်သည့်အတွက် တွဲဖက်သင်ရိုးဝင် ဘာသာရပ်အနေဖြင့် ၂၀၁၆ ခုနှစ်ထိ သင်ကြားခဲ့ပါကြောင်း၊ ယခုနှစ်သင်ရိုးသစ်တွင် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ကို သင်ကြားနိုင်ရန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ သင်ရိုးနှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းဗဟိုအဖွဲ့၊ ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီ၊ ပြည်တွင်းအကြံပေးပညာရှင်များ၊ နိုင်ငံတကာအကြံပေးပညာရှင်များ၊ အခြေခံပညာ ဆရာ ဆရာမများ ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် သင်ရိုးစာအုပ်များကို ရိုက်နှိပ်ခဲ့ပါကြောင်း၊ ကျွမ်းကျင်မှုကိုအခြေပြုသည့် သင်ရိုးဖြစ်သည့်အတွက် ဖြစ်ရပ်များကို ဖော်ပြပေးရပါကြောင်း၊ ဝေဖန်သုံးသပ်ကြသည့်အခါ ဆရာကိုင်နှင့် ကျောင်းသားကိုင်စာအုပ်များကို ဖတ်ရှုလေ့လာကြစေလိုပါကြောင်း၊ ပြုပြင်ဆောင်ရွက်စရာရှိသည်များကို ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အခြေခံကျွမ်းကျင်မှုများကို သင်ကြား**

ဆက်လက်၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက မြန်မာနိုင်ငံတွင် ဘဝတွက်တာကျွမ်းကျင်စရာဘာသာရပ်ကို ၁၉၉၈ ခုနှစ် ပညာရေးမြှင့်တင်မှုအစီအစဉ်အရ အခြေခံပညာအဆင့်မှ စတင်ထည့်သွင်းသင်ကြားခဲ့ပါကြောင်း၊ သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်ရာတွင် အသက်အရွယ်အလိုက် လူမှုဘဝတွင် လိုက်လျောညီထွေ နေထိုင်တတ်စေမည့် အခြေခံကျွမ်းကျင်မှုများကို သင်ကြားလေ့ကျင့်ပေးသွားနိုင်ရန် ဖြစ်ပါကြောင်း၊ ၂၀၀၃ - ၂၀၀၄ ခုနှစ်တွင် UNICEF ၏ နည်းပညာအကူအညီဖြင့် ပြန်လည်ပြုစု၍ တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် သင်ကြားခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှစ၍ ယခုသင်ရိုးသစ်များအတွက် ဘာသာရပ်သင်ရိုးညွှန်းတမ်းကော်မတီတွင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဆက်စပ်ဦးစီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ၊ ပညာရေးကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများပါဝင်ကြပါကြောင်း၊ ယခင်က UNICEF အကူအညီဖြင့် ထုတ်ဝေခဲ့သည့် ဘဝတွက်တာကျွမ်းကျင်စရာစာအုပ်များပါ အချက်အလက်များကို အခြေခံ၍ သင်ကြားသင်ယူမှု မျှော်မှန်းချက်များ၊ ရလဒ်များနှင့် ကိုက်ညီအောင် သင်ခန်းစာများကို တည်းဖြတ်ပြင်ဆင်ပြုစုခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စာရင်းအရ အကြောင်းအမျိုးမျိုးကြောင့် သက်ငယ်အမှုဖြစ်ပွားမှုသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ၉၂၄ မှု ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါကြောင်း။

**ပြန်လည်သုံးသပ်စိစစ်ဆောင်ရွက်လျက်ရှိ**

နည်းပညာခေတ်တွင် သတင်းအချက်အလက်များနှင့် အဖြစ်အပျက်များကို လူတိုင်း အလွယ်တကူ လက်လှမ်းမီဖြစ်လာသည့်အတွက် သတင်းအချက်အလက်နည်းပညာနှင့် လူမှုကွန်ရက်များ၏ အကျိုးဆက်အဖြစ် ကျောင်းသား ကျောင်းသူများ ငယ်ရွယ်နုနယ်သည့်အချိန်တွင် လက်ကိုင်ဖုန်း၊ ကွန်ပျူတာစသည်တို့ဖြင့် မမြင်သင့်၊ မကြားသင့်သည်များကို မြင်နိုင်ကြားနိုင်ရန် နီးစပ်မှုရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ခေတ်မီတိုးတက်လာသည့် သတင်းအချက်အလက်နည်းပညာများကို မှန်မှန်ကန်ကန်သုံးသပ်ပြီး အမှားအမှန်ခွဲခြားသင်ယူတတ်စေရေးအတွက် လက်တွေ့ကျကျပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်ရိုးသစ်ကျောင်းသုံးဖတ်စာအုပ်များကို ပြုစုရာတွင် အဓိကအားဖြင့် ကောင်းမွန်အကျိုးရှိသည်များကို သင်ယူစေပြီး ကျောင်းသား ကျောင်းသူများ၏ ဘဝကာကွယ်ပေးရန်နှင့် လူမှုဘဝမြှင့်တင်စေလိုသောကြောင့် ယခင်သင်ခန်းစာများကို အတတ်နိုင်ဆုံး တည်းဖြတ်ခြင်း၊ ၂၁ ရာစုကျွမ်းကျင်မှုများ ရရှိလာစေရန်ပြင်ဆင်ခြင်း၊ မြန်မာယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်စေရန် တည်းဖြတ်ပြင်ဆင်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပိုမိုအကျိုးရှိထိရောက်စေရေးအတွက် ပြည်သူများ၏အသံကိုနားထောင်၍ ပြန်လည်သုံးသပ် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုသင်ရိုးသစ် ဒသမတန်း(Grade-10) ဘဝတွက်တာကျွမ်းကျင်စရာ(Life Skills) ဘာသာရပ်တွင် ပါဝင်သည့် ရောဂါကင်းဝေး ကျန်းမာရေးသင်ခန်းစာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆယ်ကျော်သက်အရွယ်များ ပေါင်းသင်းဆက်ဆံရေး သင်ခန်းစာများနှင့်ပတ်သက်၍ ပြည်သူများ၏ စိုးရိမ်မှုများကို ကြားသိရပါကြောင်း၊ ပြည်သူ့အသံ ပြည်သူ့သဘောထားများကို အလေးထားနားထောင်လျက်ရှိပါကြောင်း၊ အဆိုပါသင်ခန်းစာများတွင် ပါရှိသည့် အသုံးအနှုန်းများကို မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့နှင့် ညှိနှိုင်း၍ ပြန်လည်သုံးသပ်စိစစ်ကာ ပြင်ဆင်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ သိရှိလိုသည့်မေးမြန်းချက်များကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဝင် ဦးတင်လှိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဒေါက်တာတင်မောင်ဝင်း၊ ဒေါက်တာ ဇော်လတ်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာငွေးငွေးဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



**သတင်းစဉ်**

# အမေရိကန်က လှူဒါန်းလိုက်သော အသက်ရှူအထောက်အကူပြုကိရိယာများ ရုရှားနိုင်ငံသို့ ရောက်ရှိ

မော်စကို မေ ၂၂

**အမေရိကန်က လှူဒါန်းလိုက်သော အသက်ရှူအထောက်အကူပြုကိရိယာများ သယ်ဆောင်လာသော အမေရိကန်လေတပ်မှ ကုန်တင်လေယာဉ်တစ်စင်းသည် မေ ၂၁ ရက်က ရုရှားနိုင်ငံ မော်စကိုသို့ ဆိုက်ရောက်လာခဲ့ကြောင်းနှင့် တန်ဖိုးရှိလှသော ယင်းပစ္စည်းများကို ကိုဗစ်-၁၉ လူနာများကုသနေသော ဆေးရုံတစ်ရုံသို့ ပေးပို့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လှူဒါန်းမှုတစ်ခုအနေဖြင့် ရုရှားနိုင်ငံကို အမေရိကန်ထုတ်အသက်ရှူအထောက်အကူပြုကိရိယာ ၂၀၀ ပို့ဆောင်ရန်ရှိသည့်အနက် ပထမဆုံးအသုတ်အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ သန်းတန်ဖိုးရှိအသက်ရှူအထောက်အကူပြုကိရိယာ ၅၀ ကို ပေးပို့လှူဒါန်းခဲ့ကြောင်း မော်စကိုရှိအမေရိကန်သံရုံးက ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ဖော်ပြလိုက်သည်။

သံရုံးပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ရေဗက်ကာရော့စ်က အမေရိကန်လေတပ်ကုန်တင်လေယာဉ်တစ်စင်း ရုရှားနိုင်ငံမြို့တော် ဗနူကိုဗိုလေဆိပ်သို့ ရောက်ရှိပြီးနောက် အဆိုပါလေယာဉ်ပုံကို အွန်လိုင်းတွင် ဖော်ပြခဲ့သည်။

ကပ်ရောဂါအကျပ်အတည်း ဖြစ်ပေါ်နေသည့်အချိန်တွင် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ပြည်သူများ၏အသက်များကို ကယ်တင်နိုင်ရန် အတူတကွကြိုးစားဆောင်ရွက်နေကြောင်း သံရုံးပြောခွင့်ရပုဂ္ဂိုလ် ရေဗက်ကာရော့စ်က ပြောကြားလိုက်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာကာရိုဗာက ကျန်ရှိနေသော အသက်ရှူအထောက်အကူပြုကိရိယာများသည် ရှေ့တစ်ပတ်လောက်တွင် ရောက်ရှိမည်ဟု ခန့်မှန်းရကြောင်း ပြောကြားလိုက်သည်။

မေလ ၂၁ ရက်ပထမအသုတ် ပေးပို့လှူဒါန်းလိုက်သော အသက်ရှူအထောက်အကူပြုကိရိယာများကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ပီရိုဂေါ့ဗ်အမျိုးသားဆေးဘက်ဆိုင်ရာနှင့် ခွဲစိတ်ဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားအသက်ရှူအထောက်အကူပြု ကိရိယာများကို နယူးယောက်သို့ ဧပြီ ၁ ရက်က ပေးပို့လိုက်ပြီးနောက် ယခုလို အမေရိကန်က လှူဒါန်းမှုပြုလုပ်လိုက်ခြင်း ဖြစ်သည်။

မေ ၁၂ ရက်က စိန့်ပီတာစ်ဘာ့ဂ်ဆေးရုံတွင် ကိုဗစ်-၁၉ ကြောင့် ငါးဦးသေဆုံးခဲ့ပြီး မေ ၉ ရက်က မော်စကိုဆေးရုံတွင် လူတစ်ဦးသေဆုံးခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွင် ရုရှားနိုင်ငံသည် အမေရိကန်ပြီးလျှင် ဒုတိယနေရာက ရပ်တည်လျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၃၁၇၅၅၄ ဦးအထိရှိပြီး သေဆုံးသူ ၃၀၀၀ ကျော်လာပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



ပထမအသုတ်အနေဖြင့် အမေရိကန်က လှူဒါန်းလိုက်သော အသက်ရှူအထောက်အကူပြုကိရိယာ ၅၀ ခန့် တင်ဆောင်လာသော အမေရိကန်လေတပ်မှ စီ-၁၇ ကုန်တင်လေယာဉ်ကြီး ဗနူကိုဗိုအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

# ဒိန်းမတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု နှေးကွေးလာသဖြင့် ကျောင်းသားများကျောင်းပြန်တက်

**ကိုပင်ဟေဂင် မေ ၂၂**

ကိုဗစ်-၁၉ ပျံ့နှံ့ကူးစက်မှုလျော့နည်းလာပြီဖြစ်သလို ဒိန်းမတ်နိုင်ငံရှိ အထက်တန်း ကျောင်းသားများလည်း စာသင်ခန်းများသို့ ပြန်လည်သွားရောက်နေပြီဖြစ်သည်။ ထို့အတူ အလယ်တန်းကျောင်းသားများလည်း ယခုသီတင်းပတ်တွင် ကျောင်းပြန်တက်နိုင်မည်ဖြစ်သည်။ ဒိန်းမတ်ကျန်းမာရေး အေဂျင်စီက မေ ၁၈ ရက်ကူးစက်မှုအသစ်နှုန်းသည် ၀ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး မေ ၇ ရက်ကူးစက်နှုန်းဖြစ်သည့် ၀ ဒသမ ၇ ရာခိုင်နှုန်းဖြင့်နှိုင်းယှဉ်လျှင် နည်းလာကြောင်း ပြောသည်။

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှု နှေးကွေးသွားချိန်တွင် ဒိန်းမတ်နိုင်ငံသည် အသွားအလာကန့်သတ်ပိတ်ဆို့မှုမှ လွတ်မြောက်အောင်အရှိန်မြှင့်တင်လုပ်ဆောင်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ပြတိုက်နှင့် တိရစ္ဆာန်ရုံများကိုလည်း ပြန်လည်ဖွင့်လှစ်ပေးနေပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားလိုက်သည်။

ကနဦးအစီအစဉ်အရ ဒိန်းမတ်နိုင်ငံသည် ပြတိုက်များ၊ တိရစ္ဆာန်ရုံများ၊ ပြဇာတ်ရုံများ၊ ရုပ်ရှင်ရုံများနှင့် အလားတူ ဆွဲဆောင်ဖွယ်နေရာများကို ဇွန် ၈ ရက်အထိပိတ်ထားရန်ဖြစ်သည်။ သို့သော်လည်း မေ ၂၀ ရက်နှောင်းပိုင်း လွှတ်တော်၏ သဘောတူညီချက်ကြောင့် အဆိုပါနေရာများကိုပြန်လည်ဖွင့်လှစ်ရန် ချက်ချင်းဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

" ဒါဟာလုံးဝကို ပျော်ရွှင်မှုပါပဲ၊ ငါတို့စနိုင်ပြီ" ဟု ဒိန်းမတ်နိုင်ငံသဘာဝသမိုင်းပြတိုက်၏ ညွှန်ကြားရေးမှူး ပီတာကဂျာကာ့တ်က ပြောသည်။ ၎င်းအနေဖြင့် ပြတိုက်၏ ဒိုင်နိုဆောအသစ်များကို ပြသနိုင်တော့မည့်အပေါ် စိတ်လှုပ်ရှားမိကြောင်း ပြောသည်။ သို့သော်လည်း ပြတိုက်အားလုံးကို ပြန်လည်ဖွင့်လှစ်ခွင့်မပေးထားသေးကြောင်းသိရသည်။ အချို့ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာသူများကို ရှေ့သီတင်းပတ်တွင် စတင်လက်ခံနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

လွှတ်တော်တွင် သဘောတူညီခဲ့သော သဘောတူညီချက်အရ ဒိန်းမတ်နိုင်ငံ၏နယ်စပ်ကို ဆက်လက်ပိတ်ထားဦးမည်ဖြစ်သည်။ သို့သော်လည်း ရှေ့သီတင်းပတ်မှစတင်ကာ ဒိန်းမတ်နိုင်ငံတွင်းသို့ ခရီးသွားလာခွင့်ပြုမည့် စာရင်းများကို ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ထပ်မံတိုးချဲ့ပေးမည့် စာရင်းတွင် စကင်ဒီနေဗီးယားနိုင်ငံများဖြစ်သော ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ်၊ ဖင်လန်၊ အိုက်စလန် စသည့်နိုင်ငံများနှင့် ဂျာမနီနိုင်ငံတို့ ပါဝင်မည်ဖြစ်သည်။

**အေအက်ဖ်ပီ**



မေ ၁၅ ရက်က ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကြားက ကျောင်းသား ကျောင်းသူများ ဒိန်းမတ်နိုင်ငံ မြို့တော်ကိုပင်ဟေဂင်ရှိ အားကစားရုံတွင် လူမှုဝေးကွာမှုကို လိုက်နာပြီး သင်တန်းတက်နေစဉ်။

## မြို့တော်တိုကျိုတွင် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရန် တိုကျိုအုပ်ချုပ်ရေးမှူးက ဗဟိုအစိုးရကို တောင်းဆို

**တိုကျို မေ ၂၂**

ကိုဗစ်-၁၉ ကူးစက်မှုဆိုင်ရာဒုတိယလှိုင်း ပြန်လည်မရိုက်ခတ်မီ ကြိုတင်ပြီး မြို့တော်တိုကျိုတွင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ မြှင့်တင်ပေးရန် တိုကျိုအုပ်ချုပ်ရေးမှူးက ဗဟိုအစိုးရကို တောင်းဆိုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တိုကျိုအုပ်ချုပ်ရေးမှူး ကိုအီခဲယူရီကိုသည် စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးဝန်ကြီး နီရှီမူရာယာဆူတိုရှီနှင့် မေ ၂၂ ရက်က တွေ့ဆုံခဲ့သည်။

နီရှီမူရာယာဆူတိုရှီသည် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို တုံ့ပြန်ရာတွင်အဓိကတာဝန်ရှိသူတစ်ဦးဖြစ်သည်။

ဂျပန်အစိုးရသည် နိုင်ငံတော်အရေးပေါ်အခြေအနေကို တနင်္လာနေ့တွင် ရုပ်သိမ်းလျှင်ကောင်းမည်လား၊ မကောင်းဘူးလားဆိုသည်ကို စဉ်းစားဆုံးဖြတ်နေကြောင်း သိရသည်။ နိုင်ငံတော်အရေးပေါ်အခြေအနေကို ယခင်က မေ ၃၁ ရက်အထိ ပြဋ္ဌာန်းရန် စီစဉ်ထားခဲ့သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေကို ဂျပန်နိုင်ငံ၏ ခရိုင်အတော်များများတွင် ဖယ်ရှားပေးပြီးဖြစ်သော်လည်း တိုကျိုနှင့် ဟော့ကိုင်းဒိုးအပါအဝင် ခရိုင်ငါးခုတွင် ဆက်လက်ထားရှိလျက်ရှိသည်။

ကိုအီခဲသည် မျှော်မှန်းထားသောလှုပ်ရှားဆောင်ရွက်မှုများ မစတင်မီ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။ ကိုအီခဲက တိုကျိုမြို့၏ ဆေးဘက်ဆိုင်ရာပြင်ဆင်ဆောင်ရွက်မှုများတွင် ကူညီပေးရန် နီရှီမူရာအား တောင်းဆိုလိုက်သည်။

ထို့အပြင် ကိုအီခဲက စီးပွားရေးသမားများကို ထောက်ပံ့ငွေများချေးပေးခြင်းကဲ့သို့သော စီးပွားရေးဆိုင်ရာဆောင်ရွက်ချက်များ အရှိန်မြှင့်တင်ဆောင်ရွက်ရန် အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်က အစ္စရေးအပေါ် ခြိမ်းခြောက်မှုကို ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒအကြီးအကဲ ပြစ်တင်ရှုတ်ချ

**ဘရပ်ဆဲလ် မေ ၂၂**

ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်ဖြစ်သူ ဂျိုးဆက်ပ်ဘောရယ်က အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီ၏ အစ္စရေးကို ခြိမ်းခြောက်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေခြင်း ဖြစ်သည်ဟု ဆိုကာ မေ ၂၁ ရက်က ပြောကြားလိုက်သည်။

ခါမေနီ၏မှတ်ချက်ပြု ပြောစကားက မီးပွားပမာ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို စိတ်ဆိုးဒေါသထွက်သည့်တုံ့ပြန်မှုများ ဖြစ်ပေါ်စေပြီးနောက် ဂျိုးဆက်ပ်ဘောရယ်က တွစ်တာတွင် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ခါမေနီ၏ အစ္စရေးအပေါ် ခြိမ်းခြောက်မှုအပေါ် မိမိအနေဖြင့် အပြင်းအထန် ပြစ်တင်ရှုတ်ချကြောင်း ဘောရယ်က တွစ်တာတွင် ဆက်လက်ရေးသားထားသည်။ ယခုကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်သည့် ကိစ္စဖြစ်ကြောင်း၊ အစ္စရေးနိုင်ငံ၏ လုံခြုံဘေးကင်းရေးသည်အရေးကြီးကြောင်းနှင့် ဥရောပသမဂ္ဂအနေဖြင့် အစ္စရေးဘက်တွင် အမြဲတမ်းရပ်တည်သွားမည် ဖြစ်ကြောင်း ဂျိုးဆက်ပ်ဘောရယ်က ကြေညာလိုက်သည်။

ခါမေနီ၏ မေ ၂၀ ရက်ကတွစ်တာပေါ်တွင် ရေးသားထားသောမှတ်ချက်စကားအပေါ် ဂျိုးဆက်ပ်ဘောရယ်က ပါရှားဘာသာစကား (ဖာစီ)၊ အင်္ဂလိပ်နှင့် အာရေဗျဘာသာစကားများဖြင့် ပြန်လည်တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ ဂျူးဝါဒကိုနှိမ်နင်းလိုက်ခြင်းသည် ဂျူးများကို နှိမ်နင်းခြင်း မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ဂျူးများကို မဆန့်ကျင်ကြောင်း၊ ခါမေနီက ပြောကြားလိုက်သလို သူ့အနေဖြင့် နေတန်ယာဟုကဲ့သို့ လူမျိုးကို သာဖယ်ရှားလိုခြင်း ဖြစ်ကြောင်း ဆက်လက် ပြောကြားလိုက်သည်။ ထို့အပြင် မည်သည့်နိုင်ငံ မည်သည့်အုပ်စုက ဂျူးဝါဒကို ဆန့်ကျင်တိုက်ဖျက်သည် ဖြစ်ပါစေ မိမိအနေဖြင့် ကူညီရန် အဆင်သင့်ရှိကြောင်းလည်း ခါမေနီက ပြောသည်။

ခါမေနီ၏ မှတ်ချက်စကားအပေါ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြစ်တင်ရှုတ်ချလိုက်သလို နေတန်ယာဟုကလည်း ပြန်လည်ခြိမ်းခြောက် ပြောကြားလိုက်ကြောင်း သိရသည်။ အစ္စရေးကို ခြိမ်းခြောက်သည့် မည်သည့်အစိုးရမဆို အလားတူ ဒုက္ခများပြန်လည်ခံစားစေရမည်ဟု နေတန်ယာဟုကလည်း တွစ်တာပေါ်တွင် ပြန်လည်ရေးသားလိုက်သည်။ **အေအက်ဖ်ပီ**



ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲနှင့် အဆင့်မြင့် ကိုယ်စားလှယ် ဂျိုးဆက်ပ်ဘောရယ်။

# ဖခင်ကို သတ်ခဲ့သူများအား ခွင့်လွှတ်သည်ဟု ဆော်ဒီဂျာနယ်လစ် ခါရှော့ဂျီ၏ သားများပြော

**ရီယာ့ဒ် မေ ၂၂**

အသတ်ခံရသူ ဆော်ဒီဂျာနယ်လစ် ခါရှော့ဂျီ၏ သားများက ၎င်းတို့၏ ဖခင်ကို သတ်ခဲ့သူများအား ခွင့်လွှတ်သည်ဟု မေ ၂၂ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါပြောဆိုမှုကြောင့် သေဒဏ်စာရင်းတွင်ရှိသည့် လူငါးဦးအတွက် အကျိုးရှိသည့် သက်သာခွင့်ရရှိနိုင်ကြောင်း လေ့လာသူများက ပြောသည်။

ခါရှော့ဂျီသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းက တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ ကောင်စစ်ဝန်ရုံးအတွင်း အသတ်ခံခဲ့ရသူဖြစ်သည်။ ၎င်းမိသားစု၏ ခွင့်လွှတ်မှုကြောင့် သေဒဏ်ပေးခံထားရသည့် လူငါးဦးအတွက် လွတ်ငြိမ်းချမ်းသာခွင့် ဖြစ်လာနိုင်သည်။

ဂျမားလ်ခါရှော့ဂျီ၏ သားတစ်ဦးဖြစ်သူ ဆာလာ့ရှ်ခါရှော့ဂျီက ဖခင်ကိုသတ်ဖြတ်ခဲ့သူများအား ၎င်းတို့ ခွင့်လွှတ်ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ ဆော်ဒီအာဏာပိုင်များကမူ ဆာလာ့ရှ်၏ ကြေညာချက်နှင့်ပတ်သက်ပြီး မည်သည့်မှတ်ချက်မျှ မပေးခဲ့ပေ။

ဆာလာ့ရှ်သည် ဆော်ဒီနိုင်ငံအတွင်း နေထိုင်သူဖြစ်ပြီး ဆော်ဒီအာဏာပိုင်များနှင့် ငွေကြေးအပေးအယူရှိသည်ဆိုသည့် သတင်းများကို ငြင်းဆိုထားသည်။ ဆာလာ့ရှ်သည် ယခင်ကလည်း တရားစီရင်ရေးစနစ်ကို အပြည့်အဝ ယုံကြည်သည်ဟု ပြောကြားခဲ့သည်။

ယင်းကိစ္စကို အခြေခံကာ အကျိုးအမြတ်ရှာဖွေနေကြသည့် အတိုက်အခံများကိုလည်း ဝေဖန်ခဲ့သည်။ လွန်ခဲ့သောနှစ်က ဆာလာ့ရှ် အပါအဝင်ဂျမားလ်ခါရှော့ဂျီ၏ကလေးများသည် အာဏာပိုင်များထံမှ ဒေါ်လာသန်းနှင့်ချီတန်ဖိုးရှိသည့်နေအိမ်များ၊ ငွေကြေးများ လက်ခံရရှိခဲ့သည်ဟု ဝါရှင်တန်ပို့စ်တွင် ဖော်ပြခဲ့သည်။

ခါရှော့ဂျီအသတ်ခံရမှုအတွက် စွဲချက်တင်ခံရသည့်လူ ၁၁ ဦးတွင် ငါးဦးမှာသေဒဏ်ချမှတ်ခံရပြီး သုံးဦးမှာ ထောင်ဒဏ် ၂၄ နှစ်အထိ ချမှတ်ခံရသည်။ ကျန်လူများကိုမူ အပြစ်မရှိကြောင်း စီရင်ချက်ချထားသည်။

**အေအက်ဖ်ပီ**



ဂျမားလ်ခါရှော့ဂျီ၏ သားဖြစ်သူ ဆာလာ့ရှ်ခါရှော့ဂျီကို ဆော်ဒီအိမ်ရှေ့မင်းသားနှင့်အတူ တွေ့ရစဉ်။



နယူးဇီလန်အတိုက်အခံပါတီမှ ခေါင်းဆောင်သစ် တော့ဒ်မူလာကိုဇနီးဖြစ်သူနှင့်အတူ တွေ့ရစဉ်။

## စက်တင်ဘာလရွေးကောက်ပွဲမတိုင်မီ နယူးဇီလန်အတိုက်အခံပါတီမှ ခေါင်းဆောင်သစ် ရွေးချယ်

**ဝယ်လင်တန် မေ ၂၂**

နယူးဇီလန် အမျိုးသားပါတီခေါင်းဆောင်သစ်အဖြစ် တော့ဒ်မူလာကို ရွေးချယ်ခဲ့သည်ဟု မေ ၂၂ ရက်က ပြုလုပ်သည့် ပါတီကိုယ်စားလှယ်ရွေးချယ်သည့် အစည်းအဝေးတွင် ကြေညာခဲ့သည်။ နစ်ကီကာရီကို ၎င်း၏ လက်ထောက်အဖြစ် ရွေးချယ်ခဲ့သည်။

စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲတွင် ၎င်းတို့က နယူးဇီလန် အမျိုးသားပါတီကို ဦးဆောင်သွားကြမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါတီဥက္ကဋ္ဌ၏အဖွဲ့၊ ဒုဥက္ကဋ္ဌအဖွဲ့ဆိုပြီး ခွဲခြားမှုများ ပြုလုပ်နေမည်မဟုတ်ဘဲ နယူးဇီလန်အမျိုးသားပါတီအဖွဲ့အဖြစ်သာ အနိုင်ရရှိရေး ကြိုးပမ်းသွားမည်ဟု တော့ဒ်မူလာက ပြောကြားခဲ့သည်။ နယူးဇီလန်နိုင်ငံသားများအားလုံးအတွက် ပါတီဖြစ်ရမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်မှစ၍ နယူးဇီလန်တွင် ကြုံတွေ့နေရသည့် အဆိုးရွားဆုံးအခက်အခဲကို ရင်ဆိုင်ဖြတ်ကျော်သွားရန် ကြိုးပမ်းသွားမည်ဟု မူလာက ပြောကြားခဲ့သည်။

နယူးဇီလန်နိုင်ငံတွင်းရှိ မည်သည့်အဖွဲ့အစည်းကိုမဆို အင်အားဖြည့်တင်းသွားမည်ဖြစ်ပြီး စီးပွားရေးပြန်လည်နာလန်ထူရေးအတွက်လည်း အလေးပေးဆောင်ရွက်သွားမည်ဟု ၎င်းကကတိပြု ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ကိုဗစ် –၁၉ ကြောင့် ဂျပန်နိုင်ငံတွင် အလုပ်အကိုင်နှင့်ပတ်သက်ပြီး အကြံညာဏ်ရယူသည့် အလုပ်သမားများပြားလာ

**တိုကျို မေ ၂၂**

ဂျပန်နိုင်ငံတွင် ကိုဗစ် –၁၉ ကြောင့် အလုပ်အကိုင်နှင့်ပတ်သက်ပြီး အကြံဉာဏ်ရယူသူ အလုပ်သမားဦးရေသည် ဧပြီလမှစတင်ကာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့သည်ဟု ဂျပန်နိုင်ငံ၏အကြီးဆုံးကုန်သွယ်ရေးသမဂ္ဂက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လအတွင်း ၎င်းတို့ထံဆက်သွယ်လာပြီး အကြံဉာဏ်ရယူသည့်အမှုပေါင်း ၁၉၆၆ မှုရှိသည်ဟု ရန်ဂိုဟုအမည်ရသည့် ဂျပန်ကုန်သွယ်ရေးသမဂ္ဂ လုပ်ငန်းအဖွဲ့အစည်းက ပြောသည်။

၂၅၆ ဦးမှာ အလုပ်အကိုင်ဆုံးရှုံးသွားသည့်အတွက် လျော်ကြေးရရှိရန် တောင်းခံကြသူများ ဖြစ်ကြသည်။ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာမှုရုပ်သိမ်းလိုက်လျှင်ပင် လူများသည်အရေးမကြီးသည့် စီးပွားရေးလုပ်ငန်းများကို ရှောင်ကြဉ်ကြဦးမည်ဖြစ်သည့်အတွက် အချို့သောလုပ်ငန်းများမှာ ဆက်လက်ပိတ်ထားရဦးမည်ဖြစ်သည်ဟု မေ ၂၁ ရက်တွင် ရန်ဂိုဥက္ကဋ္ဌ ကိုဇူဝီကီအိုက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနိုင်ငံ၏ ကူးစက်ရောဂါကာကွယ်ရေးအမိန့်မလိုက်နာသည့် ဂျပန်တစ်ဦးအဖမ်းခံရ

**ဆိုးလ် မေ ၂၂**

တောင်ကိုရီးယားနိုင်ငံတွင် ကူးစက်ရောဂါကာကွယ်ရေးဥပဒေကို ချိုးဖောက်သည်ဟု သံသယရှိသည့် ဂျပန်နိုင်ငံသားတစ်ဦးကို တောင်ကိုရီးယားရဲများက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အဆိုပါဂျပန်နိုင်ငံသားသည် အသွားအလာကန့်သတ်ပြီး သီးခြားခွဲနေရန်အမိန့်ကို ချိုးဖောက်ခဲ့သည်ဟု သံသယရှိသူလည်း ဖြစ်သည်။ အသက် ၂၀ ဝန်းကျင် ဂျပန်အမျိုးသားတစ်ဦးကို ရဲများက မေ ၂၁ ရက်တွင် ဖမ်းဆီးခဲ့ကြသည်။ အဆိုပါ ဂျပန်နိုင်ငံသားသည် တောင်ကိုရီးယားနိုင်ငံကို ဧပြီ ၂ ရက်က ရောက်ရှိခဲ့ပြီး နှစ်ပတ်တာကာလအတွင်း ညစာစားရန်အပြင်ထွက်ခြင်းနှင့် အခြားသော ကိစ္စရပ်များအတွက် အပြင်သို့ ရှစ်ကြိမ်ထွက်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။

တောင်ကိုရီးယားသို့ ရောက်ရှိလာသည့် နိုင်ငံခြားသားများသည် နှစ်ပတ်သီးခြားနေထိုင်ရန် လိုအပ်သည်။ လုံခြုံရေးကင်မရာမှတစ်ဆင့် အဆိုပါဂျပန်နိုင်ငံသားကို သတိပြုမိခဲ့ခြင်းဖြစ်ပြီး အကြွေးဝယ်ကတ်တွင်လည်း ၎င်းသုံးစွဲထားသည့်အချက်များပေါ်လွင်လျက်ရှိသည်။

အဆိုပါဂျပန်နိုင်ငံသားမှာ စွပ်စွဲမှုများကို ငြင်းဆိုထားပြီး ထွက်ပြေးသွားမည့်ဟန်ရှိသည့်အတွက် ဖမ်းဆီးထားခြင်းဖြစ်ကြောင်း ရဲများက ပြောသည်။

တောင်ကိုရီးယားရှိ ဂျပန်သံရုံးကလည်း အဆိုပါအမျိုးသားနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များပေးရန် တောင်ကိုရီးယားအာဏာပိုင်များထံ တောင်းခံထားသည်။

**အင်န်အိတ်ချ်ကေ**

# တူရကီ၌ ကိုဗစ် - ၁၉ ကူးစက်မှုကျဆင်းလာသည့် အရိပ်အယောင်တွေ့ရသော်လည်း ဆော်ဒီအာရေဗျတွင် ဆက်လက်မြင့်တက်

ကိုင်ရို မေ ၂၂

**တူရကီနိုင်ငံတွင် မေ ၂၁ ရက်က ကိုဗစ် –၁၉ ကူးစက်ခံရသူ ၉၆၁ ဦးတွေ့ရှိရပြီး ကူးစက်ခံရမှုနှုန်းလျော့ကျလာသည့် အရိပ်အယောင်များ တွေ့လာရသော်လည်း ဆော်ဒီအာရေဗျတွင် ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်ခံရမှုနှုန်းမှာ ဒေသတွင်းတွင် ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ တူရကီနိုင်ငံတွင် ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်ခံရမှု နှုန်းမှာ ၁၀၀၀ အောက်သို့ ဒုတိယမြောက်နေ့အဖြစ် ကျဆင်းလာခြင်းဖြစ်သည်။**

မေ ၂၀ ရက်ကလည်း တူရကီနိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၉၇၂ ဦးရှိခဲ့သည်။ ထို့ကြောင့် တူရကီတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူအရေအတွက်မှာ မေ ၂၂ ရက်တွင် ၁၅၃၄၅၈ ဦးအထိ ရှိလာခဲ့သည်။ နောက်ထပ် ၂၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူဦးရေမှာ ၄၂၄၉ ဦးအထိ ရှိလာခဲ့သည်ဟု တူရကီကျန်းမာရေးဝန်ကြီး ဖာဟီတန်ကိုကာက ပြောသည်။ တူရကီနိုင်ငံအတွင်း ကိုဗစ် –၁၉ ကူးစက်ရောဂါကို အပြီးတိုင်နှိမ်နင်းပြီးပါက တရုတ်ခရီးသွားများ နိုင်ငံအတွင်း လာရောက်လည်ပတ်ရေးကို ဆွဲဆောင်သွားရန် တူရကီခရီးသွားကဏ္ဍက မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသည် ဈေးကွက်ကြီးဖြစ်ပြီး တူရကီနိုင်ငံအတွင်းလာရောက်လည်ပတ်ကြရန် မျှော်လင့်ထားသည်ဟု တူရကီခရီးသွား အေဂျင်စီအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် နေ့စဉ်ကူးစက်မှုအမြင့်ဆုံးဖြစ်ပြီး မေ ၂၁ ရက်တစ်နေ့တည်းတွင်ပင် ကူးစက်ခံရသူ ၂၅၃၂ ဦးတွေ့ရှိသည်။

ထို့ကြောင့် ဆော်ဒီနိုင်ငံတွင် စုစုပေါင်းကူးစက်ခံရသူ ၆၅၀၇၇ ဦးအထိရှိလာသည်။ နောက်ထပ် ၁၂ ဦးမှာ ကိုဗစ် –၁၉ ကြောင့် သေဆုံးခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၃၅၁ ဦးရှိသည်။

နောက်ထပ်ပြန်လည် ကျန်းမာလာသူ ၂၅၆၂ ဦး ရှိသည့်အတွက် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၆၀၄၀ အထိ ရှိလာခဲ့သည်။ **ဆင်ဟွာ**



တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် သွားလာလှုပ်ရှားနေသူများကို တွေ့ရစဉ်။

# အရှေ့တောင်အာရှဒေသကို လွှမ်းမိုးနိုင်ဖို့ အပြိုင်အဆိုင်ကြိုးပမ်းနေကြတဲ့ အမေရိကန်နဲ့တရုတ် အင်တာနက်ကုမ္ပဏီများ

*ကလျာမိုးမြင့်*

**အမြန်ဆုံးအနေအထားနဲ့ တိုးတက်လာနေတဲ့ အင်တာနက်ဈေးကွက်မှာ အမေရိကန်အင်တာနက်ကုမ္ပဏီကြီးတွေဖြစ်ကြတဲ့ ဂူဂဲလ်၊ အမေဇုန်နဲ့ မိုက်ခရိုဆော့ဖ် ကုမ္ပဏီတွေဟာ တရုတ်နည်းပညာကုမ္ပဏီတွေဖြစ်ကြတဲ့ အလီဘာဘာနဲ့ ဟွာဝေးကုမ္ပဏီတွေကို စိန်ခေါ်လျက်ရှိနေပါတယ်။**

**မြားဦးလှည့်**

ပြီးခဲ့တဲ့နှစ်ရဲ့ရာမာဒန်ဥပုသ်ကာလမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးဆုံး အွန်လိုင်းရှော့ပင်းကုမ္ပဏီဖြစ်တဲ့ တိုကျိုပီးဒီးယားရဲ့တစ်ရက်အတွင်း အရောင်း ရရှိမှုဟာ ပြီးခဲ့တဲ့ခြောက်နှစ်လုံးစာ ရောင်းချရတဲ့ ပမာဏထက်တောင် ပိုများ ခဲ့ပါတယ်။ဒီတော့ မြင့်တက်လာတဲ့ရောင်းအားကို ဆက်လက်ထိန်းထား နိုင်ဖို့အတွက် တိုကျိုပီးဒီးယားကုမ္ပဏီက ဂူဂဲလ်နဲ့ အလီဘာဘာရဲ့အင်တာနက် ဆာဗာတွေကနေတစ်ဆင့် ရာမာဒန်ကာလမှာ အကောင်းဆုံးလှုပ်ရှားနိုင်ဖို့ အဲဒီကုမ္ပဏီတွေဆီ မြားဦးလှည့်လာကြပါတယ်။

တိုကျိုပီးဒီးယားရဲ့ အင်ဂျင်နီယာပိုင်းဆိုင်ရာ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဟာမန်ဝီဂျာဂျာက အရေးကြီးလှတဲ့ လက်ရှိလိုအချိန်မျိုးမှာ ဂူဂဲလ်နဲ့ အလီဘာ ဘာ အင်တာနက်ကုမ္ပဏီနှစ်ခုလုံးကို သုံးပြီး ၎င်းရဲ့ဝက်ဘ်ဆိုက်တွေနဲ့ မိုဘိုင်း အပလီကေးရှင်းရဲ့ အခက်အခဲတွေကို အတတ်နိုင်ဆုံး နည်းနိုင်သမျှ နည်းအောင် လျှော့ချသွားမယ်လို့ အခိုင်အမာပြောကြားခဲ့ပါတယ်။

**ပြိုင်ဆိုင်မှုကြီးထွားလာ**

သို့သော်လည်းပဲ တိုကျိုပီးဒီးယားရဲ့ ရင်းနှီးမြှုပ်နှံတဲ့သူတစ်ဦးလည်း ဖြစ်ပြီး အင်ဒိုနီးရှားဒေတာအချက်အလက်စင်တာနှစ်ခုလည်းရှိနေတဲ့ အလီ ဘာဘာ ကုမ္ပဏီကို ကျော်လွန်ပြီး လုပ်ငန်းချဲ့ထွင်ဖို့ ကြိုးပမ်းမယ့် ဆုံးဖြတ် ချက်ဟာ အရှေ့တောင်အာရှဒေသမှာ အမေရိကန်နဲ့ တရုတ်နည်းပညာ ကုမ္ပဏီတွေအကြား ပြိုင်ဆိုင်မှုကို ပိုမိုကြီးထွားလာစေခဲ့ပါတယ်။

ယနေ့ကမ္ဘာမှာ အွန်လိုင်းကနေ ဝန်ဆောင်မှုပေးတဲ့ ဈေးကွက်ဟာ အမြန်ဆုံးကြီးထွားလာနေပြီး အွန်လိုင်းဝန်ဆောင်မှုတွေအတွက် နှစ်စဉ်သုံးစွဲ လာတဲ့ငွေကြေးဟာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၇၆ ဘီလီယံအထိ ရောက်ရှိသွားနိုင်တယ်လို့ ခန့်မှန်းထားတယ်ဆိုတဲ့ အကြောင်း ဈေးကွက်ထောက်လှမ်းရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ အိုင်ဒီစီက ဖော်ပြထားတာကို တွေ့ရပါတယ်။

**လက်လွှတ်မခံနိုင်**

ဒီလိုဈေးကွက်ကြီးတစ်ခုကိုရဖို့ ဘယ်ကုမ္ပဏီကမှ လက်လွှတ်ခံချင်ကြ မှာ မဟုတ်ဘူးလို့ နည်းပညာဆိုင်ရာအချက်အလက်နဲ့ အကြံဉာဏ်တွေကို ပေးအပ်နေတဲ့ ကမ္ဘာလုံးဆိုင်ရာသုတေသနနဲ့ အကြံပေးကုမ္ပဏီဖြစ်တဲ့ Gartner ရဲ့အကြီးတန်းသုတေသနဒါရိုက်တာ တာအိုဝူက ပြောပါတယ်။

အလီကလောက် (Alicloud) လိုမျိုး တရုတ်အွန်လိုင်းဈေးရောင်းကုမ္ပဏီ ဟာ အမေဇုန်ရဲ့ ဝက်ဆိုက်ဝန်ဆောင်မှုတွေနဲ့ တခြားကုမ္ပဏီတွေ အာရှ ပစိဖိတ်ဒေသမှာ လွှမ်းမိုးခြင်းမပြုနိုင်အောင် တားဆီးထားပါတယ်။ ဒီအခြေ အနေမှာ ဟွာဝေးရဲ့ အင်တာနက်ကုမ္ပဏီပါဝင်လာတဲ့အခါမှာတော့ ပိုမို ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုပတ်ဝန်းကျင်တစ်ရပ်အဖြစ် ရောက်ရှိလာစေခဲ့ပါတယ်။

**ဒေတာစင်တာများတိုးချဲ့**

ဈေးကွက်ပြိုင်ဆိုင်မှုတွေနဲ့အတူ အပြေးအလွှားရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်လာကြသလို ပြီးခဲ့တဲ့ သုံးနှစ်ကျော်အတွင်း အမေဇုန်၊ ဂူဂဲလ်၊ အလီဘာဘာ၊ တဲင်းဆဲင့်နဲ့ မိုက်ခရိုဆော့ဖ်ကုမ္ပဏီတွေဟာ ဒေသတွင်းမှာရှိတဲ့ ၎င်းတို့ရဲ့ဒေတာစင်တာတွေကို ၇၀ ရာခိုင်နှုန်းနီးပါး တိုးချဲ့လာခဲ့ကြတယ်လို့ ဆိုင်နာဂျီသုတေသနအဖွဲ့က ဆိုပါတယ်။

အာရှဒေသမှာ အင်တာနက်ဆိုင်ရာအခြေခံအဆောက်အအုံဖြစ်တဲ့ ဟာ့ဒ်ဝဲ နဲ့ဆော့ဖ်ဝဲ အစိတ်အပိုင်းတွေအတွက် ရင်းနှီးမြှုပ်နှံမှုဟာ ပြီးခဲ့တဲ့နှစ်က အမေရိကန်ဒေါ်လာ ၉၈ ဘီလီယံဖိုးအထိ ရှိခဲ့တယ်လို့ အိုင်ဒီစီက ဖော်ပြထား ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေထဲက အများစုဟာဆိုရင် အက်စ်အမ်အီးလို့ခေါ်တဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းကုမ္ပဏီတွေ ဖြစ်ကြပေမယ့် ဒီကုမ္ပဏီ တွေဟာလည်းပဲ တစ်ချိန်မှာတော့ ဒစ်ဂျစ်တယ်စီးပွားရေးဈေးကွက်ထဲ ရောက်ရှိလာခဲ့ကြပြီး ထောင်သောင်းချီတဲ့ ဝယ်သူတွေဆီက သိသာထင်ရှားတဲ့ တောင်းဆိုမှုတွေကို ထုနဲ့ထည်နဲ့ ရရှိခဲ့ပါတယ်။



ဂျကာတာရှိ တိုကျိုပီးဒီးယားအွန်လိုင်းရှော့ပင်းကုမ္ပဏီမှဝန်ထမ်းများ အလုပ်လုပ်နေစဉ်။

> **“ယနေ့ကမ္ဘာမှာ အွန်လိုင်းကနေ ဝန်ဆောင်မှုပေးတဲ့ ဈေးကွက်ဟာ အမြန်ဆုံးကြီးထွားလာနေပြီး အွန်လိုင်း ဝန်ဆောင်မှုတွေအတွက် နှစ်စဉ်သုံးစွဲလာတဲ့ ငွေကြေးဟာ လာမယ့် ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၇၆ ဘီလီယံအထိ ရောက်ရှိသွားနိုင်တယ်လို့ ခန့်မှန်း ထားတယ်ဆိုတဲ့အကြောင်း ဈေးကွက်ထောက်လှမ်းရေး ကုမ္ပဏီတစ်ခုဖြစ်တဲ့ အိုင်ဒီစီက ဖော်ပြထားတာကို တွေ့ရပါတယ်”**

**နှစ်ဆတိုးလှုပ်ရှားလာ**

ဖေ့စ်ဘုတ်နဲ့အက်ပဲလ်လို နည်းပညာကုမ္ပဏီကြီးတွေအပါအဝင် ကမ္ဘာ့ အကြီးဆုံး နည်းပညာစကြိုတွေက တည်ထောင်ထားတဲ့ စကေးမြင့်ဒေတာ စင်တာလို့ခေါ်တဲ့ အဆောက်အအုံတွေ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ တိုးပွားလာ မှုဟာလာမယ့် ၁၂လကနေ ၂၄လအတွင်းမှာ ဒေတာစင်တာ ကက်ပစီတီ မက်ဂါ ဝပ်ပမာဏအားဖြင့် တစ်နှစ်မှာ ၁၀ ရာနှုန်းလောက် ဖြစ်လာလိမ့်မယ်လို့ နည်းပညာဆိုင်ရာကျွမ်းကျင်သူတွေက ဆိုထားပြီး အာရှဒေသမှာဆိုရင် အဲဒီ တိုးပွားမှုဟာ၂၅ ရာခိုင်နှုန်းလောက်အထိ ရှိလာနိုင်တယ်လို့ သိရပါတယ်။

ဥရောပနဲ့ အမေရိကန်ဈေးကွက်တွေမှာ ယှဉ်ပြိုင်ဘက်ပိုပြီးမြင့်တက် လာတဲ့ အခြေအနေကို ရင်ဆိုင်ဖို့ တရုတ်ရင်းနှီးမြှုပ်နှံသူတွေက အာရှမှာ နှစ်ဆတိုးပြီး လှုပ်ရှားလာကြပါတယ်။ အလီဘာဘာဂရုရဲ့ လုပ်ငန်းခွဲအုပ်စု တစ်ခုဖြစ်တဲ့ အလီဘာဘာကလောက်ကုမ္ပဏီဟာ ၂၀၁၈ ခုနှစ်က အင်ဒိုနီးရှား နိုင်ငံမှာ ပထမဆုံးလှုပ်ရှားသက်ဝင်လာတဲ့ အများပြည်သူသုံး အွန်လိုင်းရှော့ပင်း ဝန်ဆောင်မှုစကြိုတစ်ခု ဖြစ်လာချိန်ကစပြီး ဂူဂဲလ်နဲ့ အမေဇုန်ကုမ္ပဏီဟာ လည်းပဲ အဲဒီနည်းအတိုင်းလိုက်ဖို့ အစီအစဉ်တွေ ထုတ်ဖော်လာခဲ့ပါတယ်။

**အာရှအတွက်အာရှမှာရှိနေမယ်**

အလီဘာဘာကုမ္ပဏီဟာ တရုတ်ပြည်မကြီးပြင်ပမှာ ဒေတာစင်တာပေါင်း ၁၁ ခုအထိ ဖွင့်လှစ်လည်ပတ်ထားတဲ့အပြင် ပြီးခဲ့တဲ့လကလည်း လာမယ့် သုံးနှစ်ကျော်အထိ အွန်လိုင်းဝန်ဆောင်မှုဈေးကွက်အတွက် အမေရိကန် ဒေါ်လာ ၂၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမယ့်အကြောင်း ကြေညာခဲ့ပါတယ်။

ဖောက်သည်တွေအတွက် ၎င်းဆွဲဆောင်လိုက်တဲ့ စကားတစ်ခွန်းကတော့ ၎င်းဟာ အာရှအတွက် အာရှမှာရှိနေမယ်ဆိုတာပါပဲ။ ဒါပေမယ့် စီးပွားရေး လုပ်ငန်းစုတွေက ရင်းနှီးမြှုပ်နှံသူတစ်ဦးမက ရရှိအောင် ပိုမိုကြိုးပမ်းလာကြ ချိန်မှာ အလီဘာဘာအနေနဲ့ ဂူဂဲလ်လိုကုမ္ပဏီတွေကို ဈေးကွက်ရှယ်ယာရရှိ မှု ရပ်တန့်သွားအောင်တော့ မလုပ်ဆောင်နိုင်ခဲ့ပါဘူး။

**ပထမဆုံးဖြစ်လာမယ့် ဂူဂဲလ်**

ဂူဂဲလ်ဟာ လာမယ့်လမှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ဒေတာ စင်တာတစ်ခုစိုက်ထူမယ့် များပြားလှစွာသော အမေရိကန်အင်တာနက် ကုမ္ပဏီတွေထဲမှာ ပထမဆုံးကုမ္ပဏီတစ်ခု ဖြစ်လာလိမ့်မယ်လို့ ဂူဂဲလ်အင်တာ နက်ရဲ့ အာရှ-ပစိဖိတ်မန်နေဂျင်းဒါရိုက်တာ ရစ်ဟာ့ရ်မန်က ပြောကြားခဲ့ပါ တယ်။ သို့သော်လည်းပဲ မိတ်ဖက်ဆက်ဆံရေးအနေနဲ့ရော ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ပါ ရှိနေကြတဲ့ အရှေ့တောင်အာရှဒေသက ကုမ္ပဏီတွေရဲ့ ကျယ်ပြန့်တဲ့ ဆက်ဆံရေးအရ တရုတ်နည်းပညာကုမ္ပဏီတွေ ဆက်လက်ပါဝင်ယှဉ်ပြိုင်လာ နိုင်ဖွယ်ရှိတယ်လို့ ၎င်းက သုံးသပ်ခဲ့ပါတယ်။ ။

ကိုးကား – ဖိုင်နန်ရှယ်တိုင်းမ်

---

## နိုင်ငံတကာသတင်းတိုထွာ

### ခရီးသည် ၁၀၀ တင်ဆောင်လာသည့် ပါကစ္စတန်လေယာဉ် ပျက်ကျ

**အစ္စလာမ္မာဘတ် မေ ၂၂**

လူ ၁၀၀ တင်ဆောင်လာသည့် ပါကစ္စတန်အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် မေ ၂၂ ရက်က ကရာချိမြို့တွင် ပျက်ကျခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြထားသည်။ လာဟိုးမြို့မှ ထွက်ခွာလာသည့် အဆိုပါလေယာဉ်သည် ကရာချိမြို့ရေိယာအရောက်တွင် ပျက်ကျခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

လေယာဉ်ပျက်ကျရာနေရာသို့ ရဲများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာခဲ့ပြီး မီးငြိမ်းသတ်မှုများ လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါလေယာဉ်သည် လူနေထိုင်ရာအရပ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်ဟုမျက်မြင်သက်သေတစ်ဦးက ပြောသည်။ သို့သော် အာဏာပိုင်များထံမှ တရားဝင်အချက်အလက်များ မကြားသိရသေးပေ။

ဆင်ဟွာ

### ကိုဗစ် -၁၉ ကူးစက်မှုများ ပေါ်ပေါက်ခဲ့သည့် အမေရိကန်လေယာဉ်တင်သင်္ဘော ပင်လယ်ပြင်သို့ ပြန်ထွက်

**ဝါရှင်တန် မေ ၂၂**

ကိုဗစ် -၁၉ ကူးစက်မှုများ ပေါ်ပေါက်ခဲ့သည့် အမေရိကန်လေယာဉ်တင်သင်္ဘောယူအက်စ်အက်စ် သီယိုဒေါရုစဗဲ့သည် ဂူအမ်ကျွန်းတွင် နှစ်လနီးပါးကြာ ရပ်နားခဲ့ပြီးနောက်ယခုအခါ လေ့ကျင့်မှုများ ပြန်လည်လုပ်ဆောင်ရန် ပင်လယ်ပြင်သို့ ပြန်ထွက်လာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် မေ ၂၁ ရက်က ဖိလစ်ပိုင်ပင်လယ်ပြင်သို့ ဝင်လာခဲ့ပြီး လေယာဉ်မှူးများအတွက် လိုအပ်သည့် လေ့ကျင့်ခန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါလေယာဉ်တင်သင်္ဘောသည် လိုအပ်သည့်လေ့ကျင့်မှုများကို ၁၀ ရက်မှ ၁၄ ရက်အတွင်း အပြီးလုပ်ဆောင်သွားမည်ဟု ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်နသန်ဟော့ဖ်မန်းက ပြောသည်။

အင်န်အိတ်ချ်ကေ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၁-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် အနေဖြင့် ဓာတ်ခွဲနမူနာ (၂၇၉) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ပါ၍ (၂၁-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမ+ဒုတိယ)အသုတ်အဖြစ် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၆၇) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၀) ခု စုစုပေါင်း (၆၂၇) ခုတွင် COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ သို့ဖြစ်ရာ (၂၂-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉၉) ဦး ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိရသူ (၁၀၈) ဦးအထိ ရှိလာပြီး ၄င်းတို့အနက် (၁၀၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ် နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက် စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၂-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမ + ဒုတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၄၆၇) ခု |
| (၂၁-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၆၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၂-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၇)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲ နမူနာ (၁၇၉) ခု၊ စုစုပေါင်း (၃၆၆)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၁၉၉) ဦးရှိပါသည်။

၃။ (၂၂-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာ များတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၈) ဦး (Case- 55, 112, 164, 165, 167, 171, 172, 174) ရှိခဲ့သဖြင့် စုစုပေါင်း (၁၁၆) ဦးရှိပြီး ၎င်းတို့အနက် (၁၀၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၁-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၅) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၂၂-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၈) ဦး | (၁၁၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ကလောမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ကလော မေ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း ရွှေလျားစာကြည့်တိုက်တို့ ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။



အသိပညာပေးလုပ်ငန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေလျားစာကြည့် တိုက်မှ ဝန်ထမ်းများ ပူးပေါင်း၍ ကလောမြို့ ပုံကျဈေးနှင့် မြို့အဝင် စစ်ဆေး ရေးဂိတ်၊ ပင်းတယ-အောင်ပန်းလမ်းဘက်မှ မြို့အဝင် ကျန်းမာရေးစစ်ဆေး ရေးဂိတ်နှင့် အောင်ပန်းဈေးတို့၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်သည့် နည်းလမ်း များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ငလျင်ဘေးဆိုင်ရာ သိရှိ သင့်သောအချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ခြင်း ဖြစ်သည်။

ကလောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်အဆင့် ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မြို့အဝင်၌ ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်း ခြင်းနှင့် ခရီးစဉ်မှတ်တမ်းယူခြင်းကိုလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာတွင် နှာခေါင်းစည်းမတပ်သူ ၅၀ ကို အရေးယူ

မုံရွာ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမရှေ့ ဗိုလ်ချုပ်လမ်းမပေါ်တွင် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရန် နှာခေါင်းစည်းမတပ်ဆင်သူများအား ဖမ်းဆီးအရေးယူမှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ နှာခေါင်းစည်း မတပ်သူ ၅၀ ကို အရေးယူထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးအာကာမြင့် ထံမှ သိရသည်။

နှာခေါင်းစည်းမတပ်ဆင်တဲ့သူများကို အပြစ်ပေး အရေးယူဆောင်ရွက်ရန် အတွက် မေ ၂၀ ရက်ကတည်းက အသိပညာပေးမှုများ လုပ်ဆောင်ခဲ့ပြီး နှာခေါင်းစည်းများကိုလည်း အခမဲ့ဖြန့်ဝေပြီးဖြစ်ကာ အသိပညာပေးကာလ ပြီးဆုံးပြီဖြစ်၍ ယနေ့မှစကာဖမ်းဆီးစစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

ပထမအကြိမ် ဖမ်းဆီးအရေးမှုအနေဖြင့် ယနေ့နံနက်ပိုင်းက နှာခေါင်းစည်း မတပ်ဆင်သူ ၅၀ ကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၅ အရ တစ်ဦးလျှင် ဒဏ်ငွေ ၃၀၀၀ ကျပ် ပေးဆောင်စေရန် မြို့နယ်တရားရုံးမှ အမိန့် ချမှတ်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# အစိုးရကိုယ်စားလှယ်များနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



အစိုးရကိုယ်စားလှယ်များနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ရန်ကုန် မေ ၂၂**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ကိုယ်စားလှယ် အဖွဲ့နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် KNPP ဒုတိယဥက္ကဋ္ဌ ခူဦးရယ်တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးက NCA-S EAO (၁၀) ဖွဲ့နှင့် မေ ၈ ရက်က ဆွေးနွေးခဲ့သည့် သဘောတူညီချက် ၇ ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကုသရေး၊ တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများကိစ္စ၊ ကိုဗစ်-၁၉ လူနာ၊ သံသယလူနာများကိစ္စ၊ နိုင်ငံတကာအကူအညီများရယူခြင်းကိစ္စ၊ ကိုဗစ်-၁၉ ရောဂါ ထိတွေ့လူနာရှာဖွေရေးကိစ္စရပ်များ၊ ကော်မတီနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက " ဒီနေ့ NCA လက်မှတ် မထိုးထားတဲ့ အဖွဲ့တွေထဲက ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နဲ့ ကျွန်တော်တို့ Online Video Conferencing အစည်းအဝေးလုပ်ပါတယ်။ ကိုဗစ်-၁၉ က တစ်မျိုးသားလုံးနဲ့ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် ကော်မတီအနေနဲ့ NCA လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကိုလည်း ဆက်သွယ်ညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေလိုပဲ အဓိကခေါင်းစဉ်ခြောက်ခုကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ (၁) ကိုဗစ်-၁၉ ထိန်းချုပ်ရေးကိစ္စ၊ (၂) ကုသရေးကိစ္စ၊ (၃)နယ်စပ်ဒေသတွေကနေ ဖြတ်ကျော်ဝင်ရောက်လာမယ့်သူတွေ ကိစ္စ၊ (၄) နိုင်ငံတကာ အကူအညီရယူရေးကိစ္စ၊ (၅)ကိုဗစ်-၁၉ ထိတွေ့လူနာတွေအတွက် ဆက်လက်ဆောင်ရွက်နိုင်ဖို့ကိစ္စနဲ့ (၆) အထွေထွေကိစ္စရပ်တွေ ဆွေးနွေးပါတယ်" ဟု ပြောသည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော်လည်း ၂၀၁၂ ခုနှစ် မတ် ၇ ရက်တွင် အစိုးရနှင့် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး bilateral ကို လက်မှတ်ရေးထိုးထားသည်။

KNPP ၏ ဆွေးနွေးမှုများနှင့်ပတ်သက်၍ ဦးလှမောင်ရွှေက " KNPP ဘက်က ဆွေးနွေးတာကတော့ သူတို့သည် ထိုင်းနိုင်ငံနဲ့ ဆက်စပ်တဲ့နေရာမှာ တည်ရှိပြီးတော့ ကိုဗစ်-၁၉ ကို ကာကွယ်ထိန်းချုပ်နိုင်ဖို့အတွက် နေရာ ၁၈ နေရာမှာ စခန်းတွေနဲ့ Screening point ထားပြီး ဆောင်ရွက်နေတယ်လို့ ရှင်းပြတယ်။ နောက် သူတို့ဒေသမှာ နယ်လှည့်ကုသရေးအဖွဲ့တွေကလည်း နယ်လှည့်ပြီးတော့ ပြည်သူလူထုကို ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေတယ်လို့ ပြောပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာဆို ကယားပြည်နယ်ကလွဲလို့ ကိုဗစ်-၁၉ ရောဂါပိုးလက္ခဏာရှိသူတွေကို ကျန်နေရာတွေမှာ တွေ့နေပါတယ်။ နောက် ကယားပြည်နယ်မှာ ကံကောင်းတာက သူနဲ့ဆက်စပ်နေတဲ့ မယ်ဟောင်ဆောင်ခရိုင်မှာလည်း ခုထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာမတွေ့သေးတဲ့အတွက် ကောင်းပါတယ်။ ဒါကိုလည်း အတတ်နိုင်ဆုံး နှစ်ဖက်ပူးပေါင်းပြီး ထိန်းသိမ်းဆောင်ရွက်ဖို့ ဆိုတာလည်း ဆွေးနွေးပါတယ်" ဟု ပြောကြားသည်။

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ရှေ့လာမည့် ရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် လိုအပ်သည့် ပစ္စည်းများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ ပေးအပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်း - ရဲခေါင်ညွန့်
ဓာတ်ပုံ - ဖိုးထောင်

# မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် မေ ၂၂**



မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို မေ ၂၁ ရက် မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး၊ ကော်မတီဝင်များဖြစ်ကြသော ဦးမင်းသူ၊ ဦးမင်းသိမ်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ဌာနကြီးမှူး (မြို့/မြေ) ဦးမင်းမင်းဇော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လှူဒါန်းပွဲတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်လေး ကိုယ်စား အသင်းတာဝန်ရှိသူများက ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရာ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ဦးရဲမင်းဦးက ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာ- တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀၀၀ တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၁၅၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၅၀ နှင့် Disinfection Channel နှစ်ခုတို့ကို လှူဒါန်းခဲ့သည်။

အာကာလင်း

# ပြည်ခရိုင်အတွင်းရှိ ရဲအမှုထမ်းဟောင်းများအား အခြေခံစားသောက်ကုန် လေးမျိုး ပေးအပ်လှူဒါန်း

**ပြည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရဲအမှုထမ်းဟောင်း ၁၀၀ အား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ တာဝန်ရှိသူများက ဆန်၊ ဆီ၊ ဆားနှင့် ပဲ စသည့်အခြေခံစားသောက်ကုန် လေးမျိုးကို ယမန်နေ့က နဝဒေးခန်းမ၌ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ယင်းလှူဒါန်းမှုတွင် ရဲဝန်ထမ်းဟောင်းတစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ ၃၂ ကျပ်သား၊ ပဲ ၄၈ ကျပ်သားနှင့် ဆား ၂၈ ကျပ်သားနှုန်းဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်းသိရပြီး အဆိုပါလှူဒါန်းပွဲတွင် ဗိုလ်မှူးကြီး အောင်နိုင်ဦးက ရဲအမှုထမ်းဟောင်းများအား ကျန်းမာရေးနှင့်ပတ်သက်၍ စစ်ဆေးပေးမည်ဖြစ်ကြောင်းနှင့် ဆေးရုံတက်ရောက်ရန်လိုအပ်ပါကလည်း အမှတ်(၆) ခုတင် ၁၀၀ စစ်ဆေးရုံတွင် ကုသပေးမည်ဖြစ်ကြောင်းပြောကြားရာ ရဲအမှုထမ်းဟောင်းများကိုယ်စား အငြိမ်းစားရဲအုပ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ တပ်နယ်အရာရှိကြီးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲဝန်ထမ်းဟောင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ် - (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# တပ်ကုန်းမြို့နယ်၌ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ပျိုးပင်များ ကျေးရွာအရောက် အခမဲ့ဖြန့်ဝေ

**တပ်ကုန်း မေ ၂၂**



ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ကာလ၌ ဈေးများအတွင်းသို့ လူစုလူဝေး ရှောင်ရှားရန် ရည်ရွယ်၍ နေအိမ်ခြံဝင်းများအတွင်း အိမ်ခြံဥယျာဉ် စိုက်ပျိုးခြင်းဖြင့် ဟင်းသီးဟင်းရွက်များ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်အတွက် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၊ နွယ်ရစ်ကျေးရွာနှင့် ခြံကြီးကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ ၁၆ မျိုး၊ ငရုတ်ပျိုးပင်များနှင့် နည်းပညာလက်ကမ်းစာစောင်များကို မေ ၂၁ ရက်တွင် ကျေးရွာအရောက် အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် ပတ်သက်၍ ရှောင်ရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၇၁၅၂ | ၁၉၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၁၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၅၆၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| စုစုပေါင်း | | ၁၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## စည်းကမ်းလိုက်နာစို့

❖ တိုင်းပြည်ကောင်းကျိုးသယ်ပိုးမည်
ကျန်းမာဖို့လိုသည်၊
လူတိုင်းကိုယ်စီတာဝန်ရှိ
အသိနှင့်သတိ။
❖ တိတိကျကျ လိုက်နာရန်
စည်းကမ်းချက်ထုတ်ပြန်၊
နှာခေါင်းစည်းတပ်ရန် သတိပေး
ရောဂါမကူးစက်ရေး။
❖ ဝေးဝေးနေစို့ 'ခြောက်ပေ' ကွာ
ကူးစက်ဖို့မလွယ်ပါ၊
'ကိုရိုနာကောင်' ပုန်းရှောင်ထွက်
ကမ္ဘာ့အပြင်ဘက်။
❖ စောင့်ကြည့်ရက်လေး တစ်လမကြာ
စိတ်ဖြေသည်းခံပါ၊
မိမိမှာလည်း ရောဂါမရှိ
လုံးစုံချမ်းသာအတိ။
❖ လက်ရှိကြုံတွေ့အခြေအနေ
ခပ်ခွာခွာလေးနေ၊
တို့တိုင်း တို့မြေ(ပြည်)ကျန်းမာဖို့
စည်းကမ်းလိုက်နာစို့။

အောင်မြင့်စိုး(ရေစကြို)




## ၂၂-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၆၂၅၀၃၉ | ၃၈၂၉၈၇ | ၉၆၅၂၆ |
| ၂။ | ရုရှား | ၃၂၆၄၄၈ | ၉၉၈၂၅ | ၃၂၄၉ |
| ၃။ | ဘရာဇီး | ၃၁၂၀၇၄ | ၁၂၅၉၆၀ | ၂၀၁၁၂ |
| ၄။ | စပိန် | ၂၈၀၁၁၇ | ၁၉၆၉၅၈ | ၂၇၉၄၀ |
| ၅။ | ဗြိတိန် | ၂၅၄၁၉၅ | စိစစ်ဆဲ | ၃၆၃၉၃ |
| ၆။ | အီတလီ | ၂၂၈၀၀၆ | ၁၃၄၅၆၀ | ၃၂၄၈၆ |
| ၇။ | ပြင်သစ် | ၁၈၁၈၂၆ | ၆၃၈၅၈ | ၂၈၂၁၅ |
| ၈။ | ဂျာမနီ | ၁၇၉၃၄၇ | ၁၅၉၀၀၀ | ၈၃၂၀ |
| ၉။ | တူရကီ | ၁၅၃၅၄၈ | ၁၁၄၉၉၀ | ၄၂၄၉ |
| ၁၀။ | အီရန် | ၁၃၁၆၅၂ | ၁၀၂၂၇၆ | ၇၃၀၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၀၄၂၆ | ၁၂၁၁၇ | ၂၃ |
| အင်ဒိုနီးရှား | ၂၀၇၉၆ | ၅၀၅၇ | ၁၃၂၆ |
| ဖိလစ်ပိုင် | ၁၃၅၉၇ | ၃၀၉၂ | ၈၅၇ |
| မလေးရှား | ၇၁၃၇ | ၅၈၅၉ | ၁၁၅ |
| ထိုင်း | ၃၀၃၇ | ၂၉၁၀ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၆ | ၀ |
| မြန်မာ | ၁၉၉ | ၁၁၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၃ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# မရမ်းကုန်းမြို့နယ်တွင် ကိုဗစ် - ၁၉ နှင့်ပတ်သက်သည့် ကျန်းမာရေးစစ်တမ်း ယနေ့ ကောက်ယူမည်

ရန်ကုန် မေ ၂၂

လတ်တလော ကြုံတွေ့နေရသည့် ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးစစ်တမ်းကို မေ ၂၃ ရက်တွင် မရမ်းကုန်းမြို့နယ်၌ ကောက်ယူသွားမည်ဖြစ်သည်။

### ကျန်မာရေး စစ်တမ်းကောက်ယူမည်

မရမ်းကုန်းမြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်ရှိပြီး မြို့နယ်နေ လူဦးရေမှာ ၁၉၀၀၀၀ ဝန်းကျင်ရှိသည်။ မေ ၂၃ ရက်တွင် မြို့နယ်ရှိ ရပ်ကွက်များမှ အမှတ် (၁) (၂) (၃) (၄) (၅) ရပ်ကွက်ရှိ ပြည်သူများကိုသာ ကျန်းမာရေး စစ်တမ်းကောက်ယူမည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ စစ်တမ်းကောက်ယူမည်ဖြစ်သည်။ ထိုသို့ကောက်ယူရာတွင် ကိုယ်အပူချိန် (အဖျား) တိုင်းသည့် မော်တော်ယဉ် လေးစီး၊ အဖျားတိုင်းသည့်စက်များ၊ သူနာပြုများ ပါဝင်သည့် အင်အား ၁၅၀၀ ဝန်းကျင်ဖြင့် စစ်တမ်းကောက်ယူမည်ဖြစ်သည်။

မရမ်းကုန်းမြို့နယ်ရှိ ပြည်သူများအားလုံးကို ကျန်းမာရေးစစ်တမ်းကောက်ယူခြင်းမပြုဘဲ ကိုဗစ် – ၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ဆက်စပ်နေသည့်နေရာနှင့် နီးစပ်နေသူများကိုသာ စစ်တမ်းကောက်ယူမည် ဖြစ်သည်။

### လှိုင်သာယာနှင့် တာမွေမြို့နယ်၌ ကောက်ယူခဲ့

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ နှင့် ပတ်သက်သည့် ကျန်းမာရေး စစ်တမ်းကောက်ယူခြင်းကို ပထမဆုံးအကြိမ်အဖြစ် အင်းစိန်မြို့နယ်တွင် မေ ၆ ရက်က ကောက်ယူခဲ့သည်။ မေ ၁၆ ရက်တွင် လှိုင်သာယာမြို့နယ်နှင့် မေ ၁၇ ရက်တွင် တာမွေမြို့နယ်တို့၌ ကောက်ယူခဲ့ကြောင်း သိရသည်။

အောင်သူရ

# ချင်းရွှေဟော် နယ်စပ်တံတားပေါ်၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လှူဒါန်း

ချင်းရွှေဟော် မေ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးတိုင်းဒေသကြီးအတွက် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ချန်းမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လူကြည့်ဟွင်နှင့်အဖွဲ့က လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံ နမ့်ဖာဟော် နယ်စပ်တံတားပေါ်၌ ယနေ့ နံနက် ၁၀ နာရီက ပေးအပ် လှူဒါန်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲခန်းသုံးပစ္စည်းများ လက်ခံရရှိခြင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုးက "မန္တလေးတိုင်းဒေသကြီးမှာ လက်ရှိ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး သံသယလူနာတွေရဲ့ အာခေါင်တို့ဖတ်နဲ့ နှာခေါင်းတို့ဖတ်တွေကို ရန်ကုန်မြို့သို့ ပေးပို့စမ်းသပ် နေရတာဖြစ်ပါတယ်။ အခုဆိုရင် မန္တလေးနဲ့ အထက်မြန်မာပြည်မှာ ရောဂါလက္ခဏာသံသယရှိတဲ့လူနာတွေကို လျင်မြန်စွာ စမ်းသပ်စစ်ဆေးနိုင်တော့မှာဖြစ်တဲ့အတွက် များစွာအကျိုးရှိပါတယ်။ ယူနန်ပြည်နယ်မှ ဆေးဘက်ဆိုင်ရာ ပညာရှင်များကပါ လိုက်လံကုသကူညီဆောင်ရွက်ပေးမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်" ဟု ပြောကြားသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်အဖွဲ့မှ ပညာရှင်ခြောက်ဦးတို့က မန္တလေးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်တင်မိုး ဦးဆောင်သည့်အဖွဲ့နှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ကူညီဆောင်ရွက်မည့် ယူနန်ပြည်နယ် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ကို တွေ့ရစဉ်။




## မြိတ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ဆိပ်ခံတံတားများတွင် လူစုလူဝေးမဖြစ်စေရန် ဆောင်ရွက်

မြိတ် မေ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို တံတားအသုံးပြုသူများကြောင့် လူစုလူဝေးမဖြစ်စေရန်နှင့် တံတားအတက်အဆင်း စနစ်တကျဖြစ်စေရန် ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဆောင်ရွက်ခဲ့သည်။

ဆိပ်ခံတံတားတွင် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ စက်လှေများ၊ အမြန်ရေယာဉ်များဆိုက်ရောက်ချိန်၌ ခရီးသည်များ တံတားအတက်အဆင်းချိန်တွင် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆိုင်ကယ်ကယ်ရီသမားများက တံတားပေါ်တက်၍ ညှိသည်ကြိုခြင်း၊ ကုန်တင်ကုန်ချသမားများက ကုန်အတင်အချပြုလုပ်စဉ် လူစုလူဝေးမဖြစ်ပေါ်စေရန်အတွက် တံတားအသုံးပြုသူများအား စနစ်တကျဖြစ်စေရန် နေရာသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# မြန်မာ့ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်မှု ၁၀ နှစ်အတွင်းသုံးဆကျော် တိုးလာ

**ရန်ကုန် မေ ၂၂**

မြန်မာ့ပျားမွေးမြူရေးနှင့်ပျားရည်ထုတ်လုပ်မှုမှာ ၂၀၀၉ ခုနှစ်မှစ၍ ၁၀ နှစ်အတွင်း သုံးဆကျော် တိုးလာပြီး ဒေသနှင့်ကိုက်ညီသော ပျားရည်အထွက်တိုးများသည့်ပျားမျိုးစိတ်များကို သုတေသနနည်းဖြင့် ရွေးချယ်အစားထိုးလာကြကြောင်း သိရသည်။

ပျားမွေးမြူရေးကဏ္ဍ၌၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပျားအုံပေါင်း ၄၉၀၈၅ အုံမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၁၆၄၉၃၀ အုံ၊ ၂၀၁၈- ၂၀၁၉ ခုနှစ်တွင် ၁၉၅၆၄၀ အုံအထိ တိုးတက်များပြားလာခဲ့သည်။

ပျားရည်ထုတ်လုပ်မှုမှာ ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ၁၆၅၈ မက်ထရစ်တန်မှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၄၃၇၇ဒသမ၈၂ မက်ထရစ်တန်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၄၈၆၉ ဒသမ ၅၇ မက်ထရစ်တန်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့သည်။

ပျားရည်တင်ပို့မှုမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၁၇၈၇ မက်ထရစ်တန်မှ ၂၀၁၇-၁၈ ခုနှစ်တွင် ၂၆၇၂ ဒသမ၇၂ မက်ထရစ်တန်၊ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၂၂၃ ဒသမ၈၆မက်ထရစ်တန် တင်ပို့နိုင်ခဲ့သဖြင့် ယခင်နှစ်အောက် မက်ထရစ်တန် ၆၇၀ ခန့် လျော့နည်းခဲ့သည်။

"မြန်မာနိုင်ငံမှာ အာရှပျားမျိုးခြောက်မျိုးနဲ့ ဥရောပပျား ၁၈ မျိုးအနက် ခုနစ်မျိုး၊ ပျားမျိုး ခွဲပေါင်း ၁၃ မျိုးကို တွေ့ရပါတယ်။ ဥရောပပျားမျိုးထဲမှာ ပျားရည်ထုတ်လုပ်မှုနဲ့ မျိုးပွားမှုညံ့တဲ့ပျားမျိုးတွေ ပါရှိနေပြီး ကျွန်တော့်အမြင်မှာ အကောင်းဆုံး ဥရောပပျား နှစ်မျိုးက အီတလီပျားမျိုးနဲ့ ကာနီအိုလန်ပျားမျိုးတွေပဲ ဖြစ်ပါတယ်။ ကာနီအိုလန်မျိုးက မြန်မာ့ရာသီသဘာဝနဲ့ ကိုက်ညီပြီး ပျားရည်အထွက်ပိုကောင်းတယ်။ မြန်မာ့ပျားမွေးတောင်သူတွေလက်ထဲမှာ ပျားမျိုးညံ့တွေ ပိုရောက်နေလို့ ပျားရည်ထွက်နှုန်းကျသွားတာ။ ပျားတောင်သူတွေကို သုတေသနနည်းနဲ့ ပျားမျိုးသန့်နည်းတွေကို သင်ကြားပေးနေပါတယ်" ဟု မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာလှိုင်မင်းဦးက ပြောသည်။

မေ ၂၀ ရက်က World Day webinar ကို ပျားဌာနကို တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ပျားလုပ်ငန်းအသင်းနှင့် ပျားလုပ်ငန်းဌာနတို့မှ တာဝန်ရှိသူများဦးဆောင်မှုဖြင့် မြန်မာနိုင်ငံပျားမွေးမြူရေးကဏ္ဍ၏ "အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံပျားလုပ်ငန်းမဟာဗျူဟာကိုရေးဆွဲထားကြောင်း ယင်းဆွေးနွေးပွဲမှ သိရသည်။

**သန့်ဇင်ဝင်း**

# အသက်ကယ်ဆယ်ရေးနှင့် အသက်ရှူကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုခြင်း လက်တွေ့လေ့ကျင့်

**ဆိပ်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်အသက်ကယ်ခြင်း၊ ရေတွင်းအသက်ကယ်ခြင်း သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် အသက်ရှူကိရိယာများ စနစ်တကျကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ လက်တွေ့လေ့ကျင့်ခြင်းကို ယမန်နေ့က မြို့နယ်မီးသတ်စခန်းနှင့် ဧရာဝတီမြစ်အတွင်းတို့၌ ဆောင်ရွက်သည်။



မီးသတ် တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ အသက်၊ အိုးအိမ်များကို သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှ မထိခိုက်မပျက်စီးစေရန် ကာကွယ်နိုင်ရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ပြည်သူအသိပညာပေးခြင်းများ ကိုလည်းကောင်း၊ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်အမျိုးမျိုးမှ အရေးပေါ်တုံ့ပြန်ရာတွင် ပြည်သူလူထု၏ အသက်၊ အိုးအိမ်စည်းစိမ်များကို လူတို့ပေါ်ဆမှုကြောင့် တွေ့ကြုံရသောအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုး၏ ဖျက်ဆီးမှုမှ ထိပ်တိုက်ရင်ဆိုင် ကာကွယ်ရာတွင် ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှနည်းပြီး စွမ်းရည်ပြည့်ဝမှုရှိသော တပ်ဖွဲ့ဝင်များဖြစ်လာစေရန် စဉ်ဆက်မပြတ်လေ့ကျင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သရုပ်ပြလေ့ကျင့်ခြင်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဇော်လင်း ကြီးကြပ်၍ မြို့မမီးသတ်စခန်းမှူး ဦးဖြိုးဝေအောင်နှင့် သန္နေတပ်ဖွဲ့ဝင်များက ရေတွင်းအတွင်း ကျရောက်လူနာကယ်ဆယ်နည်း၊ အသက်ရှူကိရိယာ ဝတ်ဆင်နည်းများကိုလည်းကောင်း၊ ဧရာဝတီမြစ်အတွင်း၌ ရေဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေး၊ စက်တပ်ရေယာဉ် စနစ်တကျမောင်းနှင်ရေးတို့ကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဇွဲ (အညာမြေ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၅ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၈၀/၅၂၀ | ကျပ် | ၅၁၀/၅၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၂၀/၅၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၉၀/၄၄၀ | ကျပ် | ၄၆၀/၄၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၂၀/၅၅၀ | ကျပ် | ၅၉၅/၆၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၇ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၂ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၇ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၈၈ |

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၀၄၅ | ၄၃၈၈၇၅၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၁၆၇၁ | ၆၂၄၈၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၃၀၀ | ၂၄၃၀၀၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၇၉၃ | ၁၉၀၃၁၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၁ | ၁၄၀၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိက သတင်းမီဒီယာနှင့် စာပေသမားများအား စားသောက်ကုန်များနှင့် အလှူငွေ ကျပ်နှစ်သောင်းစီ ဒါနပြု

ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကက ကိုဗစ်-၁၉ ကာလတွင် ကာလဒါနအလှူအဖြစ် သတင်းမီဒီယာသမားများနှင့် စာပေလောကသားများဖြစ်သော စာရေးဆရာများ၊ ကဗျာဆရာများနှင့် ကာတွန်းဆရာများအား ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေ ကျပ်နှစ်သောင်းစီကို မေ ၂၀ ရက်က ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

ကာလဒါနအလှူအဖြစ် လှူဒါန်းခြင်းနှင့် ပတ်သက်၍ ဆရာတော်က "ကာလဒါနဆိုတာကတော့ အချိန်ကိုက် အခါကိုက် လှူဒါန်းခြင်းပါပဲ။ လက်ရှိအချိန်အခါကတော့ အားလုံးသိကြတဲ့အတိုင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေပါတယ်။ အခုလိုအချိန်မှာ ရောဂါ ကာကွယ်ကုသရေးအတွက် လုပ်ဆောင်နေတဲ့ ဆေးရုံတွေနဲ့ ပရဟိတ အဖွဲ့အစည်းတွေအတွက် လိုအပ်နေမယ့် ပစ္စည်းတွေကို လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် စာပေသမားတွေကိုလည်း ကာလဒါနပြုဖြစ်ပါတယ်။ ခုအချိန်မှာ စားနပ်ရိက္ခာတွေက အရင်လို စိတ်ကူးပေါက်တိုင်း သွားဝယ်လို့လည်း အဆင်မပြေကြဘူးလို့ ဘုန်းဘုန်းတို့ သိရတယ်။ ဒီကပ်ရောဂါကြောင့် အခြေအနေအမျိုးမျိုးနဲ့ အဆင်မပြေဖြစ်နေကြတဲ့သူတွေ အများကြီးပါပဲ။ ဘုန်းဘုန်းတို့အနေနဲ့ ကြီးကြီးမားမားလှူမှ မဟုတ်ပါဘူး။ လူတစ်ယောက် အလွန်ဗိုက်ဆာနေတဲ့အချိန်မှာ ကိုယ့်မှာရှိတဲ့မုန့်လေးတစ်ခုကို ဝေမျှလိုက်လို့ သူ့အတွက် လတ်တလော အဆင်ပြေသွားတာကလည်း ကာလဒါနပြုတာပါပဲ။ အစာရေစာအတွက် အဆင်မပြေဖြစ်နေတဲ့ အချိန်မျိုးမှာ တတ်နိုင်သလောက် လှူဒါန်းတာကလည်း ကာလဒါနအလှူပါပဲ။ ဘုန်းဘုန်းက ကိုယ်တိုင်လည်း စာရေးတာဆိုတော့ စာရေးဆရာတွေရဲ့ ကျေးဇူးကိုလည်း ထိတွေ့နေရတဲ့အတွက် ခုလို ကာလဒါနအလှူလေး ဝေမျှတာဖြစ်ပါတယ်" ဟု မိန့်ကြားသည်။

ရန်ကုန်မြို့ရှိ မြကန်သာစံကျောင်း၌ ကျင်းပသည့် လှူဒါန်းပွဲတွင် ဆရာတော် အရှင်ဆန္ဒာဓိကက ရန်ကုန်တိုင်းဒေသကြီး ကုသရေးဌာနလက်အောက်ရှိ တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများနှင့် ပရဟိတအဖွဲ့အစည်းများသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့် လိုအပ်လျက်ရှိသော ဆေးပစ္စည်းများ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၄၀၀ ကျော်ကို လှူဒါန်းခဲ့ခြင်းနှင့်အတူ သတင်းမီဒီယာသမားများနှင့် စာပေလောကသားများအတွက်လည်း စားနပ်ရိက္ခာနှင့် အလှူငွေ ကျပ်နှစ်သောင်းစီ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကိုလင်း




# ကျန်းမာရေးဝန်ထမ်းများကို ကူညီသည့်အနေဖြင့် နှာခေါင်းစည်းတပ်ရန် ခန့်စည်သူ တိုက်တွန်း

ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ကုသရေးတွင် ရှေ့တန်းမှ ဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများအား ကိုယ်ချင်းစာပေးကြရန်နှင့် ၎င်းတို့အား ကူညီသောအားဖြင့် ပြည်သူများအနေဖြင့် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ကြရန် သရုပ်ဆောင် ခန့်စည်သူက တိုက်တွန်းပြောကြားသည်။

"ကျွန်တော်တို့ဆီမှာက ဖြစ်တုန်းခဏပဲ ကြောက်ကြတယ်လို့ ကျွန်တော်မြင်တယ်၊ ပြီးရင် အေးဆေးဖြစ်ကုန်ရော။ နေချင်သလိုနေ၊ သွားချင်သလိုသွားကြတာမျိုးတွေ မြင်နေ တွေ့နေရတယ်၊ နှာခေါင်းစည်းတပ်ဖို့ ပြောနေကြတာကိုလည်း သိပ်ပြီး အလေးမထားကြတာမျိုး မြင်ရတယ်။ ဒီအချိန်က ရာသီဥတု ပူတာရယ်၊ ပြီးတော့ နှာခေါင်းစည်းတပ်တဲ့ အလေ့အထကလည်း သိပ်မရှိတာ ရယ်ကြောင့် နှာခေါင်းစည်းတပ်ရင် အသက်ရှူရတာ အဆင်မပြေကြဘူးလို့ ပြောကြတာတွေကိုလည်း လက်ခံပါတယ်၊ ဒါပေမယ့် ရှေ့တန်းမှာ ဒီရောဂါအတွက် ကုသပေးနေတဲ့ ဆရာဝန်တွေကို ကြည့်လိုက်ရင် ခေါင်းစည်းလည်း စည်းထားရတယ်၊ PPE လည်း ဝတ်ထားရသေးတယ်၊ နှာခေါင်းစည်းလည်း တပ်ထားရသေးတယ်၊ ကိုယ့်ထက်တောင် ဆိုးနေပါသေးတယ်။ ကိုယ်တွေကမှ နှာခေါင်းစည်းကလေးတစ်ခုပဲ တပ်ရတာလေ၊ အဲဒီတော့ သူတို့ကို ကိုယ်ချင်းစာစေချင်တယ်။ နှာခေါင်းစည်းတပ်ထားတော့ ရောဂါအတွက် အနည်းဆုံး ကာကွယ်မှုတစ်ခုတော့ရစေတာ အမှန်ပါပဲ၊ သူတို့က တကယ့်ဝေဒနာရှင်တွေနဲ့ ကိုင်တွယ်ထိတွေ့ နေရတာလေ။ အဲဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေကို လေးစားတဲ့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာက ညွှန်ကြားချက်တွေကို ပြည်သူတွေက အလေးထားလိုက်နာကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု ခန့်စည်သူက ပြောသည်။


သရုပ်ဆောင် ခန့်စည်သူအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ထောက်ပံ့ကူညီမှု လိုအပ်နေသော နေရာများသို့ အလှူရှင်များနှင့်အတူ ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးလျက်ရှိရာ မကြာသေးမီက ရန်ကုန်မြို့ ဝေဘာဂီဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအတွက် မနက်စာ အာဟာရဒါန လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် သရုပ်ဆောင် ခန့်စည်သူ ဦးစီးတည်ထောင်ထားသော မေတ္တာသင်္ဂဟ ပရဟိတအဖွဲ့အနေဖြင့် ယခု ကိုဗစ်-၁၉ ဖြစ်ပွားနေသည့်ကာလတွင် အနုပညာလောကထဲမှသာမက ပြင်ပရှိ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့နေရသူများကိုပါ လိုအပ်သောနေရာမှ ဝိုင်းဝန်းကူညီ ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကာ မေတ္တာသင်္ဂဟအဖွဲ့အနေဖြင့်လည်း မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ကိုဗစ်-၁၉ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအတွက် အာဟာရ အလှူငွေအဖြစ် ကျပ် ၁၀ သိန်း လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

ကိုလင်း



# မြန်မာသရဲကား "The NAKED GHOST" ရုပ်ရှင်က နိုင်ငံတကာရုပ်ရှင်ဆု သုံးဆု ဆွတ်ခူး




ယခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သော နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ အနက် ဘူတန်နိုင်ငံ၌ ကျင်းပသော Druk International Film Festival နှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပခဲ့သော New York Film Festival တို့တွင် ၂၀၁၈ ခုနှစ်က ပြသခဲ့သော မြန်မာသရဲကားဖြစ်သည့် The NAKED GHOST ရုပ်ရှင်ဇာတ်ကားက ဆုသုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဇာတ်ကားက လောလောဆယ် နိုင်ငံတကာရုပ်ရှင်ဆု သုံးဆု ဆွတ်ခူးရရှိထားတာပါ။ ကျွန်တော်တို့က ဖေဖော်ဝါရီလကတည်းက ဆုရတာကို သိရပါတယ်။ ကိုဗစ်-၁၉ ဖြစ်နေတဲ့အချိန်မို့ လူတိုင်းက စိတ်ညစ်နေတဲ့အတွက် ဒီဆုရတဲ့အကြောင်းကို မတင်ဖြစ်တာပါ။ ကျန်တဲ့ ဆုတွေကတော့ မသိရသေးပါဘူး။ ကိုဗစ်ကာလမို့ ဒီပွဲတော်ကို ရက်တွေနောက်ရွှေ့သွားတယ်လို့ သိရတယ်။ ဒီဇာတ်ကားက သရဲကားတွေထဲမှာမှ ဇာတ်လမ်းဇာတ်အိမ်ရှိတဲ့ သရဲကားလို့ ပြောလို့ရပါတယ်။ မင်းသမီးအဓိကဇာတ်ပါ၊ ပထမ ထွန်းထွန်းရဲ့ ကာရိုက်တာ နေရာကို ကျွန်တော်တို့ ပြောင်းရိုက်ထားတာလည်း ပါပါတယ်"ဟု သရုပ်ဆောင် ငြိမ်းချမ်းကျော်က ပြောသည်။

The NAKED GHOST ရုပ်ရှင်ဇာတ်ကားက နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များတွင် ရရှိခဲ့သော ဆုသုံးခုမှာ ဘူတန်နိုင်ငံမှ Druk International Film Festival တွင် Best Horror/Sci-Fi/Genre Film Award ဆုနှင့် နယူးယောက်မြို့၌ကျင်းပသည့် New York Film Festival တွင် Best Actor Award ဆု(ငြိမ်းချမ်းကျော်)နှင့် Honorable Mention(Sound Design)Award ဆု(Corey Zeya) တို့က ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို Media 5 ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ပြီး ဒါရိုက်တာ အရဏ်ဦး ပွင့်သိင်္ဂီဇော်၏ ပထမဆုံး သရဲဇာတ်ကားဖြစ်ကြောင်း သိရသည်။ သရုပ်ဆောင်များအနေဖြင့် ထွန်းထွန်း၊ ငြိမ်းချမ်းကျော်၊ နေရဲနှင့် အလှမယ် ရွှေအိမ်စည်တို့က အဓိက ပါဝင်သရုပ်ဆောင်ထားသည်။

ကိုလင်း

# Tik Tok တွင် နာမည်ကြီးနေသည့် "မ လို့ပဲခေါ်" တေးသီချင်းကို MTV ရိုက်ကူးလျက်ရှိ

ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော Tik Tok ပေါ်တွင် နာမည်ကြီးနေသည့် အဆိုတော် ချယ်ရီသင်း၏ "မ လို့ပဲခေါ်" တေးသီချင်းကို MTV အဖြစ် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ဒီသီချင်းလေးကို ချယ်ရီက အင်တာဗျူးတစ်ခုမှာဆိုပြရင်း ပရိသတ်တွေက Tik Tok မှာ ဗီဒီယိုလေးအဖြစ် လိုက်ဆော့ကြတယ်၊ အခုအချိန်မှာ ဂီတလှုပ်ရှားမှုတွေကလည်း နားထားရတဲ့ အချိန်ဖြစ်နေလို့ MTV ရိုက်ဖြစ်သွားတာပါ၊ အခုအချိန်က ကိုဗစ် ကပ်ရောဂါဖြစ်နေတယ်ဆိုတော့ အဲဒါကြောင့် ပရိသတ်နဲ့ ဝေးသွားသလိုလည်း မဖြစ်ချင်ဘူး။ သီချင်းအကြောင်းအရာကတော့ မမတစ်ယောက်က ကောင်လေးငယ်ငယ်လေးနဲ့ ချစ်သူတွေဖြစ်လာတဲ့အကြောင်း အချစ်သီချင်းလေးပါ။ အချစ်သီချင်းဆိုတော့ MTV ကိုလည်း ကြည်နူးစရာ ပုံစံလေးပဲ ဖန်တီးထားပါတယ်"ဟု ချယ်ရီသင်းက ပြောသည်။

အဆိုပါ MTV ကို လူကြမ်းသရုပ်ဆောင် ကိုကိုဦး၏ သားဖြစ်သူ သီဟအောင်နှင့် ချယ်ရီသင်းတို့ တွဲဖက်သရုပ်ဆောင် ရိုက်ကူးထားကြောင်း၊ MTV ထဲမှ သရုပ်ဆောင်၏ ကာရိုက်တာနှင့် လိုက်ဖက်မှုရှိနိုင်သူကို ရွေးချယ်ရိုက်ကူးခြင်းဖြစ်ကြောင်း၊ MTV ပုံစံမှာ မမတစ်ယောက်၏ အချစ်ကို ရိုက်ကူးဖော်ပြပြီး ကိုယ့်ထက်အသက်ကြီးသူနှင့် ရည်းစားဖြစ်ရသည့် ယောက်ျားလေးများအနေဖြင့် စိတ်ချမ်းသာစွာ လက်တွဲရမည်ဖြစ်ကြောင်းကို ရေးဖွဲ့ရိုက်ကူးထားသော သီချင်းပုံစံဖြစ်ကြောင်း သိရသည်။



ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အမီတာဘာဂျမ်းရှေ့ ဆေးလိပ်သောက်ဖို့ အရေး ရှာရွတ်ခန်းဆီက အကြံယူခဲ့ရတယ်ဟု အမီယာခန်းပြော

အမီယာခန်းဟာ ဘောလိဝုဒ်မှာ အရှိန်အဝါကြီးမားတဲ့ မင်းသားတစ်လက်ဖြစ်ပေမယ့် မင်းသားကြီးအမီတာဘာဂျမ်းရှေ့ကိုရောက်ရင်တော့ သူလည်း ကြောက်ရပါတယ်။ Thugs of Hindostan ဆိုတဲ့ဇာတ်ကားကို အမီတာဘာဂျမ်းနဲ့ တွဲဖက်ရိုက်ကူးစဉ်က ဆေးလိပ်ကြိုက်တဲ့ အမီယာခန်းအတွက် အခက်ကြုံဖူးပါတယ်။ ဒါကတော့ အမီတာဘာဂျမ်းရှေ့မှာ ဆေးလိပ်သောက်လို့ ရသလား မရဘူးလားဆိုတာ သူမသိလို့ပါ။ ဒါကြောင့်မို့ စတူဒီယိုကို ဇာတ်ကားရိုက်ဖို့လာတဲ့ ရှာရွတ်ခန်းဆီသွားပြီး မေးမြန်းခဲ့ရပါတယ်။ ရှာရွတ်ခန်းရဲ့အကြံပြုချက်ကတော့ "အမီတာဘာဂျမ်းရှေ့မှာ ဆေးလိပ်သောက်လို့ရပါတယ်။ ခွင့်တောင်းစရာလည်း မလိုပါဘူး။ ဒါပေမယ့် စစချင်းမှာတော့ ခပ်ဝေးဝေးသောက်၊ နောက်ပြီး တဖြည်းဖြည်းနဲ့အနားကပ်သွားလို့ရတယ်"လို့ အကြံပေးခဲ့ပါတယ်။ အမီယာခန်းက ရှာရွတ်ခန်းဆီ တိုးတိုးတိတ်တိတ်မေးမြန်းခဲ့တာဖြစ်ပေမယ့် ဒီသတင်းဟာ အမီတာဘာဂျမ်းဆီ ရောက်သွားပါတယ်။

သူတို့နှစ်ဦးပြောနေတာကို ကြားသွားတဲ့ ဓာတ်ပုံဆရာက ပြန်ပြောလို့ အမီတာဘာဂျမ်းဆီ ဒီသတင်းရောက်သွားတာပါ။ အမီတာဘာဂျမ်းကတော့ အမီယာခန်းကိုခေါ်ပြီး မင်းငါ့ရှေ့မှာ ဆေးလိပ်သောက်လို့ရ မရ ရှာရွတ်ခန်းကို မေးသလားဆိုပြီး ခေါ်ပြောခဲ့ပါတယ်။ အမီယာခန်းလည်း အံ့အားသင့်သွားပြီး ဆရာ့ရှေ့မှာ ဆေးလိပ်သောက်လို့ရလား မေးတော့ " ငါ့ရှေ့မှာ မင်းဆေးလိပ်သောက်တာ ဘာမှမဖြစ်ဘူး။ မင်းကျန်းမာရေးအတွက်တော့ မကောင်းဘူး"လို့ အမီတာဘာဂျမ်းက ပြောသွားခဲ့ပါတယ်။ အမီယာခန်းဟာ လက်ရှိမှာတော့ Laal Singh Chaddha ဆိုတဲ့ ကားရိုက်နေပြီး မကြာခင် ကြည့်ရှုခွင့်ရတော့မှာပါ။

ဘောလိဝုဒ်လိုက်ဖ်



အမီယာခန်းနှင့် ရှာရွတ်ခန်းတို့ကို အတူတွေ့ရစဉ်။

### မန်ချက်စတာဗုံးပေါက်ကွဲမှု နှစ်ပတ်လည်နေ့အတွက် အာရီယာနာဂရန်ဒီ ဝမ်းနည်းကြောင်းပြော

မန်ချက်စတာမှာ ဂီတဖျော်ဖြေပွဲပြုလုပ်စဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့တာ အခုဆိုရင် သုံးနှစ်တောင်ရှိလာပါပြီ။ သုံးနှစ်မပြည့်ခင်လေးမှာ အဆိုတော် အာရီယာနာဂရန်ဒီက သူ့ရဲ့ရင်တွင်းခံစားချက်ကို ပရိသတ်တွေဆီ အသိပေးခဲ့ပါတယ်။ အာရီယာနာဂရန်ဒီဟာ ၂၀၁၇ ခုနှစ် မေ ၂၂ ရက်က ဂီတဖျော်ဖြေပွဲမှာ ပါဝင်ခဲ့စဉ် အကြမ်းဖက်သမားတွေရဲ့ဗုံးဖောက်ခွဲမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီလို ဗုံးပေါက်ကွဲမှုကြောင့်လူ ၂၂ ဦး သေဆုံးခဲ့ရပါတယ်။

အဲဒီပွဲမှာ ထိခိုက်ခံစားခဲ့သူတွေနဲ့ တစ်သားတည်းပဲဆိုတာကို အာရီယာနာဂရန်ဒီက အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ ကျွန်မတို့ကို ထိခိုက်မခံစားရတဲ့နေ့ဆိုတာ တစ်ရက်မှ မရှိပါဘူးလို့ အသက် ၂၆ နှစ်အရွယ် အဆိုတော်က ရေးသားခဲ့ပါတယ်။ ဗုံးပေါက်ကွဲခဲ့တာ သုံးနှစ်ရှိလာပြီဖြစ်ပြီး အဲဒီနှစ်ပတ်လည်နေ့အတွက် ဝမ်းနည်းကြေကွဲဆဲပါပဲ၊ ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ခံစားခဲ့ရသူတွေအတွက် အမြဲဆုတောင်းပေးနေတယ်လို့လည်း အာရီယာနာဂရန်ဒီက ပြောပါတယ်။ မန်ချက်စတာ ဗုံးဖောက်ခွဲမှုကို ဆယ်မန်အဗ္ဗဒီဆိုသူက ကျူးလွန်ခဲ့တာဖြစ်ပြီး သူ့ရဲ့လက်ချက်နဲ့လူပေါင်း ၁၀၀၀ ဒဏ်ရာရရှိခဲ့ပါတယ်။ **အင်ဒီပန့်ဒန့်နယူးစ်**



အဆိုတော်အာရီယာနာဂရန်ဒီ။



# အဆောက်အအုံ၊ အဆောက်အဦ၊ အဆောက်အဦး

မောင်ခင်မင် (ဓနုဖြူ)

"ဦးလေး နေကောင်းတယ်နော်"

"တူတော်မောင်ပါလားဟေ့။ ရန်ကုန်ကို မျက်စိလည်ပြီး ရောက်လာတာလား။ မလာတာကြာပြီ"

"ဦးလေးနဲ့လဲ တွေ့ရင်း၊ အလုပ်ကိစ္စကလေး တွေလဲလုပ်ရင်း ဆိုပါတော့ ဦးလေးရယ်"

"ကဲ.. ဆိုပါအုံး၊ ဦးလေးနဲ့တွေ့ဖို့ကိစ္စက ဘာလဲ"

"မော်ကွန်းတင် ဆိုင်းဘုတ်ကြီး ကိစ္စပါ ဦးလေး"

"ဟေ၊ ဘယ်လိုမော်ကွန်းတင် ဆိုင်းဘုတ်ကြီးလဲ၊ မင်းပြောတာအရင်းမရှိ အဖျားမရှိနဲ့၊ ရှင်းအောင်ပြောစမ်းပါကွာ"

"ဟုတ်ကဲ့၊ ကျွန်တော်နည်းနည်းလောသွားလို့ပါ။ ဒီလိုပါ ဦးလေး ကျွန်တော်တို့ မြို့ထိပ်က ရှေးဟောင်းဘုန်းကြီး ကျောင်းကြီးကို ဦးလေး သိ တယ်မဟုတ်လား"

"အေး၊ သိပါတယ်။ ဟို လေး ငါးနှစ်က တို့ ရောက်သေးတယ်လေ"

"ဟုတ်ကဲ့ ၊ အဲဒီကျောင်းကြီးက လာမဲ့နှစ်မှာ နှစ်တစ်ရာပြည့်မယ်လေ။ အဲဒါ ရာပြည့်အမှီ မော်ကွန်းတင်ဆိုင်းဘုတ်ကြီးတစ်ခု ခမ်းခမ်း နားနားစိုက်ထူဖို့ မြို့မိ မြို့ဖတွေက ဆုံးဖြတ်တယ်။ ရေးမဲ့စာသားကို ကျွန်တော့်ရေးခိုင်းတာပေါ့"

"ဒီတော့"

"ဒီတော့ ကျွန်တော်က 'နှစ်တစ်ရာပြည့် သာသနိကအဆောက်အအုံ' ဆိုတဲ့ စာသားထည့်ရေးပြီး ဆိုင်းဘုတ်ကြီးကို ခမ်းခမ်းနားနားစီစဉ်လိုက်တာ၊ အဲ...ပြီးတော့မှ ပြဿနာတက်တော့တာပဲ ဦးလေး ရယ်"

"ဘယ်လိုပြဿနာတက်တာလဲကွ"

"ကျွန်တော်က 'အဆောက်အအုံ'လို့ ရေးထားတာကို မြို့မိမြို့ဖလူကြီးတချို့က မှားတယ်ဆိုပြီး အပြင်းအထန်ကန့်ကွက်နေကြတယ် ဦးလေးရယ်။ 'အဆောက်အဦး'လို့ ရေးရမယ်...တဲ့။ 'အဆောက်အအုံ'ဆိုတာ တဲအုံတို့၊ ဘာတို့ အသေးအဖွဲ့ကို ဆိုလိုတာမို့ ဒီနေရာမှာ အဆောက်အအုံလို့ ရေးတာမှားတယ်လို့ပြောပြီး ဆိုင်းဘုတ်ကို ပြန်ပြင်ခိုင်းနေတယ်"

"မင်းက အကျိုးအကြောင်း ရှင်းမပြဘူးလား"

"ကျွန်တော်လဲ နားလည်သလောက်တော့ ရှင်းပြပါတယ်။ ဒါပေမဲ့ သိပ်မရေလည်လို့ ဦးလေးဆီရောက်လာတာပါပဲ ဦးလေးရယ်"

"အများအသိမှား၊ အသုံးမှားဖြစ်နေတဲ့ စကားလုံးတွေထဲမှာ ဒီစကားလုံးလဲ ပါတာပေါ့ကွယ်။ တို့လဲ အခွင့်ကြုံတဲ့အခါမှာ ဒီအကြောင်းရေးဖူးပါတယ်။ ဒီတော့ ဆင်တူယိုးမှားဖြစ်နေတဲ့ စကားလုံး ၃ လုံး အကြောင်းပြောဖို့လိုတယ်"

"ဘယ်စကားလုံးတွေလဲ ဦးလေး"

"အဆောက်အအုံရယ်၊ အဆောက်အဦရယ်၊ အဆောက်အဦးရယ် အဲဒီ ၃ လုံးပေါ့"

"ဟုတ်ကဲ့ပါ"

"အဆောက်အအုံအကြောင်းက စရအောင်။ ကဲ...ဟောဒီမှာ မြန်မာအဘိဓာန်စာအုပ်၊ ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်ပြီး ၂၀၀၈ခုနှစ်က ပုံနှိပ်တဲ့မူ။ စာမျက်နှာ ၄၀၃ မှာ အဆောက်အအုံကို ဖွင့်ထားတယ်။ ဖတ်ပြစမ်းပါ"

"အနက် ၂ ခုဖွင့်ထားပါတယ် ဦးလေး။ တစ်ခုက'စုစည်းတည်ရှိသောဒြပ်၊ စုဖွဲ့တည်ရှိသော အရာ' တဲ့"

"ဟုတ်ပြီ။ ပါရမီအဆောက်အအုံ ၊ ရောဂါ အဆောက်အအုံဆိုပြီး သာဓကပြထားတယ် မဟုတ်လား။ 'မင်းရောဂါက အဆောက်အအုံဖြစ်နေပြီ ပေါ့မနေနဲ့' ဆိုတာမျိုး သုံးတယ်လေ"

"ဟုတ်ကဲ့ပါ။ နောက်အနက်တစ်ခုက 'သစ်၊ ဝါး၊ အုတ် စသည်တို့ဖြင့် တည်ဆောက်ထားသော အိမ်စသည်'တဲ့"

"တို့အခုပြောနေတဲ့ အဆောက်အအုံက အဲဒီအနက်ပေါ့။ 'အိမ်စသည်'လို့ ပြထားတာက လူနေတဲ့အိမ်ဆိုရင်လဲ တဲအိမ်ကလေးကစပြီး မိုးထိမတတ် အထပ်မြင့်တွေအထိ အကျုံးဝင်တာပေါ့။ အိမ်လိုပဲ ကျောင်း၊ ဇရပ်၊ တန်ဆောင်း စတာတွေ အားလုံး 'အဆောက်အအုံ'တွေပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

"ဩော်... သတိရလို့ အရင်းအမြစ်ကစပြီး သိအောင် 'အုံ'ဆိုတဲ့ စကားလုံးကို ဘယ်လိုဖွင့်သလဲ၊ စာမျက်နှာ ၄၄၆ ကို ကြည့်လိုက်ပါအုံး"

"ဟုတ်ကဲ့၊ 'အုံ'က ဝိုင်းဝန်းစုပြုံသည်၊ စုဝေးသည်၊ အနာတွင်ဆေးစသည် စုပုံတင်သည်လို့ ကြိယာအနက် ပေးထားပါတယ်။ နာမ်အနက်ကတော့ စုဝေးခိုအောင်းနေထိုင်စရာရယ်၊ တစ်စုံတစ်ရာ၏ ဖောင်းကြွမို့မောက်နေသော အစိတ်အပိုင်း၊ 'ရင်အုံ၊ နားအုံ'လို့ ပေးထားပါတယ်"

"ဟုတ်ပါပြီ။ 'အုံ'ရဲ့ အရင်းခံအဓိပ္ပာယ်က စုဝေးတဲ့အဓိပ္ပာယ်လေ။ လူတွေအုံနေတာပဲ၊ ယင်တွေ အုံနေတယ်ဆိုတာမျိုးသုံးတာ။ အဲဒီလို စုဝေးနေတဲ့နေရာကိုလဲ အုံ လို့ပဲ ခေါ်တာပေါ့။ 'ပျားအုံ၊ ပဒူအုံ၊ တဲအုံ'ဆိုတဲ့ အသုံးတွေရှိတယ်။ မို့မောက်နေတဲ့ အဓိပ္ပာယ်လဲရှိတာပေါ့။ အဲဒီလို စုဝေးနေထိုင်ဖို့ 'ဆောက်'ထားတဲ့ 'အုံ'မို့လို့ 'အဆောက်အအုံ' လို့ခေါ်တယ်ဆိုတာ ဆက်စပ်ပြီး နားလည်နိုင်ပါတယ်ကွယ်"

"နားလည်ပါပြီ ဦးလေး"

"ကဲ 'အဆောက်အဦ' ကို ကြည့်ရအောင်။ အဘိဓာန်စာမျက်နှာ ၄၀၃ မှာပဲရှိတယ်"

"ဟုတ်ကဲ့၊ အဆောက်အဦကို 'အသုံးအဆောင်ပစ္စည်း'လို့ ဖွင့်ပါတယ် ဦးလေး၊ 'ကိရိယာတန်ဆာပလာ' လို့လဲဖွင့်ပါတယ်"

"အဆောက်အဦက ရှေးသုံးစကားပါ။ ခုခေတ်မှာ အသုံးမတွင်တော့ပါဘူး။ ကဗျာလင်္ကာတွေမှာ 'အဆောက်အဦ'လို့လဲ သုံးတယ်။ ပစ္စည်းအသုံးအဆောင်တွေအားလုံး လှူလိုက်တာကို 'ပစ္စည်းဆောက်ဦ ဟူဟူသမျှ ပေးကိုင်သည်' လို့ ဖွဲ့ထားတာရှိတယ်။ အသုံးအဆောင်ပစ္စည်းဥစ္စာကို 'အဆောက်အဦ'လို့ ဆိုလိုတာပေါ့ကွယ်"

"နားလည်ပါပြီ ဦးလေး"

"ဩော်–မြန်မာအဘိဓာန်မှာ 'အဆောက်အဦ' ကို ဖွင့်ရာမှာ 'အဆောက်အအုံလည်းရှု'လို့ ညွှန်းထားတာပါတယ် မဟုတ်လား"

"ပါပါတယ် ဦးလေး"

"အဲဒါ 'အဆောက်အဦ'နဲ့ 'အဆောက်အအုံ'ဟာ အနက်ချင်းမတူပေမဲ့ အနက်ချင်းဆက်စပ်မှု ရှိနေတယ်လို့ ဆိုလိုတာလေ။ သိအောင်ပြောပြတာပါ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'အဆောက်အအုံ'က ဆောက်လုပ်ထားတဲ့ 'အုံ'မှန်သမျှကို အဆောက်အအုံလို့ ခေါ်နိုင်တာမို့ အနက်အဓိပ္ပာယ်ကျယ်ကျယ်ပြန့်ပြန့် ရှိတယ်။ ဒီနေ့အထိ တွင်တွင်ကျယ်ကျယ် သုံးနေတယ်။'တဲအုံ'လိုအဆောက်အအုံသေးသေးကလေးကအစ သာသနာ့ဗိမာန်တော်ကြီးလို၊ မိုးထိ တိုက်ကြီးလို အဆောက်အအုံအကြီးကြီးတွေအထိ 'အဆောက်အအုံ' တွေချည်းပဲပေါ့ကွယ်"

"ကဲ...ငါ့တူ။ မင်းတို့ မြို့မိမြို့ဖလူကြီးတွေ ကွဲကွဲပြားပြားသိရအောင် ဟောဒီမြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ ယှဉ်ပြီးပြထားတာကိုပဲ ပြလိုက်ပါကွယ်။ ဒုတိယအကြိမ်တည်းဖြတ်ပြီး ၂၀၁၉ ခုနှစ်ကထုတ်တဲ့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း စာမျက်နှာ ၂၈၀ မှာပါတယ်"

"ဟုတ်ကဲ့ပါ။ တွေ့ပါပြီ ဦးလေး။ အဆောက်အဦ(အသုံးအဆောင်ပစ္စည်းစသည်)၊ အဆောက်အအုံ(ရုံး ကျောင်း အိမ်စသည်) လို့ ခွဲပြီး ပြထားပါတယ် ဦးလေး"

"ကဲ – ဒီလောက်ဆို ရှင်းလောက်ပါပြီ။ နောက်ဆုံးစကားလုံးဖြစ်တဲ့ 'အဆောက်အဦး' ကတော့ မြန်မာအဘိဓာန်မှာလဲ မပါဘူး။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာလဲ မပါဘူး"

"ဟင်၊ ဟုတ်လား ဦးလေး။ ဘာဖြစ်လို့မပါတာပါလိမ့်"

"မရှိလို့ မပါတာပေါ့ကွယ်။ နဂိုကတည်းက 'အဆောက်အဦး'ဆိုတဲ့စကားလုံးက မြန်မာစကားထဲမှာ ရှိမှမရှိတာ။ ဒါကြောင့် မပါတာပဲလို့ နားလည်ရမှာပေါ့"

"ဒါဖြင့် ဘာဖြစ်လို့ 'အဆောက်အဦး'လို့ ပြောနေကြတာလဲ ဦးလေး"

" 'အဆောက်အဦ' ဆိုတဲ့စကားက စာပေတွေထဲမှာပဲပါတဲ့ ရှေးစကားလေ။ အဲဒီစကားကို 'အဆောက်အအုံ'နဲ့မှားပြီး ပြောတာဖြစ်ဖို့များတယ်။ ဒါပေမဲ့ 'အဆောက်အဦ'လို့ ပြောရတာ ပြောလေ့မရှိလို့ 'အဆောက်အဦး'လို့ အသံပြောင်းပြောရာက အသုံးတွင်သွားတာလို့ ယူဆရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါတယ် ဦးလေး။ ဒါဆိုရင် 'အဆောက်အအုံ'နဲ့ 'အဆောက်အဦး' အကြောင်း ကျွန်တော်ရေလည်အောင် ရှင်းပြနိုင်လိမ့်မယ်ထင်ပါတယ်"

"ကောင်းပါပြီကွာ"

> **"ဒီတော့ 'အဆောက်အအုံ'က ဆောက်လုပ်ထားတဲ့ 'အုံ'မှန်သမျှကို အဆောက်အအုံလို့ ခေါ် နိုင်တာမို့ အနက်အဓိပ္ပာယ်ကျယ်ကျယ် ပြန့်ပြန့်ရှိတယ်။ ဒီနေ့အထိ တွင်တွင်ကျယ် ကျယ် သုံးနေတယ်။ 'တဲအုံ'လို အဆောက်အအုံ သေးသေးကလေးကအစ သာသနာ့ဗိမာန်တော် ကြီးလို၊ မိုးထိတိုက်ကြီးလို အဆောက်အအုံ အကြီးကြီးတွေအထိ 'အဆောက်အအုံ' တွေချည်းပဲပေါ့ကွယ်"**

## နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံသစ် ၂၀၂၁ နှစ်ဆန်းပိုင်း၌ ပြီးစီးမည်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ပံ့ပိုးမှုဖြင့် တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံသစ်မှာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းဖူဆယ်အားကစားရုံကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ပန္နက်တင်အခမ်းအနားပြုလုပ်ကာ စတင်တည်ဆောက်ခဲ့ပြီး ကိုဗစ်-၁၉ အခြေအနေကြောင့် လုပ်ငန်းကြန့်ကြာမှုများရှိခဲ့ရာ ပြီးစီးမည့်ကာလမှာလည်း နောက်ကျခဲ့ခြင်းဖြစ်သည်။ ယခင်က ယခုနှစ်ကုန်ပိုင်းတွင် ပြီးစီးရန် သတ်မှတ်ထားသော်လည်း လအနည်းငယ်နောက်ဆုတ်သွားခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှ ပြီးစီးမည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ဖူဆယ်အားကစားရုံ သီးသန့်မရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၂၀၀၀ ကျော် ဝင်ဆံ့မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အားကစားရုံအခက်အခဲကြောင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပရာတွင် အခက်အခဲများရှိခဲ့ပြီး ယခု အားကစားရုံပြီးစီးသွားပါက ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပနိုင်မည်ဖြစ် သည်။ ထို့ပြင် နိုင်ငံတကာဖူဆယ်ပြိုင်ပွဲများကိုလည်း လက်ခံကျင်းပနိုင် မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၀၆ ခုနှစ်မှစ၍ ဖူဆယ်လက်ရွေးစင်အသင်းကို နိုင်ငံတကာပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ခဲ့ပြီး အာဆီယံဖူဆယ်ပြိုင်ပွဲတွင် ဒုတိယတစ်ကြိမ်၊ တတိယနှစ်ကြိမ် ရရှိထားသည်။

ညီမြတ်သော်တာ

## ဆွာချောင်းတစ်လျှောက် ကမ်းပြိုမှုများ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

ရေတာရှည် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အနောက်မှအရှေ့သို့ စီးဆင်းသည့် ဆွာချောင်းသည် မိုးရာသီကာလရောက်လျှင် ကမ်းပြိုကမ်းစားမှုများ နှစ်စဉ်လိုလို ကြုံတွေ့နေကြရသည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုးဖြင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

ရန်ကုန် - မန္တလေးကားလမ်း ဆွာချောင်းတံတားအောက်ဘက်ရှိ ဆွာမင်းလမ်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် စေတီတော်မှာ ဆွာချောင်း ကမ်းပြိုမှုများနှင့် ကြုံတွေ့နေရသည့်အတွက် ကျောင်းထိုင်ဆရာတော် ဦးသုမနနှင့် ရွာသူရွာသားများ စုပေါင်း၍ ဆောင်ရွက်နေခြင်း ဖြစ်သည်။



တာယာအဟောင်းများ အသုံးပြုကာ ကမ်းပြိုကာကွယ်ရေးအတွက် တည်ဆောက်နေမှုကို တွေ့ရစဉ်။

"အသုံးပြုလို့မရတဲ့ ကားတာယာ အဟောင်းတွေကို လိုက်ပြီးအလှူခံတာ နေပြည်တော်ဘက်အထိ ရောက်တယ်။ အချို့လည်းဝယ်ရတာရှိတယ်။ အသေးဆို ငွေကျပ် ၂၀၀ ၊ အကြီးဆို ငွေကျပ် ၅၀၀ နဲ့ ငွေကျပ်တစ်သိန်းဖိုး ဝယ်လိုက်ရတယ်။ ခုထိတော့ တာယာအလုံးရေ ၈၀၀ လောက်စီပြီးသွားပြီ"ဟု ဆရာတော်က မြွက်ကြားသည်။

ဆွာချောင်းသည် ရေစီးသန်ခြင်းနှင့် နှစ်စဉ်ရေစီးရေလာပြောင်းလဲမှုများရှိနေရာ ဆွာချောင်းတစ်လျှောက်ရှိ ကြို့ပင်သာ၊ ကြို့ပင်ထိုက်၊ စီပင်အေး၊ ဆွာမင်းလမ်း၊ တံတားကြီး၊ ရေနီး၊ သရက်တောကျေးရွာများတွင်လည်း ကမ်းပြိုမှုများနှင့် ကြုံတွေ့နေကြရခြင်းဖြစ်သည်။

သန်းလွင်

## မုံရွာမြို့နယ်အတွင်း ယခုနှစ်နွေရာသီ ကွမ်းရွက်အထွက်နည်းသော်လည်း ဈေးကောင်းရ

မုံရွာ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ယခုနှစ်နွေရာသီတွင် ကွမ်းစိုက်တောင်သူများ ကွမ်းရွက်အထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရသဖြင့် အဆင်ပြေကြောင်း ကွမ်းစိုက်တောင်သူများက ပြောသည်။



လယ်ဇင်ရွာ၌ စိုက်ပျိုးထားသော ကွမ်းစိုက်ခင်းတစ်ခု။

မုံရွာမြို့နယ် ကွမ်းရွက်ဈေးကွက်တွင် ယခုလက်ရှိအချိန် ကွမ်းရွက်အမြင့်ဆုံးဈေးတစ်ပိဿာ ငွေကျပ် ၄၀၀၀ နှုန်း၊ အနိမ့်ဆုံးဈေးတစ်ပိဿာ ငွေကျပ် ၂၀၀၀ နှုန်းရှိကြောင်းနှင့် ပြီးခဲ့သည့်နှစ် ယခုအချိန်တွင် ကွမ်းရွက်တစ်ပိဿာ အမြင့်ဆုံးဈေး ငွေကျပ် ၁၀၀၀ သာရှိခဲ့ကြောင်း သိရသည်။

" နွေရာသီရောက်တိုင်း ကွမ်းပင်တွေမှာ စုပ်ပိုးဝင်တာရော အပူရှိန်ကြောင့်အရွက်သေးတတ်တယ်၊ အရွက်လှအောင် ဘယ်လိုလုပ်ရသလဲဆိုရင် စိုက်ခင်းပေါ်မှာ လက်ရှိအမိုးမှာကို ထပ်ပြီးတော့ အရိပ်ပါးပါးတင် ပေးရတယ်။ ကွမ်းရွက်အပင်ခြေမှာ ဆောင်းအကုန်မှာ ကြွေကျတဲ့ သစ်ရွက်ဆွေးမှန်သမျှကို အမှိုက်ပုံထဲကိုမပစ်ဘဲ အသုံးချမယ်ဆိုရင် မြေဆွေးရသလို ရာသီဥတုအပူရှိန်ကိုလည်း ကာကွယ်ပေးသလိုဖြစ်တယ်။ အဲဒါမှအရွက်တွေ လှလာမှာဖြစ်တယ်။ အခုနှစ်ကတော့ နွေရာသီမှာ ကွမ်းရွက်စိုက်ခင်းကို ဂရုတစိုက်လုပ်ကိုင်တဲ့ တောင်သူတွေ ပိုပြီးအကျိုးရှိမှာ ဖြစ်ပါတယ်" ဟု လယ်ဇင်စံပြကျေးရွာမှ ကွမ်းစိုက်ပျိုးသူ ဦးငွေသောင်းက ပြောသည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ကွမ်းရွက်ဈေးကွက်ကို ထိခိုက်မှုမရှိသော်လည်း နွေရာသီ၌ဖြစ်လေ့ဖြစ်ထရှိသည့် အပူရှိန်မြင့်မားခြင်းနှင့် စုပ်ပိုးကျရောက်ခြင်းတို့ကြောင့် ကွမ်းရွက်အထွက်နှုန်းကျဆင်းသော်လည်း ကွမ်းရွက်ဈေးနှုန်းမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

## ဟားခါးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ရန် ပျိုးပင်ပေါင်း ၅၁၀၀၀ ပျိုးထောင်ထား

ဟားခါး မေ ၂၂

ဟားခါးမြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောပြုန်းတီးမှုကြောင့် ကြုံတွေ့ရမည့် သဘာဝ ဘေးအန္တရာယ်များ လျော့နည်းစေရေးအတွက် ၂၀၂၀ပြည့်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၅၁၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ပျိုးထောင်ထားရာတွင် ဟားခါးမြို့နယ်အတွင်း ဌာနဆိုင်ရာများနှင့် လူထုများအားဖြန့်ဝေရန်အတွက် ရေသင်းဝင် ပျိုးပင် ၅၀၀၀၊ မိုင်းဘော ပျိုးပင် ၁၀၀၀၀၊ ချယ်ရီပျိုးပင် ၁၀၀၀၀၊ ရှားနက် ပျိုးပင် ၅၀၀၀၊ ယူကလစ် ပျိုးပင် ၅၀၀၀၊ ခါတော်မီပျိုးပင်၃၀၀၀၊ စိန်ပန်းပြာ ပျိုးပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်းနှင့် မြို့နယ် သစ်တောဦးစီးဌာန အနေဖြင့် တောင်ဇလပ် ပျိုးပင် ၁၀၀၀ ကို ဟားခါးမြို့၊ ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်(၄/၀)တွင် မေ ၂၀ ရက်က စိုက်ပျိုးပြီးစီးခဲ့ပြီး ချယ်ရီပျိုးပင် ၁၀၀၀၀ ကို ဟားခါးမြို့ ဂေါက်ကွင်းတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးစန်းလှိုင်ဦးထံမှ သိရသည်။

**အောင်ခွီရှိန်း(ပြန်/ဆက်)**



## ဖြူးချောင်းဆည်ရေသောက်စနစ်များပြီးစီးပါက ဧက ၁၅၀၀၀ ကျော်ရေပေးဝေနိုင်မည်

ဖြူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကအားထားသော မြို့ဖြစ်ပြီးလယ်စိုက်ဧက ၁၅၇၅၀၀၊ နွေစပါးစိုက်ဧက ၅၂၀၀၊ ဖြူးချောင်းဆည်ရေပေးဝေရေး လက်ဝဲမြောင်းမကြီးရေမှ သုံးသီးစား စိုက်ဧက ၁၅၀၀ ကို ယခုနှစ်တွင် စိုက်ပျိုးနိုင်ခဲ့ပြီး လာမည့်နှစ်များအတွင်း သုံးသီးစားစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဖြူးချောင်းဆည်ရေသောက်စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ဖြူးချောင်းဆည် ရေသောက်စနစ်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အတွက် လျာထားသည့် လုပ်ငန်းများအားလုံး မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ယခုနှစ် ဆည်ရေမှ လယ်ဧက ၅၀၀၀ ကို ရေပေးဝေနိုင်ကြောင်း၊ လုပ်ငန်းများပြီးစီးပါက နောင်နှစ်နွေစပါးစိုက်ပျိုးရာသီတွင် လယ်ဧက ၁၀၀၀၀ ခန့် ထပ်မံရေပေးဝေနိုင်မည် ဖြစ်ကြောင်း စုစုပေါင်း စိုက်ဧက ၁၅၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်း ရေပေးဝေရေးဌာနမှ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်ဇော်က ပြောသည်။



ဆည်ရေသောက်စနစ်အတွက် အကောင်အထည်ဖော်တည်ဆောက်နေဆဲလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဖြူးချောင်းဆည်ရေရရှိမှုကြောင့် တောင်သူများ သုံးသီးစားစိုက်ပျိုးနိုင်၍ ဝင်ငွေတိုးကြသည့်အတွက် လာမည့်နှစ်တွင် ဆည်ရေရရှိသည့် လယ်များအားလုံးကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်ခရိုင်တွင် တောင်သူများ၏ မိုးစိုစပါးများကို စပါးအခြောက်ခံစက်ဖြင့် အခမဲ့ဝန်ဆောင်မှုပေး

ပြည် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ယခုရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် နွေစပါးစိုက်တောင်သူများ ရိတ်သိမ်းလျက်ရှိသည့် မိုးစိုစပါးများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ရည်ရွယ်၍ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ မိုးစိုစပါးများကို အခမဲ့အခြောက်ခံပေးခြင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ပြည်ခရိုင်အတွင်းမြို့နယ်ခြောက်မြို့နယ်ရှိ တောင်သူများ၏ လယ်ယာမြေများကို ထွန်ယက်ပေးခြင်း၊ ရိတ်သိမ်းခြွေလှေ့ပေးခြင်းနှင့်တောင်သူပိုင်/ပုဂ္ဂလိကပိုင်လယ်ယာ သုံးစက်ကိရိယာများကို ပြင်ဆင်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းခွင်များ ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၂**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို နှင့် တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်တို့သည် ယမန်နေ့က ပွင့်ဖြူမြို့သို့သွားရောက်ပြီး ပွင့်ဖြူမြို့၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ တည်ဆောက်နိုင်မည့် မြေနေရာနှင့် ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ စစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။ (ယာပုံ)

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့လမ်းမကြီးတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ အများပြည်သူများ ကူးစက်ရောဂါဘေးမှကင်းဝေးစေရေးအပြင်ထွက်လျှင် နှာခေါင်းစည်းတပ်သည့် အလေ့အထဖြစ်စေရန် ရည်ရွယ်ကာဆောင်ရွက်နေသည့် Mask Campaign ပြုလုပ်ရာသို့ သွားရောက်၍ ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးဖြင့် မြို့တွင်းမြို့ပြင် သွားလာနေကြသူများအနက် နှာခေါင်းစည်းမပါသူ၊ နှာခေါင်းစည်းမတပ်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ အန္တရာယ်ကင်းဝေးစေရေးအတွက် နှာခေါင်းစည်း ၁၀၀၀ ကို အခမဲ့ပေးဝေကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**





## ချင်းပြည်နယ်၌ အသွားအလာကန့်သတ်ထားသည့်နေရာနှင့် ပလက်ဝဒေသ နေရပ်စွန့်ခွာသူများအတွက် အလှူငွေများပေးအပ်

**ဟားခါး မေ ၂၂**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း အသွားအလာကန့်သတ်ထားသည့်နေရာအတွက် ငွေကျပ်သိန်း ၂၀ နှင့် ပလက်ဝဒေသနေရပ်စွန့်ခွာသူများအတွက် ငွေကျပ်သိန်း ၂၀ ကို ယမန်နေ့က ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ အသွားအလာကန့်သတ် ထားသည့်နေရာအတွက် Mercy Par Co., Ltd. ပိုင်ရှင် ဦးထောင်ကီယာန်းက အလှူငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ ချင်းပြည်နယ် ပလက်ဝဒေသ နေရပ်စွန့်ခွာသူများအတွက် CPC Public Co., Ltd. မှ ကိုယ်စားလှယ် ဦးဂျိုးဇက်နှင့် ဦးထောင်ကီယာန်းတို့က အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ (အပေါ်ပုံ)

အဆိုပါလှူဒါန်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြပြီး ချင်းပြည်နယ်အတွက် လှူဒါန်းပေးကြသော အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

**ဇိုလေးနွယ် (ပြန်/ဆက်)**

## KM Healthcare Myanmar Co., Ltd မှ ပြန်လည်အသုံးပြု၍ရသော နှာခေါင်းစည်းများ လာရောက်လှူဒါန်း

**ပဲခူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပဲခူးမြို့ ပြည်စက်မှုနယ်မြေရှိ KM Healthcare Myanmar Co., Ltd. မှ ယနေ့နံနက်ပိုင်းက ပြန်လည်အသုံးပြု၍ရသော နှာခေါင်းစည်း ၄၅၀ ကို လာရောက်လှူဒါန်းသည်။

KM Healthcare Myanmar Co.,Ltd. MD. Mr. Lee Dea Chun ကပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအန္တရာယ်ကင်းစွာ ပြန်လည်လျှော်ဖွပ်ပြီး ရေရှည်အသုံးပြု၍ရသော နှာခေါင်းစည်းများအားထုတ်လုပ်၍ လာရောက်လှူဒါန်းပေးရခြင်းဖြစ်ကြောင်း၊ ထပ်မံ၍လည်း လိုအပ်လာပါက ပဲခူးမြို့ ဆေးရုံကြီးအတွက်လည်း ကျန်းမာရေးသုံးပစ္စည်းများ ဆက်လက်လှူဒါန်းပေးသွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း ပြောသည်။

ထို့နောက် MD. Mr. Lee Dea Chun နှင့် တာဝန်ရှိသူများကပြန်လည်အသုံးပြု၍ရသော နှာခေါင်းစည်း ၄၅၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (အောက်ပုံ)

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးများ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေ၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းနှင့် တာဝန်ရှိသူများ၊ KM Healthcare Myanmar Co., Ltd. မှ MD. Mr. Lee Dea Chun ဦးဆောင်သော ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကယားပြည်နယ်၌ ကိုဗစ် -၁၉ ကာလအလွန် စီးပွားရေးအခြေအနေ အွန်လိုင်းဆွေးနွေးပွဲ ကျင်းပ

**လွိုင်ကော် မေ ၂၂**

ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးအခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ဦးမော့လာစေရေး၊ ကိုဗစ်-၁၉ ကာလအလွန် ဆက်လက် လုပ်ဆောင်သင့်သည့် စီးပွားရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့ အစိုးရဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပညာရှင်များ ပါဝင်ဆွေးနွေးခဲ့သည့် ကိုဗစ်ကာလအလွန် စီးပွားရေးအခြေအနေ အွန်လိုင်း ဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှူး ဦးမျိုးလွင်၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှူး ဒေါ်မေမျိုးဇော်၊ ပြည်နယ်လူမှုဖူလုံရေးဦးစီးဌာနမှူး ဒေါ်မြတ်မြတ်ဦး၊ SME Business Institute ဦးစိုးဟိန်း (အာဆီယံစီးပွားရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ်)နှင့် တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။



ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကာလအတွင်းစီးပွားရေး ထိခိုက်မှုရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအား အားပေးစကားပြောကြားခဲ့ပြီး (ဝဲပုံ)တက်ရောက်လာသည့် လုပ်ငန်းရှင်သုံးဦးက လုပ်ငန်းထိခိုက်မှု အခြေအနေများကို တင်ပြဆွေးနွေးခြင်း၊ လုပ်ငန်းရှင်များက မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်းနှင့် ဌာနများမှ ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်သည်။

**ဇော်မင်းထွန်း (ပြန်/ဆက်)**

## လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**တောင်ကြီး မေ ၂၂**

ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀) ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မေ ၁၅ ရက်က ကျင်းပပြီးစီးခဲ့သည့် ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၀)နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ အစည်းအဝေး၏ အဆက်ဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၀) တွင် အမှုတွဲပေါင်း ၈၀ ရှိကြောင်းနှင့် အရေးကြီးသည့် အမှုတွဲများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ ရှမ်းပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၀) တင်ပြချက်များကို ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသူများက တင်ပြဆွေးနွေးခဲ့ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သပိတ်ကျင်းမြို့မဈေး၌ အသိပညာပေးလှုပ်ရှားမှုများ ဆောင်ရွက်

**သပိတ်ကျင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ သပိတ်ကျင်းမြို့နယ် ကိုယ်စားပြုလူငယ်ကွန်ရက်အဖွဲ့က ဦးဆောင်၍ နှာခေါင်းစည်းနှင့် လက်အိတ်များပေးဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို သပိတ်ကျင်းမြို့မဈေးအတွင်း ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးပွဲသို့ လူငယ်ရေးရာကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ပြည်သူများ ပူးပေါင်းပါဝင် လှုပ်ရှားခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ပုဂံ - ညောင်ဦး ရှေးဟောင်းအမွေအနှစ်နယ်မြေ လုံခြုံရေးကင်းလှည့်ခြင်းလုပ်ငန်းများဆောင်ရွက်

**ညောင်ဦး မေ ၂၂**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံ - ညောင်ဦး ရှေးဟောင်းအမွေအနှစ် လုံခြုံရေး အတွက် ဒေသခံပြည်သူများ (ပုဂံ - ညောင်ဦး ညှော့လမ်းညွှန်များ အသင်း) က ကိုဗစ်-၁၉ ကြောင့် အသွားအလာ ကန့်သတ်ချက်များ ရှိနေသည့် ကာလများအတွင်း သက်ဆိုင်ရာအစိုးရဌာနများနှင့်အတူ ပူးပေါင်းကင်းလှည့်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့အသင်းက ဒီအချိန်မှာ ပုဂံဘုရားပုထိုးတွေကို ကာကွယ်ဖို့ ဆုံးဖြတ်ချက် ချထားပါတယ်။ ဒီစီမံချက်ကို ရှေးဟောင်းပစ္စည်းတွေနဲ့ ရှေးဟောင်းဇုန်အတွင်းရှိ သားရဲတိရစ္ဆာန်တွေ ထိန်းသိမ်းရန်၊ အသင်းရဲ့ စည်းလုံးညီညွတ်မှု အင်အားနဲ့ နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့ကွက်လပ်ကို လိုအပ်တဲ့အချိန်မှာ ဖြည့်ဆည်းပေးနိုင်ရန်၊ Culture Tourism နှင့် Tourism Side တွေကို ထိန်းသိမ်းရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ပုဂံ-ညောင်ဦး ညှော့လမ်းညွှန်များ အသင်းအမှုဆောင် ကိုမြင့်နိုင်က ပြောသည်။



ခရီးသွားဧည့်သည်အသွားအလာနည်းပါးလျက်ရှိသော ဧရာဝတီမြစ်ကမ်းနံဘေးမှ ဗူးဘုရား။

ကင်းလှည့်ခြင်း လုပ်ငန်းကို ညှော့လမ်းညွှန်အင်အား ၁၀၀ ဖြင့် လမ်းကြောင်း သုံးခုခွဲကာ ညောင်ဦးအဖွဲ့က ရွှေစည်းခုံ၊ ကျန်စစ်သားဥမင်၊ အလိုတော်ပြည့် - နန်းမြင့်မျှော်စင် လမ်းကြောင်း၊ ပုဂံအဖွဲ့က ဓမ္မရာဇက၊ ရွှေဆံတော်၊ သံဗျင်စွာဘုရားလမ်းကြောင်းနှင့် မြင်းကပါတောင်ဘီအဖွဲ့က မြင်းကပါ-တောင်ဘီလယ်ယားလမ်းကြောင်းများဖြင့် နေ့စဉ် နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့ သုံးကြိမ် ဆောင်ရွက်လျက်ရှိသည်။

ထူးခြားဖြစ်စဉ်များကို နေ့စဉ် စနစ်တကျ မှတ်တမ်းတင်ကာ တစ်ပတ်လျှင်တစ်ကြိမ် ပုဂံရှေးဟောင်းသုတေသနဌာနနှင့် ညောင်ဦးခရိုင်သစ်တောဦးစီးဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း ပုဂံ-ညောင်ဦးညှော့လမ်းညွှန်များအသင်း၊ အတွင်းရေးမှူး ကိုအောင်ကျော်၏ ပြောကြားချက်အရ သိရသည်။

**ဖေလိန်း(ပုဂံ)**

## ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**တနိုင်း**

တနိုင်းမြို့၌ ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များကို လူစည်ကားရာဈေးတွင် မေ ၂၂ ရက်က ဈေးသည်နှင့်ဈေးဝယ်များ လက်ဝယ်အရောက် ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဦးနှင့် ဝန်ထမ်းများက တနိုင်းချောင်းဘေးတွင် ဖွင့်လှစ်ထားသည့် ယာယီဈေး၊ လမ်းသွားလမ်းလာပြည်သူများ၊ စာကြည့်တိုက်လာသည့် စာဖတ်ပရိသတ်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အခမဲ့ ဖြန့်ဝေပေးခြင်းဖြစ်သည်။ **ဝါဝါ(ပြန်/ဆက်)**

**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့၌ ပြည်သူများအား ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ကူးစက်မှုအန္တရာယ်မှ ကင်းဝေးစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များကို မေ ၂၂ ရက်က ဖြန့်ဝေပေးခဲ့သည်။ ထိုသို့ဖြန့်ဝေရာ၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကျင်ငိုက်မန်နှင့် ဝန်ထမ်းများက ထန်တလန်မြို့အတွင်းရှိ ဈေးဆိုင်များ၊ လမ်းသွားလမ်းလာပြည်သူများထံ ဖြန့်ဝေခဲ့သည်။ (အောက်ပုံ) **ယောန(ပြန်/ဆက်)**



**နမ္မတူ**

ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများက မေ ၂၂ ရက်က မြို့နယ် မြို့မဈေးနှင့် ယာယီပျံကျဈေးတို့၌ အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးရာတွင် ပြောကြားချက်မှ ကောက်နုတ်ချက်များ၊ စနစ်တကျလက်ဆေးနည်းများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် အနုပညာရှင်များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပညာပေးနှိုးဆော်ချက်များ စသည်ဖြင့် ကဏ္ဍစုံလင်စွာ ပါရှိကြောင်း သိရသည်။ **လူမော် (ပြန်/ဆက်)**

# တောင်ကြီး၌ စေတနာ့ဝန်ထမ်းနည်းပြများ ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မေ ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း စေတနာ့ဝန်ထမ်းနည်းပြများ(TOT)ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်နေသူများသည် ကိုဗစ် - ၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်အကူအညီပေးလုပ်ငန်းစဉ်များစွာ အားကိုးရသူများဖြစ်ကြောင်း၊ မိမိတို့က အကူအညီပေးအပ်မည့်သူများအကြား တာဝန်ရှိမှုများ၊ ကျင့်ဝတ်များကို အပြန်အလှန်နားလည်သဘောပေါက်ကာ ထိရောက်အကျိုးရှိစေပြီး စနစ်ကျသော ဝန်ဆောင်မှုများပေးရန် လိုအပ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့်သူများသည် အသွားအလာကန့်သတ်ထားသည့်နေရာများ၏ လုပ်ငန်းစဉ်များတွင် မိမိ၏ ကျွမ်းကျင်မှုအလိုက် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးခြင်းအပြင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အချက်အလက်များကို သိရှိပြီး ထိရောက်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့်သင်တန်းမှ ပို့ချသင်ကြားမည့် ဘာသာရပ်များကို ကောင်းစွာသင်ယူသွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်များအသင်း၊ ကလေးအထူးကု ဆရာဝန်ကြီး(ငြိမ်း)၊ ဒေါက်တာသန်းထိုက်နှင့် ဒေါက်တာဇော်လင်းဖေတို့က ဦးတည်အုပ်စုအလိုက် ဝန်ဆောင်မှုပေးခြင်း၊ ရောဂါကာကွယ်ခြင်း နည်းလမ်းများကို ပို့ချ၍လည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇဝနကိုက ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြူကြူဇော်က စိတ်၊ လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ ရှမ်းပြည်နယ် Unicef ရုံး တာဝန်ခံ ဒေါ်ခင်မိုးအေးက ခွဲခြားနှိမ့်ချဆက်ဆံခြင်း၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးထွန်းဦးက ပြောဆိုဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်မှုဘာသာရပ်များကို ပို့ချခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့မှ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ဆိုင်ကယ်ကယ်ရီလုပ်သားများအား ဟင်းစားငါး၊ နှာခေါင်းစည်းနှင့် ထောက်ပံ့ငွေကျပ် ၅၀၀၀ စီ လိုက်လံထောက်ပံ့လှူဒါန်းနေသည်ကို တွေ့ရစဉ်။
ကျော်စိုး (ကော့သောင်း)



## ပုဂံမြို့၌ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်သွားလာရေး နေ့စဉ်စစ်ဆေး

**ပုဂံ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့၌ ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ဌာနဆိုင်ရာများ၊ နယ်မြေရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှု ရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ပြည်သူများ အပြင်သွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်သွားလာခြင်း ရှိ/ မရှိ နေ့စဉ်ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများ အပြင်သွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်သွားလာသည့် အလေ့အကျင့်များရရှိစေရေးအတွက် ကြပ်မတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့က မြို့တွင်း လူသွားလူလာများသည့်နေရာများ၌ စုရပ်ပြုလုပ်ကာ နှာခေါင်းစည်း တပ်ဆင် သွားလာခြင်း မရှိသူများကို နှာခေါင်းစည်းနှစ်ခုလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပြီး အရေးယူတပ်ဆင်သွားလာစေခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ချင်းရွှေဟော်၌ ငှက်ဖျားရောဂါပိုး စစ်ဆေးခြင်းနှင့် ဆေးစိမ်ခြင်ထောင်များဖြန့်ဝေ

**ချင်းရွှေဟော် မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဖွံ့ဖြိုးကျန်းမာရေးအဖွဲ့နှင့် ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ ချင်းရွှေဟော်မြို့ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်များသို့ သွားရောက်ပြီး ငှက်ဖျားရောဂါမဖြစ်ပွားစေရေးအတွက် စစ်ဆေးကုသခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့က ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာန မှ ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာသီဟ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးဇော်ဝင်းထွန်း၊ ပြည်သူ့ဖွံ့ဖြိုးကျန်းမာရေးအဖွဲ့မှ ငှက်ဖျားရောဂါဆိုင်ရာ တာဝန်ခံ ဒေါ်စုသက်လှိုင်၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့် - ၁ ဒေါ်ဂျာရိန်နှင့်အဖွဲ့တို့က ချင်းရွှေဟော်မြို့ အမှတ် (၂) ရပ်ကွက်နှင့် အမှတ် (၃) ရပ်ကွက်များသို့ ကွင်းဆင်းပြီး ခြင်အန္တရာယ်ကာကွယ်ဆေးဖျန်းခြင်းနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်တတ်သော ငှက်ဖျားရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်နိုင်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားရောဂါပိုးရှိ/မရှိ သွေးဖောက်စစ်ဆေးကုသခြင်းနှင့် ဆေးစိမ်ခြင်ထောင်အလုံး ၃၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ယာပုံ) **ဇင်ဇင်(ပြန်/ဆက်)**



# ထီးချိုင့်၊ မိုးကုတ်၊ မိုင်းရယ်နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် မေ ၂၂

**ကမ်းနီရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၀ ရက် ည ၁၀ နာရီက ထီးချိုင့်မြို့နယ် ချိတ်သင်ကျေးရွာလမ်းဆုံ မန္တလေး-ဗန်းမော်သွားကားလမ်းတွင် မနောမောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၁၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ သိမ်းဆည်းရမိခဲ့သည်။**



မနောအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ မေ ၂၁ ရက် ညနေ ၅ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် လယ်ကြီးကျေးရွာအနီးရှိ လယ်ကြီးပူးပေါင်းစစ်ဆေးရေးစခန်းတွင် စိုင်းဆိမောင်းနှင်ပြီး စိုင်းဝမ်းလှိုင်လိုက်ပါလာသည့် WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုညဒသမ ၃၃ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊ ထိုအတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့ အမှတ်(၃) ရပ်ကွက်၊ နယ်မြေ(၂)နေ လုံးပီး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မခမ်းညိုအားတွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေးကားလမ်း၊ မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် AD-VAN အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ မျိုးသန့်အောင်(ခ)ဖိုးလုံး ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဘိန်းဖြူ သုညဒသမ ၀၀၆၅ ကီလို၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၂

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၂၅၃ စီး၊ သွင်းကုန် ၄၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉ ဒသမ ၀၈၅ သန်း ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Fuso ယာဉ်တစ်စီးပေါ်တွင် (Used) ရေခဲသေတ္တာ Size စုံ (27)U၊ Forklift (Toyota GENEO) ယာဉ်တစ်စီးနှင့် ပစ္စည်းတင်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၈၁၀ ဖမ်းဆီးရမိကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့နယ်၌ ယာဉ် လေးစီး ဆင့်ကဲတိုက်မိ

ကျောက်ပန်းတောင်း မေ ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ပန်းတောင်း-မိတ္ထီလာသွား မြိုင်သာယာကျေးရွာအနီး ကားလမ်းပေါ်တွင် ယနေ့နံနက်ပိုင်းက ကျောက်သယ်တင် ယာဉ်တစ်စီးအရှိန်လွန်ရာမှ ယာဉ်လေးစီး ဆင့်ကဲတိုက်မိကြောင်း သိရသည်။



ယာဉ်လေးစီး ဆင့်ကဲတိုက်မိမှုကြောင့် တိမ်းမှောက်၊ ပျက်စီးသွားသည့်ယာဉ်များကို တွေ့ရစဉ်။

မြိုင်သာယာကျေးရွာနေသူ ယာဉ်မောင်း နေရဲဇော် (၂၅နှစ်) သည် မိတ္ထီလာဘက်မှ ကျောက်ပန်းတောင်းဘက်သို့ စီနိုထရပ်ယာဉ်ဖြင့် လမ်းခင်းကျောက်များ တင်ဆောင်မောင်းနှင်လာစဉ် အရှိန်လွန်၍ လားရာတူရှေ့မှ ခပေါင်းကုန်းကျေးရွာနေသူ ဦးဆန်းကျော် မောင်းနှင်လာသော ပရာဒိုယာဉ်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ဆက်လက်၍ ပရာဒိုယာဉ်က မြိုင်သာယာကျေးရွာနေ စည်သူဟိန်း (၃၅နှစ်) မောင်းနှင်နေသော ဟွန်ဒါဖစ်ယာဉ်ကို လည်းကောင်း၊ ယင်းနောက် ဟွန်ဒါဖစ်ယာဉ်က ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်လာသည့် ထော်လာဂျီယာဉ်ကို လည်းကောင်း ဆင့်ကဲတိုက်မိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ယာဉ်ဆင့်ကဲတိုက်မိမှုကြောင့် ယာဉ်များ တိမ်းမှောက်ပျက်စီးခဲ့ပြီး နေရဲဇော်တွင် ဒဏ်ရာ(မစိုးရိမ်ရ) ရရှိကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ နေရဲဇော်အား ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

## ဆင်ပေါင်ဝဲ၌ တရုတ်နိုင်ငံမှ ပြန်လာသူများ တင်ဆောင်လာသည့် ယာဉ်တစ်စီး လမ်းဘေးသစ်ပင် ဝင်တိုက်မိကာ ကိုးဦးဒဏ်ရာရ

အောင်လံ မေ ၂၂

တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများအား သွားရောက်ခေါ်ဆောင်သည့် မော်တော်ယာဉ်တစ်စီးသည် ယနေ့နံနက်ပိုင်းက ဆင်ပေါင်ဝဲမြို့နယ် ဖိုစွတ်ကျေးရွာ အောင်လံ-မကွေးကားလမ်းဘေးရှိ ကုက္ကိုပင် ကို ဝင်တိုက်မှုဖြစ်ကြောင်း သိရသည်။

အောင်လံမြို့နယ် အောင်မြေကုန်းကျေးရွာနေသူ ယာဉ်မောင်း ကျော်ဇင်ထူး မောင်းနှင်သော 9N---- နစ်ဆန်း ယာဉ်သည် တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ကံမမြို့နယ်နေ အမျိုးသား ၁၁ ဦး အားလောက်ကိုင်မြို့နယ်သို့ သွားရောက်ခေါ်ဆောင်လာစဉ် ဆင်ပေါင်ဝဲမြို့နယ် ဖိုစွတ်ကျေးရွာအနီးအရောက် လမ်းဘေးရှိ ကုက္ကိုပင်ကို ဝင်တိုက်ကာ တိမ်းမှောက်ခြင်း ဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် ယာဉ်မောင်း ကျော်ဇင်ထူးမှာ ယာဘက်ပေါင်ရိုးကျိုး ခြေသလုံးပွန်းပဲ့ (မစိုးရိမ်ရ) ဒဏ်ရာရရှိသဖြင့် ၎င်းအား မေတ္တာမွန်မော်တော်ယာဉ်ဖြင့် အောင်လံမြို့နယ် ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ကျန် (မစိုးရိမ်ရ) ဒဏ်ရာအနည်းငယ်ရသူ ရှစ်ဦးတို့ကို ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်တိုက်နယ်ဆေးရုံသို့ လည်းကောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သိန်းလွင်(အောင်လံ)


ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သင်္ဘောစီး၊ ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊ ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။ (၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ကျပ်
၂၀၀၀၀ကျပ်



လင်းယုန်အဆင့်မြင့်တည်းခိုခန်း

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသည်။

သန့်ရှင်းသည်။ အခန်းတိုင်းအဲကွန်းရှိသည်။ ရေချိုးခန်းပါသည်။ ဘိုထိုင်ပါသည်။ မီးပျက်လျှင် မီးစက်မောင်းသည်။

(၁၉၂)အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး

☎ ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၄၀၄၇၇၁၆၀၁

၁၀၀၀၀ကျပ်
၁၅၀၀၀ကျပ်



ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပဲခူးမြို့ဖိုင်း/တောင်ရပ်ကွက်၊ကွင်းအမှတ်-၃(ဃ)၊ဦးပိုင်အမှတ်(၅က/၁၅က/၂၇၉၂၁၈)၊ဥသျှောမြို့သစ်(၇)ရပ်ကွက်၊ကွင်းအမှတ်(၆၂၃)၊ဦးပိုင်အမှတ်(၃၃/၁၃၂N-၁)၊ မြေဧရိယာပေါင်း (၁၃.၅၀)ဧကရှိ မြေအား ဦးစည်သူနိုင်လင်းပါ(၃)ဦးမှ ဟိုတယ်၊အပန်းဖြေစခန်း နှင့် အဆင့်မြင့်ညစျေးစီမံကိန်း ဆောင်ရွက်ရန်အတွက် မြေပေးမိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုကကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်အောက်ဖော်ပြပါကာယကံရှင်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးစည်သူနိုင်လင်း၁၂/ကတတ(နိုင်)၀၂၅၇၀၆
ဖုန်း-၀၉-၆၉၅၃၀၂၀၆၂



အများသိစေရန်ကြေညာချက်

သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၂)လမ်း၊ အမှတ်(၅၄)ရှိ (၆)ထပ်တိုက် အဆောက်အအုံဆောက် လုပ်ခွင့်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၈-၁၂-၂၀၁၆ ရက်စွဲပါစာအမှတ် ၁၆၅၁/၁၆၅၁/စည်ပင်-ယာ(အုံ)အရ ပိုင်ရှင် ဦးပြည်အေး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်အောင်ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

ယခုအခါ အဆိုပါ (၆)ထပ်တိုက်အဆောက်အအုံ၏ အဆောက်အအုံပြီးစီးကြောင်း လက်မှတ်(BCC)အား ပိုင်ရှင်ဦးပြည်အေးမှ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့ရပ်ကွက်ကြီး(၂)၊မြေတိုင်းအမှတ်(၉)၊မြေကွက်အမှတ်(၂၄၇)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဦးအေးအမည်ဖြင့် မြေပေးမိန့် ရရှိခဲ့ပါသည်။အဆိုပါမြေအားမြေပေးမိန့်ရရှိသူ ဦးအေးထံ မှ ကျွန်တော် ဦးဟိန်းမြတ်အောင် သည် (၃.၁.၁၉၉၂)ရက်နေ့တွင်အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူခဲ့ပြီး အဆိုပါမြေပေးမိန့် မှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှ(၁၅)ရက်အတွင်းကန့် ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

ဦးဟိန်းမြတ်အောင်
အမှတ်(၂၄၇)၊ရပ်ကွက်ကြီး(၂)၊မြေတိုင်းအမှတ်(၉)၊ဥသျှောမြို့သစ်၊ပဲခူးမြို့
ဖုန်း-၀၉ ၅၃၉၀၃၇၃



တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ်၊ ဒဿနိကဗေဒဘာသာရပ်ကို (၂၀၁၉)ခုနှစ်တွင် အောင်မြင်ပြီးသူ မကေခိုင်ဝင်း (၄-ဒ/၈၈) နှင့်မခင်စန်းဝင်း ၁၃/သပန(နိုင်)၁၃၄၅၄၈တို့မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်မှုရင်းများအရ တစ်ဦးတည်း ဖြစ်ပါကြောင်း။



ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောမြို့သစ်ရပ်ကွက်ကြီး ၉၊ ကွင်းအမှတ်၁၁၅၅၊ ဦးပိုင်အမှတ် (N၁၆/၁) ဧရိယာ(၀ဒသမ၆၂)ဧကရှိ မြေအား ဒေါ်တင်မြရီထံမှ ကျွန်တော် ဦးအောင်မျိုးသန့်က အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိခဲ့သော မြေအား ကျွန်တော် ဦးအောင်မျိုးသန့်အမည်ဖြင့် မြေပေးမိန့်လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း မြို့နယ်မြေကွက်နေရာ စိစစ်ရေးကော်မတီထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မျိုးသန့် ၇/ပခန(နိုင်) ၁၈၄၇၅၀
ဖုန်း-၀၉-၅၁၂၄၅၉၀



အမည်ပြောင်း

တာချီလိတ်မြို့၊ ရှမ်းအရှေ့တန်ဆောင်ကိုယ်ပိုင်ကျောင်း၊ စတုတ္ထတန်းမှ မအားပွင့်အား မနန်းဟွမ်ယိင်း ဟုပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးစိုင်းမုန့် ၁၃/တခလ(နိုင်)၀၆၂၇၅၆ ဖြစ်ပါကြောင်း။



ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁၀)ရပ်ကွက် အတွင်းရှိ အကွက်အမှတ်(၉/မြို့ဝမ်ရပ်) ဦးပိုင်အမှတ် (၂၄)မြေချိန်ရေိယာ (၀ဒသမ ၂၅၀)ဧကရှိ မြေကွက်အား ဦးဇော်မင်းဦးမှ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ အဆိုပါ မိမိပိုင်ဆိုင်သည့် မြေကွက်၏(၀ဒသမ၂၅၀)ကေအနက်မှ (၀ဒသမ၀၈၅)ကေအား မအေးလီလီအောင် ၁၃/လရန(နိုင်)၁၁၁၂၆၇ထံသို့ အပြီးအပိုင်ရောင်းချပြီး မြေကွက်ဝယ်ယူသူမှ စာချုပ်အမှတ်(၁၂၅/ ၂၀၂၀)ဖြင့် အခွန်များပေးဆောင်၍ ဦးပိုင်ခွဲစိတ်ခွင့်မြေငှားဂရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၃၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

### အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များကိုအသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့်အီလက်ထရွန်နစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m-Banking, e-Banking, i-Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ Mobile Payment စနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm) ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှအခွန်ပေးသွင်းခြင်းနှင့် သမဝါယမဘဏ်လီမိတက် (CB Bank)၏ CB Pay & Internet Banking စနစ်များဖြင့် အခွန်ငွေပေးသွင်းခြင်းစသည့် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များ အသုံးပြုပေးဆောင်နေပါသည်။

၃။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်မှစ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ရောဝတီဘဏ်လီမိတက် (AYA Bank) ၏ AYA Mobile Banking, Internet Banking & AYA Pay များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၄။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် ရောဝတီဘဏ်လီမိတက် (AYA Bank) အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေ လွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြုပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင်(သို့)ကိုယ်စားလှယ်မှ ငွေသား/ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များအသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင်ကြည့်ရှုနိုင်ပြီး သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ (e-Payment Section၊ ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၈၃၇၉၀၂၁ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

ပြည်တွင်းအခွန်များဦးစီးဌာန


၁၉၃၃ခုနှစ် - သမားတော်ကြီး ဦးဘရှိန်စတင်တည်ထောင်သည်

နေမကောင်းလျှင်

ရွှေမန်းတောင်

အမှတ်တံဆိပ်

TMR 002348(1016)

ကြော်ငြာခွင့်ပြုချက်အမှတ်

တဆဝက(စာနယ်ဇင်း)၁၄၅/၀၁၁၇

ချွေးထုတ်ငန်းဆေးကိုသုံးဆောင်ပါ

အအေးမိ၊ ကိုယ်လက်ကိုက်ခဲခြင်း၊ တုပ်ကွေးဖျား၊ အဖျားရောဂါ၊

အနာဝင်ခြင်း နှင့်ချွေးငုတ်ခြင်းများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ရွှေမန်းတောင်တိုင်းရင်းဆေးဝါးဖြန့်ချိရေး - အမှတ်(၁၀၂)၊၃၈လမ်း၊ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၇၆၈၀၈၊ ၅၄၉၀၄၂(Res:)၊၀၉ - ၈၅၉၈၄၅၃


**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ကျောက်စိမ်း (၅) လမ်း၊ မြေကွက်အမှတ် (၁၈၆)ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ပေx၆၂.၅ပေ)၊ မြေဧရိယာ ၀ ဒသမ ၀၅၇ ဧက စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ယဉ်နု (TGA-၀၀၉၃၀၃) ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးသန့်ဇင် ၉/ပမန(နိုင်) ၁၂၆၃၂၇ သည် စာချုပ်စာတမ်းနှင့်တကွ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါဦးသန့်ဇင်မှ ပြန်ရောင်းချလိုကြောင်း ပြောလာသဖြင့် ကျွန်ုပ် ဦးဝေမိုချန် ၁/မကန(နိုင်)၁၀၀၄၆၆ ကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးဝေမိုချန်

ဖုန်း-၀၉-၈၈၅၅၅၈၈၉၉

### အများသိစေရန် ကြေညာခြင်း

ဦးသိန်းမောင်၏သမီး မနှင်းဦးဝေ ၁၂/ပဇတ(နိုင်)၀၃၀၈၂၁ ကိုင်ဆောင်သူ အမှတ်(၉၆/၉၈)၊ ၃လွှာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူ၏ လွှဲအပ်ချက်အရ

ဦးတင်ဝင်း၏သား မောင်အောင်ဖြိုးထိုက်(ခ)ဂျယ်ရီ ၁၂/ပဘတ(နိုင်) ၀၃၃၂၉၃ ကိုင်ဆောင်သူနှင့် မနှင်းဦးဝေတို့သည် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး ရတနာ (၂) ဦးထွန်းကားခဲ့ပါသည်။ မောင်အောင်ဖြိုးထိုက်သည် မိသားစုအပေါ် တာဝန်မကျေခြင်း၊ အိမ်ထောင်ရေးသာယာမှုမရှိခြင်း၊ ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုကျူးလွန်ခဲ့ခြင်းကြောင့် သည်းခံခွင့်လွှတ်နိုင်စွမ်းမရှိသဖြင့် လွန်ခဲ့သည့် (၅)နှစ်ကျော်ကာလမှစ၍ တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းကြောင်းနှင့်မျှ ပတ်သက်ဆက်နွှယ်မှုမရှိ၊ လင်ခန်းမယားခန်းပြတ်စဲခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ခြင်းကိုလက်ခံသူ- | |
|---|---|---|
| မနှင်းဦးဝေ | ဒေါ်သီတာခင်လတ် | မနှင်းဆုအောင် |
| ၁၂/ပဇတ(နိုင်)၀၃၀၈၂၁ | စဉ် ၅၂၆၅ | စဉ် ၁၄၉၄၁ |
| အမှတ်(၉၆/၉၈)၊(၃)လွှာ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| လမ်း(၅၀)၊ပုဇွန်တောင်မြို့နယ်၊ | ၀၉-၉၅၁၁၉၅၆၁၄ | |
| ရန်ကုန်တိုင်းဒေသကြီး | ၀၉-၇၆၂၀၇၆၉၅၀ | |

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၇/၂၊ Eco မျက်နှာချင်းဆိုင်)၊ ဦးပိုင်အမှတ် (နှင်းဆီလမ်း-၇၁)၊ ဧရိယာ ၀ဒသမ၁၁၀ဧကအား ဒေါ်နေခြည်နု အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ

မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**သင့်သေွးဖြင့် အသက်ကယ်ပါ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ရေနံချက်စက်ရုံများမှ အောက်ဖော်ပြပါ ရေနံထွက်ပစ္စည်းများအား ၂၃-၆-၂၀၂၀ ရက်(၁၃:၀၀) နာရီတွင် တင်ဒါပိတ်၍ ယင်းနေ့(၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ရေနံထွက်ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | ပမာဏ |
|---|---|---|---|---|
| ၁ | သံပရာကန် | စီဂျီအို | ဂါလန် | ၅၀၀၀၀၀ |
| ၂ | သံပရာကန် | ရေနံမီးသွေး | မက်ထရစ်တန် | ၁၀၀၀ |
| ၃ | ချောက် | ရေနံချေး | ဂါလန် | ၃၅၉၂၇၇ |
| ၄ | ချောက် | ဖယောင်းစစ်ကျကျန်ရည် | ဂါလန် | ၄၁၆၈၉ |

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
## အဆောက်အဦအထူးအဖွဲ့ (၁၀)
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## အမှတ်စဉ် (၂/၂၀၂၀)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၁၀)၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တာဝန်ယူတည်ဆောက်မည့် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၅)ထပ်ဆောင်နှင့် မုံရွာဆေးရုံကြီးဝင်းအတွင်း အပိုဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သောတည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၂၀ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၅-၂၀၂၀ ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၄-၆-၂၀၂၀ ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - နံနက် ၁၀:၀၀ နာရီ

၂။ တင်ဒါပုံစံ (Form) နှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အဆောက်အဦအထူးအဖွဲ့ (၁၀)၊ မုံရွာမြို့တွင် ၄-၅-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၂၀၂၂၁၀၄၉၊ ၀၉-၄၅၀၅၄၀၃၇၁၊ ၀၉-၄၀၀၄၀၆၀၆၉၊ ၀၉-၃၁၁၁၆၄၆၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဝန်ထမ်းခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာနှစ်နေရာသို့ လျှောက်ထားနိုင်ပါသည်-

(က) Website စီစဉ်ရေးမှူး -1 Post
- (၁) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး၊ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်။
- (၂) ဘွဲ့ရဖြစ်ပြီး၊ Website နှင့်ပတ်သက်သော Certificate ရှိသူ၊ လက်တွေ့ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- (၃) အလုပ်ချိန် (၈:၃၀ နာရီမှ ၁၆:၃၀ နာရီထိ)
- (၄) လစာ(ညှိနှိုင်း)

(ခ) Computer ကျွမ်းကျင် -1 Post
- (၁) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (၂) A+ လက်မှတ်ရရှိပြီး Software & Hardware လက်တွေ့ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (၃) Email/Viber ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- (၄) Photoshop ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- (၅) လစာ(ညှိနှိုင်း)

(ဂ) ၁၂-၆-၂၀၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားကြရန်

၂။ အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-
Ph-067-432382/067-432385
Email-mgjea.npt@gmail.com

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃-က)၊ ဦးပိုင်အမှတ်(၆၄/၃)၊မြေဧရိယာ ၀ ဒသမ ၁၀၇ ဧကရှိ မြေကွက်ကို ဦးလှမောင်အမည်ဖြင့် ၂၉-၁-၂၀၁၂ ရက်ထိ (၁၅)နှစ်ဂရန် သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး ၃၁-၅-၂၀၁၃ ရက်တွင် ဦးလှမောင်ထံမှ ဒေါ်မာလာမြင့် နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်ရောင်းဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်မာလာမြင့် ၁/မကန(နိုင်)၀၁၈၄၉၉ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း၊အသစ်ရရှိရေးအတွက် ၅-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၂၈/၂၀၂၀)ကို ၁၀-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၀၇/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လေလံကြော်ငြာ

၁။ မော်လမြိုင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ကမ်းနားလမ်း၊ စစ်ကဲကုန်းရပ်၊မော်လမြိုင်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသောထုခွဲအဆင့်ရောက် စားသုံးကုန်၊လူသုံးကုန်ပစ္စည်းနှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် ၄-၆-၂၀၂၀ ရက် နံနက် ၁၀:၀၀ နာရီတွင် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံပွဲနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မော်လမြိုင်မြို့**

(၇)ရက်သားသမီးများ အောင်မြင်ကြီးပွားတိုးတက်ဖို့အတွက်
တစ်နှစ်တာဆောင်ထားသင့်သည့်စာအုပ် -
မြန်မာသက္ကရာဇ်-၁၃၈၂ ခုနှစ်
စံ-ကော်ဘို
မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
City Mart, Ocean, Capital, ABC Convenience Store
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
**ပင်ရင်းဖြန့်ချိရေး**
အမှတ်-၂၈၆(မြေညီထပ်)၊
လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့။
ဖုန်း -၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
**မန္တလေးဖြန့်ချိရေး**
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်-၂၂၁၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း -၀၂ ၄၀၃၉၇၁၇၊ ၄၀၆၀၁၃၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးကိုဋ္ဌပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၀**

ဒေါ်ရှီဘိုရာနီ(ခ)ဒေါ်မြင့်မြင့်စိုး နှင့် ၁။ ဒေါ်ခင်ဆွေ
၂။ ဦးစန်းအောင်
၃။ ဦးမြင့်သန်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ် (၉၂၇)နေဒေါ်ခင်ဆွေ၊ ဦးစန်းအောင်၊ ဦးမြင့်သန်း (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင်အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင်ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်တို့နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၂၄

ဒေါ်နှင်းမြသန္တာ **နှင့်** ၁။ ဦးမောင်မောင်ကြီး
၂။ ဦးအောင်တင်
(၎င်း၏ ကိုယ်စားမှတ်ပုံတင်အထူးကိုယ်စားလှယ်စာရသူ ဒေါ်စန်းစန်းဝင်း)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၁၇၀နေ ဦးမောင်မောင်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၉)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၆၇နေ ဦးအောင်တင်(၎င်း၏ ကိုယ်စားမှတ်ပုံတင်အထူးကိုယ်စားလှယ်စာရသူ ဒေါ်စန်းစန်းဝင်း) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁ရက် (၁၃၈၂ခုနှစ် နယုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝဏ္ဏ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အသင့်နေ မီနီကွန်ဒိုတိုက်ခန်းများကို
## အထူးလျှော့ဈေးဖြင့်ရောင်းမည်
စက်မှုရတနာလမ်းမကြီး ဖုန်း-၀၉-၇၃၁၄၀၀၀၁
မေတ္တာညွန့်ရပ်ကွက် ဖုန်း-၀၉၇၈၈၆၃၀၃၁၄
တာမွေမြို့နယ် ဖုန်း- ၀၉-၂၅၄၀၄၃၆၅၂
၀၉-၂၅၄၈၁၂၃၈၁

မြင့်မြတ်ကျော်ကုမ္ပဏီ မှ နိုင်ငံတကာအဆင့်မီ
MMK စက္ကူ(၁၀)ပေါက်အုတ်
များကို ဦးရာလူ ရောင်းချပေး နေပါပြီ။
စက်ရုံအထိုင်ဈေး- 86Ks
Phone: 01-9000300~302, 09-443201856 , 09-443238130

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၁/၁၊သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၈လမ်း(၆၆)၊ ဇလမ်း(၁၃၁၅)၊ ဧရိယာ ၀ဒသမ၁၂၉ဧကအား ဦးထွန်းလှိုင်အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

## (၁၉-၅-၂၀၂၀) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ (၂၆)တွင် ဒေါ်ဇင်မာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၈)မှ ဒေါ်ရွှေစင်ဝင်း (Golden Dragon Pyay Family Group of Co.,Ltd)နှင့် မမိုးကြီး (ခ)ဒေါ်မိုးသန္တာဦး (မိုးကြီး-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) တို့သိစေရန် ကြော်ငြာအပေါ်
## Millcon Thiha Ltd သိစေရန်
## ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်း၊ပတ္တမြား(၆)လမ်း၊ အဆောင်(၃၀)၊ အခန်း(၆/၇)ရှိ Golden Dragon Pyay Family Group of Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

Golden Dragon Pyay Family Group of Co.,Ltd သည် ဆောက်လုပ်ရေးပစ္စည်းများကို ကောင်းသောဂုဏ်သတင်းဖြင့် ရောင်းဝယ်လုပ်ကိုင်လာသည်မှာ ယနေ့အချိန်ထိ နှစ်ပေါင်း (၃၀) ရှိပြီဖြစ်ပါသည်။ ၎င်းကုမ္ပဏီမှ ဒါရိုက်တာဒေါ်ရွှေစင်ဝင်းနှင့် Millcon Thiha Ltd တို့ယခင်က သိကျွမ်းခဲ့ခြင်းမရှိသည့်အတွက် သံချောင်းများဝယ်ယူရန် စတင်ကမ်းလှမ်းခဲ့ခြင်းမရှိခဲ့ပါ။ မမိုးကြီး(ခ) ဒေါ်မိုးသန္တာဦးနှင့်Millcon Thiha Ltdမှ အရောင်းကိုယ်စားကိုယ် ဦးညီညီလင်းတို့သည် Golden Dragon Pyay Family Group of Co.,Ltd သို့ ရောက်လာပြီး ၎င်းတို့ကုမ္ပဏီမှ သံချောင်းများကို (၁)တန်လျှင် ငွေကျပ် - ၇၅၅,၀၀၀/-နှုန်းဖြင့် ရောင်းချလိုကြောင်းနှင့် ဝယ်ယူမည့် သံချောင်းဖိုးငွေများအပေါ် (၁၀%)နှုန်း ကြိုတင်ငွေကို ဝယ်ယူသူမှ ပေးသွင်းရန် စတင်ကမ်းလှမ်းမှုကို Golden Dragon Pyay Family Group of Co.,Ltd မှလက်ခံခဲ့သည့်အတွက် Millcon Thiha Ltd မှ သံချောင်း(၆၇၅)တန်ကို ရောင်းချမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ရာ နှစ်ဖက်သဘောတူညီကြ၍ Golden Dragon Pyay Family Group of Co.,Ltd မှဒါရိုက်တာ ဒေါ်ရွှေစင်ဝင်းက ကြိုတင်ငွေ (၁၀%) နှုန်းကို ၎င်း၏ AYA Cheque ဖြင့် ငွေကျပ်သိန်း(၄၀၀) နှင့် ငွေသား-၁၂၈၅၀,၀၀၀/-စုစုပေါင်း-၅၂၈၅၀,၀၀၀/-အပြင် ငွေ-၄၇၅,၆၅၀,၀၀၀/-ဖော်ပြရေးသားထားသည့် ချက်လက်မှတ်ကို Millcon Thiha Ltd မှ ကိုယ်စားလှယ်ဦးညီညီလင်းသို့ (၃၁-၁-၂၀၂၀)ရက်နေ့တွင် ကြိုတင်ပေးအပ်ခဲ့ပါသည်။

ကြိုတင်ငွေများပေးသွင်းခဲ့သောကြောင့် ရောင်းချသူ Millcon Thiha Ltd မှ(၃-၂-၂၀၂၀)ရက်နေ့တွင် ကား(၂)စီးဖြင့် သံချောင်း(၆၄.၂၈၄)တန်၊ တန်ဖိုး - ၄၈,၅၃၄,၄၂၀/ - ကို ဝယ်ယူသူ၏ ဂိုဒေါင်သို့ ပေးပို့ခဲ့ပါသည်။ ထို့နောက်ပိုင်းသံချောင်းများကို လုံးဝပေးပို့ခဲ့ခြင်းမရှိခဲ့ပါ။ထို့ကြောင့် ဒါရိုက်တာဒေါ်ရွှေစင်ဝင်းမှ ဝယ်ယူခဲ့သော သံချောင်း (၆၄.၂၈၄) တန်အတွက်ကိုသာ ဘောက်ချာပြင်ရေးရန် ဦးညီညီလင်းအား ပြောသည့်အခါ ကုမ္ပဏီတွင် ဘောက်ချာဖွင့်ပြီးဖြစ်နေ၍ ပြင်ပေးရန်အတွက် အထက်လူကြီးများကို တင်ပြထားကြောင်း ပြောပြပြီးယခုအချိန်ထိ ဘောက်ချာအား ပြင်ပေးခဲ့ခြင်းမရှိပါ။ Millcon Thiha Ltd မှသံချောင်းများ ဆက်လက်ပေးပို့ရောင်းချခြင်းမရှိတော့၍ ငွေပေးရန်မလိုသောကြောင့် ဒါရိုက်တာဒေါ်ရွှေစင်ဝင်းမှ ၎င်းပေးအပ်ထားသော ချက်လက်မှတ်အား ပြန်လည် ပေးအပ်ရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း ယခုအချိန်ထိ ပေးအပ်ခြင်းမရှိပါ။ Millcon Thiha Ltdထံမှ Golden Dragon Pyay Family Group of Co.,Ltd က ဝယ်ယူခဲ့သော သံချောင်းဖိုးငွေများ ပေးချေပြီးဖြစ်သည့် အတွက် သံချောင်းဖိုးငွေ - ၂၇၂,၃၁၈,၅၀၀/ - ကို Golden Dragon Pyay Family Group of Co.,Ltd မှ ပေးရန် မရှိပါကြောင်း ရှင်းလင်းအပ်ပါသည်။

Millcon Thiha Ltd သည် Golden Dragon Pyay Family Group of Co.,Ltd. သို့ သံချောင်း(၆၁၀ ဒသမ ၇၁၆)တန်ကို ရောင်းချမပေးတော့ဘဲ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသို့ ရောင်းချခဲ့ကြောင်းသိရပါသည်။ မမိုးကြီး(ခ) ဒေါ်မိုးသန္တာဦးမှလည်း ၁၄-၅-၂၀၂၀ ရက်စွဲပါ ကြေးမုံသတင်းစာတွင် Millcon Thiha Ltd သိစေရန် အကြောင်းကြားခြင်း ခေါင်းစဉ်ဖြင့် ကြော်ငြာရာတွင် ၎င်းနှင့် Millcon Thiha Ltd တို့ ၂၉-၁-၂၀၂၀ ရက်မှ ၄-၂-၂၀၂၀ ရက်အတွင်း ညှိနှိုင်းဝယ်ယူပေးပို့ခဲ့သော သံချောင်းတန်ဖိုးငွေများမှ တချို့တစ်ဝက်ကို ပေးသွင်းထားပြီးဖြစ်၍ ငွေ-၂၇၂၃၁၈၅၀၀/- ကျန်ရှိနေကြောင်းနှင့် ၎င်းသံချောင်းဖိုးငွေများမှာ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့်သာ သက်ဆိုင်မှုရှိပြီး အခြားကုမ္ပဏီအဖွဲ့အစည်း လူပုဂ္ဂိုလ်များနှင့် သက်ဆိုင်ပတ်သက်မှုမရှိပါကြောင်း ကြော်ငြာ၌ပါရှိပါသည်။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးမှာ Golden Dragon Pyay Family Group of Co.,Ltd. နှင့်ပတ်သက်မှုမရှိသည့်အပြင် ၎င်းအားကုမ္ပဏီမှ မည်သည့်လုပ်ငန်းတာဝန်ကိုမျှ ပေးအပ်ထားခြင်းမရှိပါ။ ထို့ကြောင့် မမိုးကြီးနှင့် Millcon Thiha Ltd တို့၏ သံချောင်းအရောင်းအဝယ်ကိစ္စများမှာ Golden Dragon Pyay Family Group of Co.,Ltd. နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်း သိစေအပ်ပါသည်။

Golden Dragon Pyay Family Group of Co.,Ltd. ၏ ခွင့်ပြုချက်မရရှိဘဲ မျက်ကွယ်တွင် ကုမ္ပဏီအမည်နှင့်လိပ်စာ၊ တယ်လီဖုန်းနံပါတ်တို့ကို အသုံးပြု၍ Millcon Thiha Ltd နှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးတို့ အရောင်းအဝယ်ပြုလုပ်ခဲ့ကြောင်းကို သိရှိရပြီး အထောက်အထားများ Golden Dragon Pyay Family Group of Co.,Ltd. မှ ရရှိထားပါသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ရိုးဖြောင့်သောသဘောဖြင့် အသုံးပြုသည်ဟု ယူဆ၍မရပါ။ Millcon Thiha Ltd သည် သံချောင်း(၆၁၀ ဒသမ ၇၁၆)တန်အား ဝယ်ယူသူကုမ္ပဏီသို့ ပေးပို့ခဲ့ခြင်းလုံးဝမရှိပါ။ ဒါရိုက်တာဒေါ်ရွှေစင်ဝင်း ညွှန်ပြသည့်နေရာများသို့ သံချောင်းများပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ခြင်းမှာ မှန်ကန်မှုမရှိပါကြောင်း ရှင်းလင်းအပ်ပါသည်။

သို့ဖြစ်ပါ၍ Millcon Thiha Ltd သည် သံချောင်းဖိုးငွေ-၂၇၂၃၁၈၅၀၀/-ကို မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးထံမှ တောင်းဆိုရန်သာ ဖြစ်ပြီး ၎င်းသံချောင်းဖိုးငွေများအား ပေးရန်တာဝန်မရှိသူ Golden Dragon Pyay Family Group of Co.,Ltd. အား သတင်းစာကြော်ငြာတွင် ပေးရန်ပျက်ကွက်ကြောင်းနှင့် ချက်လက်မှတ်မှာ ငွေထုတ်ရရှိခြင်းမရှိကြောင်း ဖော်ပြခြင်းမှာ Golden Dragon Pyay Family Group of Co.,Ltd. ၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး အရောင်းအဝယ်လုပ်ငန်း အကျိုးစီးပွားများနစ်နာစေမည်ဖြစ်သည့်အတွက် သတင်းစာကြော်ငြာအား Millcon Thiha Ltd မှ ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။ ပြန်လည်ရုပ်သိမ်းပေးခြင်းမရှိပါက Golden Dragon Pyay Family Group of Co.,Ltd. အနေဖြင့် ဂုဏ်သိက္ခာကျဆင်းပြီး နစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းဟန် LL.B, DBL** | **ဒေါ်အိရွှေစင် LL.B, DBL, DIL စဉ်-၃၈၉၄၃** |
| **တရားလွှတ်တော်ရှေ့နေ** | **ဦးရဲမျိုးမင်းကျော် LL.B, DBL, DIL စဉ်-၄၈၈၂၁** |
| **စဉ်-၁၄၄၃၁** | **အထက်တန်းရှေ့နေများ** |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်းမ၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၅၁၆၁၄၁၉၅၊ ၀၉-၇၉၉၅၁၉၈၂၆**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### မော်လမြိုင်ခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၆၀

| | | |
|---|---|---|
| ရှေ့ဝတီဘဏ်လီမိတက် | နှင့် | ဒေါ်အေးမမချို |
| (၎င်း၏ကိုယ်စား ဒေါ်ယုယုအောင် | | (၎င်းကိုယ်တိုင်နှင့် |
| လက်ထောက်အထွေထွေမန်နေဂျာ) | | ကွယ်လွန်သူ |
| မော်လမြိုင်ဘဏ်ခွဲ(၁)၊ | | ဦးသက်မင်းထွဋ်၏ |
| မော်လမြိုင်မြို့ | | တရားဝင်ကိုယ်စားလှယ်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မော်လမြိုင်ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၁၆/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ်ဇွန် ၃၀ ရက် နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မော်လမြိုင်မြို့၊ တိုးချဲ့မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ် (၅၉၈-ခ)၊ ငန်းတေး၊ ဦးပိုင်အမှတ် (၉)၊ မြေချိန်ဧရိယာ ဝ ဒသမ ၁၅၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါ်အေးမမချိုအမည်ပေါက်ဖြစ်သော နှစ်(၃၀) အငှားဂရန်မြေကွက်ပေါ်ရှိ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ တိုးချဲ့မြိုင်သာယာလမ်း၊ အိမ်အမှတ် (၉)ဟု ခေါ်တွင်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း (၄၀၀၀)**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့် အကြောင်း လေလံတင်ဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော် လိုက်သည်။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် မေ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းဦး)**
**ခရိုင်တရားသူကြီး**
**မော်လမြိုင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် မြေငှားဂရန် (အသစ်၊ စက်မှုစီးပွား) လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးဝင်းဘိုသန်း | ၁၉/ကန်သာအနောက်တောင် | ၁/၂ | ၀.၀၃၀ | အသစ် |
| ၂။ | ဒေါ်ဖြူဖြူထွန်း ပါ (၅)ဦး | ၄/ရန်ပယ်မြောက် | ၃၀၂ | ၀.၀၆၀ | စက်မှုစီးပွား |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ကွင်းအမှတ်(၁၈/ခ-၁)၊ ဦးပိုင်အမှတ်(၂၇/၃-ဆ)၊ မြေဧရိယာ ဝ ဒသမ ၁၂၂ ဧကရှိ ဦးတိတ်ဗဟာဒူးအမည်ပေါက် မြေကွက်ဖြစ်ပြီး ၁၀-၅-၂၀၀၇ ရက်တွင် ဦးတိတ်ဗဟာဒူးထံမှ ဦးနေဝင်းက နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်ရောင်းဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးနေဝင်း ၁/မကန(နိုင်)၀၁၈၄၉၈ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၅-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၃၃၀/၂၀၂၀)ကို ၁၀-၃-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၀၆/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
### ကျိုင်းတုံမြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| ဦးမြင့်ဦး | နှင့် | ဒေါ်ညိုညိုထွန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

အမှတ် (၅၁၀)၊ အမြောက်တပ်၊ မိုင်းခွန်၊ ကျိုင်းတုံမြို့နေ တရားပြိုင် ဒေါ်ညိုညိုထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမြင့်ဦးက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထားဆု)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပေါက်မြို့နယ်တရားရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားကြီးမှုအမှတ်-၈

| | | |
|---|---|---|
| မဇင်ဇာလင်း | နှင့် | ၁။ ကိုလင်းထိုက်<br>၂။ မမိနိုင်<br>၃။ ဒေါ်လှစော<br>၄။ ကိုဇော်နိုင် |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ညောင်ဝန်းကျေးရွာအုပ်စု၊ ညောင်ဝန်းကျေးရွာနေ ၁။ တရားပြိုင် ကိုလင်းထိုက်နှင့် ၂။ တရားပြိုင် မမိနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် မဇင်ဇာလင်းက ဝန်ခံကတိစာချုပ်ပါအတိုင်း မဇင်ဇာလင်း၏ သားသမီး ၃ ဦးအတွက် လစဉ်ထောက်ပံ့ကြေးငွေ ၂၀၀၀၀၀ိ/- (ကျပ်နှစ်သိန်းတိတိ)ကို (၁၀)လအတွက် ကတိပျက်ကွက်မှုနစ်နာကြေးငွေ ၂၀၀၀၀၀၀ိ/-(ကျပ်သိန်းနှစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၄ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီ ပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မနားရှိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပေါက်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ RA-IV ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၅၈)၊ မြေကွက်အမှတ်(311) ဧရိယာ ဝ ဒသမ ၃၉ ဧကရှိဂရန်မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုလာသည့် ဒေါ်တင်အုန်း ၉/မမန(နိုင်)၀၃၀၆၅၉ ထံမှ ကျွန်ုပ်မိတ်ဆွေက အဆိုပါ ဦးပိုင်အမှတ်(၅၈) ဧရိယာ ဝ ဒသမ ၃၉ ကေအနက် ခွဲစိတ်၍ဧရိယာ ဝ ဒသမ ၁၉၅ ဧကရှိမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေများပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မှတ်ပုံတင်စာချုပ်စာတမ်းရုံးတွင် တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုမည်ဖြစ်ပါ၍ ဖော်ပြပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုရည်ဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် ၉၅၅၄/၂၃-၁-၂၀၁၄)**
**အခန်းအမှတ် (ဘီ-၁)၊ အမှတ် (၂၅-ဃ)**
**မေခလမ်း၊ ဟော်ကုန်း (၂-ကွက်)၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၁၅၅၄၇၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၇၂၆)၊ ယမနေ(၅)လမ်း၊ အကျယ်အဝန်း အလျား(၂၈)ပေ၊ အနံ(၆၀)ပေ၊ ဧရိယာ ဝ ဒသမ ၀၃၈ ဧက (၁၆၈၀) စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေ၊ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို မြေအမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လက်ဝယ်ထားလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသော ဒေါ်တင်တင်ဝင်း ၁၂/ဗတထ(နိုင်)၀၂၈၆၃၂ ထံမှ ကျွန်ုပ်မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးဟန်**
**အမှတ် (၇၀/၉၇)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၄၂၁၁၄၃၁၇၀၊ ၀၉-၅၁၂၇၀၁၉**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ထွေးရီ ၁၃/ကမန(နိုင်)၀၃၄၆၈၁ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၀၈၉၅၀၅၈**

## ကျေးဇူးအထူးတင်ရှိခြင်း
### ဒေါ်ဟန်ချို (ခ) လူချောင်ဝှါ
### (အောင်ရတနာဆေးရုံ)
### အသက် (၉၅)နှစ်

၁၆-၅-၂၀၂၀ ရက် (စနေနေ့)တွင် ကွယ်လွန်သွားသော ဒေါ်ဟန်ချို (ခ) လူချောင်ဝှါ နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက်လုံး အစစအရာရာ စေတနာမေတ္တာအပြည့်အဝဖြင့် အထူးဂရုစိုက်ပြုစုကုသပေးကြသော အောင်ရတနာဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း၊ ကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးကြသူများ၊ ရပ်ဝေးရပ်နီးမှ ဆက်သွယ်ရေးနည်းလမ်းအစုံတို့ဖြင့် အားပေးနှစ်သိမ့်ပေးခြင်း၊ လှူဒါန်းခြင်းတို့အားလည်းကောင်း၊ ရက်လည်ဆွမ်းကပ်အလှူကိစ္စအဝဝတို့တွင်လည်း ကူညီကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသီသီအောင် ၁၃/တခလ(နိုင်)၀၆၂၉၉၂ ၏ Passport No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၂၁၈၉၀၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၅-၂၀၂၀ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သက်နှင်းပွင့်၏ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် **ဦးဝင်းကို ၁၂/ဒဂမ(နိုင်)၀၄၅၁၀၅ နှင့် ဒေါ်သန်းရီ CG 021535 တို့က ရောင်းချသည့်တိုက်ခန်းများ၏ တန်ဖိုးငွေအနက်မှ စရန်ငွေများကို ပေးချေထားပြီးဖြစ်သည်ဟု** ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၂၆၇) ဧရိယာ (ဝ ဒသမ ၀၉၀) ဧကကို ဦးသက်ဝင်းခိုင် (ဘ)ဦးငွေဝင်း ၁၂/တမန(နိုင်)၁၁၀၇၂၄ မှ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက် မူရင်းအထောက်အထားများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်းအမှတ်(၁၇/၁)၊ ဦးပိုင်အမှတ် (၈၂/၁ ဃ-၁)၊ မြေဧရိယာ(ဝ ဒသမ ၈၅) ဧကရှိမြေကွက်ကို ဦးတင်လင်း အမည်ဖြင့် (၁၃.၇.၂၀၁၆ )ရက်နေ့ထိ (၁၅)နှစ် မြေဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးပိုင်(၈၂/၁ဃ-၁ခ)၊ ဧရိယာ (ဝ ဒသမ ၁၇၇) ဧကအပိုင်းကို (၁၆.၁၁.၂၀၀၉) ရက်တွင် ဦးတင်လင်းထံမှ ဒေါ်မာလာမြင့်က နှစ်ဦးသဘောတူခြံမြေရောင်းဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်မာလာမြင့် ၁/မကန(နိုင်)၀၁၈၄၉၉ အမည်ဖြင့် မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းရရှိရေးအတွက် (၅.၃.၂၀၂၀) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၂၉/၂၀၂၀)ကို (၁၀.၃.၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၀၈/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ဦးပိုင်ခွဲ၊ အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ခင် (ခ) Katherine San Paw
### အသက် (၈၉) နှစ်

**အထက်တန်းပြဆရာမ (ငြိမ်း)၊ (Methodist English High School)**
**အထက(၁) မှော်ဘီ၊ အထက(၂)တပ်ကျောင်း မှော်ဘီ၊**
**အထက(၃) ပြည်၊ အထက(၁) သဃ်န်းကျွန်း၊ အထက(၃) အလုံ**

ရန်ကုန်မြို့၊ အမှတ် (၆၁/A)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ် DKK Condo နေ (မီးရထားမင်းကြီး ဦးစံပေါ်-ဒေါ်စံဝင်း) တို့၏သမီး၊ (ဦးထွန်းအောင်-ဒေါ်ခင်ခင်) တို့၏ သမီးချွေးမ၊ ဦးကံအေး (ညွှန်ကြားရေးမှူး(ငြိမ်း)ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌ SKA Co.,Ltd )၏ ချစ်လှစွာသောဇနီး၊ ဦးမိုးကျော်အေး၊ ဦးမြင့်ခိုင် (အေးရိပ်မွန်ဆောက်လုပ်ရေး)-ဒေါ်လှမိုးအေး (L.Geisman)၊ ဦးဇော်မင်းအေး-ဒေါ်ဟန်မီတို့၏ ကျေးဇူးရှင်မွေးမိခင်ကြီး၊ မောင်ဖြိုးမြင့်အေး (ခေတ္တ ဩစတြေးလျ)၊ မမေခိုင်မိုးထက် (ခေတ္တ-ဩစတြေးလျ)၊ မအေးဝတီမိကို (ILBC) ၊ မောင်ညီဇေမင်းအေးတို့၏ ချစ်လှစွာသော ဘောင်ဘောင်သည် ၂၁-၅-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၂၀ ရက်မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်ခင် (ခ) Katherine San Paw
### အသက် (၈၉) နှစ်

**အထက်တန်းပြဆရာမ (ငြိမ်း)၊ (Methodist English High School)**
**အထက(၁) မှော်ဘီ၊ အထက (၂)တပ်ကျောင်း မှော်ဘီ၊**
**အထက (၃) ပြည်၊ အထက(၁) သဃ်န်းကျွန်း၊ အထက(၃) အလုံ**

ရန်ကုန်မြို့၊ အမှတ် (၆၁/A)၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ် DKK Condo နေ (မီးရထားမင်းကြီး ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သမီး၊ (ဦးထွန်းအောင်-ဒေါ်ခင်ခင်)တို့၏သမီးချွေးမ၊ ဦးကံအေး (ညွှန်ကြားရေးမှူး(ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဥက္ကဋ္ဌ SKA Co.,Ltd )၏ ချစ်လှစွာသောဇနီး၊ [ ဦးအောင်မြင့် (Richard)]-ဒေါ်တင်ရီ (Blossom Aung)၊ [ ဦးကျော်ထွန်း-ဒေါ်သန်းရီ (Dorathy)] တို့၏ညီမ (Dr.ဦးမြင့်သိန်း (Patrick)- ဒေါ်ခင်ခင်ဦး)၊ ဦးကျော်ထင်-ဒေါ်သန်းသန်းနု (Margaret)၊ [ဒေါ်မြမြသန်း (Patricia)]၊ Dr.ဦးစံသာဟန်-ဒေါ်အေးအေးမြင့် (Amy)တို့၏အစ်မကြီးသည် ၂၁-၅-၂၀၂၀ ရက် မွန်းလွဲ ၁:၂၀ နာရီတွင် ဂရန်းဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသောကြောင့် ၂၃-၅-၂၀၂၀ ရက် မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

(ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန့်ဇော်
### အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### အသက် (၇၆)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင် ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အရာထမ်း၊ အမှုထမ်းများ**
**လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်ထွန်း
### အသက် (၆၆)နှစ်

အဲသံလွင်လီမိတက်၊ ဌာနတွင်းစာရင်းစစ်ဌာနမှ ဒေါ်အေးအေးခင်၏ခင်ပွန်း ဦးတင်ထွန်းသည် ၂၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Management နှင့်တကွ**
**အဲသံလွင်လီမိတက်မိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4134 NISSAN VANETTE SKF 2TN Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးတင့် ၅/မရန(နိုင်)၂၁၁၉၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (မုံရွာ)**

# အထူးကျေးဇူးဥပကာရတင်ရှိခြင်း

ဦးစိုင်းဘုန်းထူး(ခါတ်ပုံနှင့်ဗီဒီယို) ဆေးရုံတက်သည့်အချိန်မှစ၍ ကွယ်လွန်သည်အထိ လိုလေသေးမရှိအောင် စီစဉ်စောင့်ရှောက်ပေးခဲ့သော ပါမောက္ခဦးညွန့်သိန်း၊ ရန်ကုန်ဆေးရုံကြီးဖျားနာ ဌာနနှင့်ကျောက်ကပ်ဆေးရုံကြီးမှ ကုသပေးခဲ့သော ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ ချမ်းမြေ့ဆရာတော်ကြီး၊ ရွှေမန်းကျောင်းဆရာတော်ကြီးနှင့် ရွှေမန်းတရားရိပ်သာအကျိုးတော်ဆောင်အဖွဲ့၊ မင်္ဂလာတောင်တော်ဦးဆရာတော်၊ လှူဖွယ်ဝတ္ထုနှင့် လွမ်းသူ့ပန်းခြင်းများပေးပို့ခဲ့ကြသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဒေါ်ကြူကြူလှ မိသားစု၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ဒေါက်တာဒေါ်အေးခိုင်ညွန့်၊ ဗိုလ်မှူးချုပ်သက်စိုးနှင့်ဇနီး ဒေါ်ဖြူဖြူအောင်မိသားစု၊ ဗိုလ်မှူးသွင်ထူးအောင်-ဒေါ်သန္တာလေးခိုင်တို့အားလည်းကောင်း၊ အထူးသဖြင့် မိသားစုသဖွယ်အမြဲချစ်ခင်စောင့်ရှောက်ပေးခဲ့ပါသော ဗိုလ်မှူးကြီးတင်လှိုင်(ပြည်ထဲရေးဝန်ကြီး၊ ငြိမ်း)မိသားစု၊ ဦးစိုးမင်းထွန်း-ဒေါက်တာဝင့်နွယ်လှိုင်မိသားစု၊ ဦးမျိုးညွန့်အောင်-ဒေါ်စံပယ်လှိုင်မိသားစု၊ ဦးအောင်စည်သူ-ဒေါ်ချယ်ရီလှိုင်မိသားစု၊ ဒေါက်တာလမင်းဝင်း-ဒေါ်ခင်သီတာလှိုင်မိသားစု၊ ဒေါက်တာစန်းဝင်း-ဒေါ်စမ်းစမ်းမေမိသားစု၊ ဒေါက်တာသာဉာဏ်(YMCA)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကျော်ဘုန်းလင်း-(ဒေါ်မာမာခင်)၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ/ကျောင်းသားဟောင်းများအသင်း၊ မြန်မာကုန်ထုတ်ဓာတုဗေဒ/အသုံးချဓာတုဗေဒအသင်း၊ (၁၉၇၃)ဘွဲ့ရ ကုန်ထုတ်ဓာတုဗေဒကျောင်းသူ/ကျောင်းသား ဟောင်းများ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့်အသိုင်းအဝိုင်း၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း(ရန်ကုန်)၊ တောင်ကြီးအသင်း(ရန်ကုန်)၊ (၁၉၆၁-၁၉၇၄)တောင်ကြီးကောလိပ်ကျောင်းသား/ကျောင်းသူဟောင်းများအဖွဲ့၊ မိတ်ကပ်နှင့်ပန်းပညာရှင်များနှင့်ညီညီမောင်(ကန်တော်လေး)၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များနှင့်အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၀ရက် နံနက်တွင် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၈လမ်း(အလယ်)၊ အမှတ်(၁၀၀)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါက်တာသောင်းထိုက်

**(MRCP,Consultant NHS)**

**(Swinden UK)**

**အသက်(၆၆)နှစ်**

(ဦးထွန်းအောင်ကျော်-ဒေါက်တာခင်မမညို)တို့၏သား၊ (ဒေါက်တာဦးကျော်စိန်-ဒေါ်အမာ)တို့၏သားသမက်၊ ဦးသော်တာပု-ဒေါက်တာ ဒေါ်ခင်သန့်ဇင်တို့၏မောင်၊ ဒေါက်တာဒေါ်စန်းစန်းညို၊ (ဒေါ်ခင်ခင်ညို)၊ ဒေါ်တင်ဇာကျော်တို့၏အစ်ကို၊ (ဦးတင်မောင်ဦး-ဒေါ်နွယ်နီသိန်း)၊ ဦးတင်မောင်လတ်-(ဒေါ်ချိုချိုမြင့်)တို့၏ညီ၊ (ဦးတင်အောင်)-ဒေါ်တင်ဌေးဦးတို့၏မောင်၊ ဒေါ်သန့်သန့်စင်၊ ဦးခင်မောင်ကျော်ဦး-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ဝါဝါတို့၏အစ်ကို၊ ဒေါ်ယဉ်ယဉ်မေ(တိုးတိုး)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာချောမေထိုက်၊ ဇေယျာထိုက်-စောရတနာ၊ မေသီထိုက်၊ အိမေထိုက်တို့၏ချစ်လှစွာသောဖခင်၊ Iris ချောမေချစ်၊ ကဲကဲ၊ သဲသဲတို့၏ ဘိုးဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ည ၇:၃၃နာရီတွင် England နိုင်ငံ Bristol (BRI) ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငါးမွေးမြူရေးကန်များ အပူချိန်မြင့်ထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ် ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

# ဦးတင်မောင်ဝင်း(ခ)ထွန်းထွန်း

**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ငွေကြာယံ၊ ဗဟိုလမ်း၊ အမှတ်(၉၃)နေ (ဦးညွန့်တင်-ဒေါ်အိအိဝင်း)တို့၏သားကြီး၊ (ဦးစိန်ဖေ-ဒေါ်ခင်စောနွဲ့)၊ (ဗိုလ်မှူးအေးမြင့်)(ရေ)-ဒေါ်မိုးသူဇာ၊ ဩစတြေးလျနိုင်ငံ ဒါဝင်မြို့နေ ဆရာဝန်ကြီး ဒေါက်တာဘညွန့်-ဒေါ်သန်းသန်းဝေတို့၏တူ၊ ဒေါ်အိအိတင်(နိုင်ငံခြားသတင်းထောက်၊ Fuji TV၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း တွဲဖက်အတွင်းရေးမှူး)-ဦးဇော်မိုးထွန်းတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်ဝင်းဝင်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်မိုး @Princeton(New York) ၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၂-၅-၂၀၂၀ရက် နံနက် ၁၁:၂၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

(ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ရက် နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

# ဦးဘဦး(ခ)
# ဦးကျန်းဖာရှုတ်

**အသက်(၇၂)နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်၊ အမှတ်(၁၀၆)နေ ဒေါ်ခင်ခင်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ပြုံးမောင်မောင်-မအေးအေးမြင့်၊ မောင်ကျော်ကျော်လွင်၊ ဒေါ်ဆိုင်းမိုင်၊ ဒေါ်ဆိုင်းဘူ၊ ဒေါ်သက်သက်ခိုင်တို့၏ ဖခင်သည် ၁၃-၅-၂၀၂၀ရက် ၁၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့)တွင် ရာဒါကောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အုန်း
**ဦးစီးမှူး(ငြိမ်း)(သမဝါယမဦးစီးဌာန)**
**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့**
**အသက်(၇၁)နှစ်**

ရွှေလက်ဆောင်စာပေမိသားစု၏ မန်နေဂျာဖြစ်သူ ဦးမြင့်လှိုင်ဝင်း၏ ကျေးဇူးရှင်မွေးဖခင် ဦးတင်အုန်းသည် ၂၁-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ရွှေလက်ဆောင်စာပေမိသားစု**

# ဦးတင်ထွန်း(မန္တလေး)

**အသက်(၆၆)နှစ်**

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ နန်းရှေ့အနိုပ်တော်ရပ်ကွက်၊ ၂၂လမ်း၊ အမှတ် ၁၃၉/ဃနေ (ဦးအုန်းဟန်)-ဒေါ်းစက်လွမ့်တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်(၄၅၊ က)နေ ဦးတင်ဦး-(ဒေါက်တာခင် ကြည်ညွန့်)တို့၏သားသမက်၊ (ဒေါက်တာမောင်မောင်ကြီး)-ဒေါက်တာချိုချိုညို၊ ဦးကျော်စိန်-ဒေါ်တင်တင်လှ၊ ဦးညွန့်ဝေ၊ ဦးခင်မောင်မြင့်တို့၏ညီ/မောင်၊ ဦးမောင်မောင်ကျော်-ဒေါ်သန်းသန်းဟန်၊ ဒေါ်ခင်မေဟန်တို့၏အစ်ကို၊ ဒေါ်အေးအေးခင်(Air ThanLwin Co.,Ltd)၏ ချစ်လှစွာသောခင်ပွန်း၊ မသင်းသီရိထွန်း၊ ဒေါက်တာခင်စန္ဒီထွန်းတို့၏ ဖခင်သည် ၂၂-၅-၂၀၂၀ရက် နံနက် ၂: ၅၅နာရီတွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
# Pa Kim Tual

**အသက် (၆၁)နှစ်**

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆကျေးရွာနေ Pu Son Za Hau-Pi Cing Khua Man တို့၏သား၊ (Nu Zam Thian Cing)-Pa Lian Khan Pum (Australia) တို့၏ညီ/မောင်၊ Pa Ngo Za Cin (Malaysia)-Nu Cin Neam Khai, Pr.Niang Khua Huai (Australia), Nu.Dim Khan Cingh-Pa Lester Vunght Kyin, (Tg.Thian Maung), (Tg.Thang Za Pau), Nu Ngiak Khan Ciang-Rev. Siam Go Mung, (Nu Ngin Suan Huai)-Pa Cin Suan Mang (Australia) တို့၏အစ်ကိုကြီး၊ အမှတ် (၉၃)၊ လှူငယ်သစ္စာလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ Nu Vung Thian Dim ၏ ခင်ပွန်း၊ တူ/တူမ ကိုးယောက်တို့၏ ဦးလေးသည် ၂၂-၅-၂၀၂၀ရက် နံနက် ၃:၅၅ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၅-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အထက်ပါနေအိမ်နှင့် ရန်ကုန်စီးယင်းနှစ်ခြင်းဘုရားရှိခိုးကျောင်းတို့မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် ၁၃ ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ ဦးပိုင်အမှတ်(L-၂၂၂၊ L-၂၂၉)၊ ဧရိယာ ၀.၁၁၀ ဧကအား ဦးစိုးနိုင်ဝင်းက မြေပေးမိန့်လျှောက်ထားချက်များနှင့် ပုသိမ်မြို့၊ အမှတ် ၁၃ရပ်ကွက်၊ အကွက်အမှတ် ၅၂၊ ဦးပိုင်အမှတ်(L-၁၄၁၊ L-၁၄၂)၊ ဧရိယာ၀.၁၁၀ဧကအား ဦးသန်းစိုးက မြေပေးမိန့်လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

# ဒေါ်ခင်ဦးမြင့်

**Ruby(ခ)ဖွားအိ**

**အသက်(၁၀၄)နှစ်**

(ဦးတင်-ဒေါ်သန်းညွန့်)တို့၏သမီး၊ (ဒုဗိုလ်မှူးကြီး မြအောင်)(စာပေညွှန်ကြားရေးမှူး၊ စစ်တက္ကသိုလ်-ငြိမ်း)၏ဇနီး၊ ဒုဗိုလ်မှူးကြီး ခင်မောင်မောင်(ငြိမ်း)-(ဒေါ်မြမြဦး)၊ (ဗိုလ်မှူးမိုက်ကယ်မြအောင်)(ငြိမ်း)-ဒေါ်အေးအေးမာ၊ [ဒုဗိုလ်မှူးကြီး အေးသိန်း (ငြိမ်း)- ဒေါ်မြစန္ဒာ]၊ ဦးမြသိန်းအောင်-ဒေါက်တာဇင်ထွေးစီ၊ (ဦးတင်မောင်ဦး)-ဒေါ်မြသီတာ၊ ဒုဗိုလ်မှူးကြီးအောင်ကျော်လှိုင်(ငြိမ်း)-ဒေါ်မြမာလာတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၅ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၂:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာရဲထွန်းနှင့်ဒေါက်တာမွန်မွန်လှတို့၏ ကျေးဇူးရှင်မိခင်ကြီး ပဉ္စရူပဆေးလိပ်ခုံပိုင်ရှင် ဒေါ်ခင်ခင် အသက်(၉၂) နှစ် (ပခုက္ကူမြို့)သည် ၁၄-၅-၂၀၂၀ရက် နံနက် ၉:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ဆေးတက္ကသိုလ်(၂)၊ ၁၉၈၀-၈၅ Batch**

# မိခင်ရီ(ကော့နှပ်ရွာ)

**အသက်(၈၃)နှစ်**

မော်လမြိုင်မြို့နယ်၊ ကော့နှပ်ကျေးရွာနေ (နိုင်ဘညွန့်-မိဖွားကြည်)တို့၏သမီး၊ (ဦးအောင်ငြိမ်း)(MRTV-ငြိမ်း)-ဒေါ်မြရွှေ ၊ ဦးမောင်မောင်ဦး(MNA)-ဒေါ်မြသိန်း၊ ဒေါ်စန်းစန်းဝင်း၊ (ဦးစိုးမော်)-ဒေါ်အေးအေး၊ ဦးမင်းဇော်-ဒေါ်မူမူအေး၊ ဦးဉာဏ်ဝင်း-ဒေါ်ဝင်း သန္တာ(ကထိက၊ မြန်မာစာဌာန၊ အနောက်ပိုင်းတက္ကသိုလ်)တို့၏မိခင်၊ (နိုင်အောင်သိန်း)၏ဇနီး၊ မြေး ၁၁ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘွားသည် ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၀၀:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးဝင်းကြည်(ဘီးလင်း)

**LL.B, B.Ed**

### တရားလွှတ်တော်ရှေ့နေ၊ အထပြ(ငြိမ်း)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ အမှတ်(၂၅၇-က)နေ (ဦးမောင်သန်း-ဒေါ်သန်းကြည်) တို့၏သား၊ (ဦးပု-ဒေါ်မှတ်ရင်)တို့၏သားသမက်၊ ဒေါ်ဖွားစိန်၏ခင်ပွန်း၊ ဦးညွန့်ဝင်း-ဒေါ်ခင်သန်းနွယ်၊ ဦးမျိုးညွန့်-ဒေါ်တင်ရွှေ၊ ဦးဌေးကြူ-ဒေါ်သိန်းသိန်းဦး၊ ဦးမျိုးအောင်-ဒေါ်ကြည်ကြည် တို့၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးအောင်နိုင်သူ(တပ်ရင်းတိုက်ပွဲဝင်၊ သင်တန်းမှူး၊ အမှတ်-၁၀၊ တပ်မတော်တန်းမြင့်လေ့ကျင့်ရေး ကျောင်း)-ဒေါက်တာဝင်းချိုချိုအောင်၊ ဦးကိုကိုထက်(Chief Engineer)-ဒေါ်သင်းသဇင်မွန်၊ ဦးအောင်မြတ်သူ(Second Officer)-ဒေါ်ဆုမြတ်ဝင်း(ခေတ္တ-စင်ကာပူ)တို့၏ဖခင်၊ မစွမ်းရည်ထက်၊ မောင်ဘုန်းထက်ကို၊ မယွန်းပန်းအိမ်ထက်တို့၏အဘိုးသည် ၂၂-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီတွင် ရန်ကုန်မြို့၊အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၂**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၂၀) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်စဉ် (၂)ကြိမ် ကျင်းပလေ့ရှိပြီး ဖြစ်လာနိုင်သည့် သဘာဝဘေးအမျိုးမျိုးအတွက် ကြိုတင်ပြင်ဆင် ကာကွယ်ရေးလုပ်ငန်းများကို ညှိနှိုင်းတိုင်ပင်ဆောင်ရွက်လျက်ရှိပါကြောင်း။

လတ်တလောတွင် COVID-19 ကူးစက်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ကာလဖြစ်သော်လည်း လာမည့်မိုးရာသီကာလတွင် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးများအတွက် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိုးရာသီကာလအတွင်း ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များ၊ အပူရှိန်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲအန္တရာယ်များနှင့် အချိန်အခါမရွေး ဖြစ်ပေါ်လာနိုင်သည့် ငလျင်ဘေးအန္တရာယ်တို့အတွက် ကြိုတင်ကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစား

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် မေ ၂၂**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ၇၂ ဦးနှင့် ဘယ်လ်ဂျီယံနိုင်ငံ၊ ကနေဒါနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ကာတာနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အီတလီနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊

*စာမျက်နှာ ၄ ကော်လံ ၄* ❇



အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာပါရှိ

ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ » ၁၅

........................

## ဆင်ပေါင်ဝဲ၌ တရုတ်နိုင်ငံမှပြန်လာသူများ တင်ဆောင်လာသည့် ယာဉ်တစ်စီး လမ်းဘေးသစ်ပင်ဝင်တိုက်မိကာ ကိုးဦးဒဏ်ရာရ

စာ » ၂၅

# တက်လီယာဖီကို အား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် အာဆင်နယ် ပြင်ဆင်

နည်းပြ အာတီတာအနေဖြင့် ဘယ်ခံစစ်ကစားသမားသစ်တစ်ဦး ခေါ်ယူရန် ဆန္ဒရှိနေသောကြောင့် အာဆင်နယ်အသင်းက အိုင်းယက်စ်ကြယ်ပွင့် နီကိုလပ်စ်တက်လီယာဖီကို အား ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၇ နှစ်အရွယ် အာဂျင်တီးနားကစားသမားသည် ဥရောပ၌ အကောင်းဆုံး ဘယ်ခံစစ်ကစားသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစားသမားကိုယ်တိုင်က စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်လိုနေသည့်အတွက် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရေးမှာ ဖြစ်မြောက်လာဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းကို ပြီးခဲ့သည့်ရာသီအနည်းငယ်အတွင်း ချယ်လ်ဆီး၊ ဘာစီလိုနာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ အပါအဝင် ကလပ်အသင်းအများအပြား၏ စောင့်ကြည့်ခြင်းကို ခံခဲ့ရသူဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုနှစ် နွေရာသီတွင် ဘယ်ခံစစ်ကစားသမားတစ်ဦး ခေါ်ယူလိုနေပြီး အသင်းမှ ဘူကာယို ဆာကာကို တိုက်စစ်တွင် ကစားခွင့်ပြုဖွယ်ရှိနေကြောင်း သိရသည်။ အသက် ၁၈ နှစ်အရွယ် အဆိုပါကစားသမားသည် အာဆင်နယ် ပထမအသင်းတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်ရာသီတွင် ဂိုးရရှိအောင် ရှစ်ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

*စာမျက်နှာ ၁၀ ကော်လံ ၅* ❂



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မေ ၂၃၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



၁၂-၃-၂၀၂၀ ရက်က (၁၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC အစည်းအဝေး ကျင်းပစဉ်။

## ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

❒ ခင်ရတနာ၊ ဓာတ်ပုံ - မင်းသော်

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် ၂၀၁၆ ခုနှစ် ဧပြီလ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်များအတိုင်း “ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ထွန်းကားရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး”တို့အတွက် အဓိကရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဖြတ်သန်းဆောင်ရွက်နေမှုသည် စတုတ္ထ (၁) နှစ်တာသို့ ရောက်ရှိခဲ့ချိန်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် သက်တမ်းအားဖြင့် လေးနှစ်တာဖြတ်သန်းခဲ့ပြီး လေးနှစ်တာအတွင်း များပြားကာ တာဝန်ကြီးမားလွန်းလှသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ နိုင်ငံ့အတွက် ဆောင်ရွက်ချက်များကို အားဖြည့်ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယင်းအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန စတုတ္ထ(၁)နှစ်တာအတွင်း ဖြတ်သန်းမှုများကို ပြည်သူများသိရှိနိုင်စေဖို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ရှင်းလင်းဆွေးနွေးခဲ့သည်များကို စုစည်းဖော်ပြပေးလိုက်ရပါသည်–

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရအပ်နှင်းထားတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တာဝန် (၄) ရပ်နဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချမှတ်ပေးထားတဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ ပေါင်းစပ်ညှိနှိုင်းပေးရတဲ့ အထောက်အကူပြုဝန်ကြီးဌာနအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ***အချပ်ပို (ခ) သို့***

**အစိုးရရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးဆွေးနွေးမှုများ ဖြစ်ပေါ်လာစေဖို့နဲ့ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ဖို့အတွက် NCA ထိုးရိုပ်အောက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေ ပါနိုင်သမျှ ပါဝင်လာစေပြီး ညီလာခံစားပွဲဝိုင်းပေါ်ကို ပါဝင်သင့်သူအားလုံး ရောက်ရှိလာစေဖို့အတွက် အလေးပေးဆောင်ရွက်သွားမှာဖြစ်**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ



၂၀-၁-၂၀၂၀ ရက်က လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) မှ နောက်ဆုံးအစီရင်ခံစာ ပေးအပ်ခဲ့စဉ်။

*အချပ်ပို (က) မှ*

ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေဟာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ချက်တွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

**ရည်မှန်းချက်တွေကို အကောင်အထည်ဖော်**

နိုင်ငံတော်က ချမှတ်ထားတဲ့ ငြိမ်းချမ်းရေး၊ စီးပွားရေးသာယာဝပြောရေးနှင့် ဒီမိုကရေစီအရေးဆိုတဲ့ ရည်မှန်းချက် ပန်းတိုင်သုံးခုကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုရှိမှသာ စီးပွားရေးတိုးတက်မှုတွေဟာ အားကောင်းခိုင်မာလာမှာဖြစ်ပါတယ်။ ထို့အတူ ငြိမ်းချမ်းရေးရယူနိုင်မှလည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များကို ချောမွေ့ညင်သာစွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ ရည်မှန်းချက်ပန်းတိုင်တစ်ခုချင်းအလိုက် တသီးတခြားဆောင်ရွက်ခြင်းမပြုဘဲ ရည်မှန်းချက် ပန်းတိုင်(၃)ရပ်လုံးနဲ့ ဆက်စပ်ခြုံငုံစဉ်းစားပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့ပြင် လုပ်ငန်းတွေ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၄ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းလွင်အား ခန့်အပ်တာဝန်ပေးအပ်ခဲ့တဲ့အတွက် ဦးမင်းလွင် အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လူမှုသဟဇာတဖြစ်ရေး လုပ်ငန်းတာဝန်များအပြင် အပြည်ပြည်ဆိုင်ရာ တရားရုံးဆိုင်ရာကိစ္စများအပေါ် အာရုံစိုက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးစားပေးဆောင်ရွက်**

လက်ရှိအစိုးရ တာဝန်ယူတဲ့အချိန်ကစပြီး မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးမူဝါဒအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ထိရောက်စွာ ဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center – NRPC) ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှာ ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။

NRPC ကနေအစပြုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးတစ်ခုလုံးကို စတင်ခြေလှမ်း လှမ်းခဲ့ခြင်းဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းရာမှာ ပြည်တွင်းငြိမ်းချမ်းရေးသာမက အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်တွေကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက ချမှတ်ပေးတဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ဖို့နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းနိုင်ဖို့ ငြိမ်းချမ်းရေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှာ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် NCA ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ အကောင်အထည်ဖော်ရေး ကိစ္စတွေကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို ဖွင့်လှစ်ထားပြီး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ မြှင့်တင်နိုင်ရန် စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံရေးဆွေးနွေးမှုများ ဖြစ်ပေါ်လာစေဖို့နဲ့ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ဖို့အတွက် NCA ထီးရိပ်အောက်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါနိုင်သမျှပါဝင်လာစေပြီး ညီလာခံစားပွဲဝိုင်းပေါ်ကို ပါဝင်သင့်သူအားလုံး ရောက်ရှိလာစေဖို့အတွက် အလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

NCA အရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ- UPDJC က နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အားလုံးပါဝင်ရေးမူကိုအခြေခံပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်တဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ စုစုပေါင်း ၄၈ ဦး ဖြင့် UPDJC ကို ဖွဲ့စည်းထားပါတယ်။

တစ်ဖက်မှာလည်း NCA စာချုပ်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန်နဲ့ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်ဟူသော အရေးကြီးတဲ့ လုပ်ငန်းတာဝန်ကြီးနှစ်ရပ် ဖော်ပြပါရှိတဲ့အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းပြီး ထိရောက်စွာ အကောင်အထည်ဖော်နိုင်ဖို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee – JMC) ကို တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အများယုံကြည်လေးစားသော အရပ်သားကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားပါတယ်။

JMC အနေနဲ့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို ရေးဆွဲပြဋ္ဌာန်းထားပြီး လိုက်နာကျင့်သုံးလျက်ရှိပါတယ်။

**တိုင်းရင်းသားပြည်သူများ လူမှုဘဝကူညီပံ့ပိုး**

နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုတွေကို တစ်ဖက်မှာ ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ပဋိပက္ခကျရောက်ခဲ့ရတဲ့ ဒေသတွေအတွင်းရှိ တိုင်းရင်းသားပြည်သူတွေရဲ့ စားဝတ်နေရေးအတွက် ပြည်ထောင်စုရဲ့ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပအလှူရှင်တွေရဲ့ လှူဒါန်းငွေများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

အလားတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ချုပ်ဆိုထားတဲ့ နှစ်ဖက်သဘောတူစာချုပ်(Bilateral Agreement) သဘောတူညီချက်တွေအရ ဒေသခံတိုင်းရင်းသားတွေအနေနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ရရှိခံစားနိုင်စေဖို့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ယုံကြည်မှုတည်ဆောက်နိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ကူညီထောက်ပံ့မှုတွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ငြိမ်းချမ်းရေးရန်ပုံငွေတွေနဲ့ ပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်စွန့်ခွာသူတွေ ပြန်လည်နေရာချထားရေး၊ အခြေခံအဆောက်အဦ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးစတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံခရီး**

လက်ရှိအစိုးရလက်ထက်မှာ ပထမဦးစွာ (၂၁) ရာစုပင်လုံညီလာခံဆိုတဲ့ သဘောတရားက တည်ရှိပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အံ့ဝင်ခွင်ကျဖြစ်စေဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးပြီး ပြုလုပ်ရန်ရှိတဲ့ညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံလို့ ခေါ်တွင်စေခဲ့ခြင်းပဲ ဖြစ်ပါတယ်။

နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ဖို့အတွက် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း တိုင်းရင်းသားတွေရဲ့ သဘောထားရပ်တည်ချက်တွေကို ပွင့်လင်းလွတ်လပ်စွာပြောကြားခွင့် ရရှိစေရန် ရည်ရွယ်ပြီး မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)(နေပြည်တော်)မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစု ပင်လုံ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ကျင်းပခဲ့ပါတယ်။ ဒီညီလာခံအစည်းအဝေးမှာ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေသာမက NCA လက်မှတ် မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေပါ တက်ရောက်ခဲ့ကြပါတယ်။ ညီလာခံကျင်းပပုံတွေကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းလုံးရှိပြည်သူတွေအနေနဲ့ တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံရဲ့ ရပ်တည်ချက် သဘောထားတွေကို သိရှိခွင့်ရခဲ့ပြီး လူထုစိတ်ဝင်စားမှု အရှိန်အဟုန်မြင့်တက်လာစေခဲ့ပါတယ်။

**ဖက်ဒရယ်အခြေခံမူ သဘောတူညီချက်တွေ ထွက်ပေါ်**

ထို့အတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို နေပြည်တော်မှာ ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီညီလာခံအစည်းအဝေးမှာ မူဝါဒအဆိုပြုချက်တွေအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲတွေ အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာတဲ့ အဆိုပြုချက်တွေဖြစ်တဲ့ နိုင်ငံရေးကဏ္ဍ ၁၂ ချက်၊ စီးပွားရေးကဏ္ဍ ၁၁ ချက်၊ လူမှုရေးကဏ္ဍလေးချက်၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ၁၀ ချက် စုစုပေါင်း သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) အဖြစ် သဘောတူညီခဲ့ပါတယ်။

ဒီမူဝါဒ သဘောတူညီချက် ၃၇ ချက်ဟာဆိုရင် မြန်မာ့နိုင်ငံရေးသမိုင်းမှာ ပထမဆုံးရရှိတဲ့ ဖက်ဒရယ်အခြေခံမူ သဘောတူညီချက်တွေ ဖြစ်ပါတယ်။

*အချပ်ပို (ဂ) သို့*



ဒုတိယဝန်ကြီး ဦးခင်မောင်တင်



ဒုတိယဝန်ကြီး ဦးမင်းလွင်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

အလားတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပြီး ညီလာခံတွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) အဖြစ် ထပ်မံချုပ်ဆိုနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) မှာ နိုင်ငံရေးကဏ္ဍလေးချက်၊ စီးပွားရေးကဏ္ဍတစ်ချက်၊ လူမှုရေးကဏ္ဍ ခုနစ်ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍနှစ်ချက် စုစုပေါင်း သဘောတူညီချက် ၁၄ ချက် ပါဝင်ခဲ့ပါတယ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်အတွင်း ကျင်းပရန် ရည်ရွယ်ထားပါတယ်။ အဆိုပါညီလာခံမှာ အရေးကြီးတဲ့ နိုင်ငံရေးသဘောတူညီချက်တွေ ပါဝင်မယ့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးအတွက် လိုအပ်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေနဲ့ ညီလာခံလုပ်ငန်းစဉ်ဆိုင်ရာ ဆွေးနွေးပွဲတွေကို ကျင်းပလျက်ရှိပါတယ်။

လက်ရှိ အစိုးရလက်ထက်မှာ နိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပပေးနိုင်ခဲ့ပြီး နိုင်ငံရေးသဘောတူညီချက်တွေရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အမှန်တကယ်စိတ်တူကိုယ်တူ စုပေါင်းအင်အားအဖြစ် ကြိုးပမ်းကြလျှင် မဖြစ်နိုင်သည် မရှိ ဟူသောသဘောတရားကို လက်တွေ့ပြသနိုင်ခဲ့တာဖြစ်ပါတယ်။

**အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအတွက် အရေးပါတဲ့ ခြေလှမ်း**

နိုင်ငံရေးဆွေးနွေးပွဲတွေ ပေါ်ပေါက်လာစေတဲ့ NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ်မှာ စောင့်ကြည့်ပြီး ညှိနှိုင်းဖြေရှင်းတဲ့ လုပ်ငန်းစဉ်တွေကို သဘောတူညီတာဖြစ်တဲ့အပြင် နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်တွေအတွက်ပါ နှစ်ဦးနှစ်ဖက်အကြား အာမခံချက်တွေ ထားရှိတာပဲ ဖြစ်ပါတယ်။ စာချုပ်ပါအချက်တွေကို အင်အားစုတွေရဲ့အကြား ညှိနှိုင်းသဘောတူညီထားတဲ့ ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်ဖြစ်တဲ့အတွက် အဲဒီအချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အရေးပါတဲ့ ခြေလှမ်းတွေပဲ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးခရီးကို ပြန်ပြီးသုံးသပ်ကြည့်ရင် မျှော်လင့်ချက်တွေ ပိုမိုခိုင်မာလာစေတဲ့ အခြေအနေတွေရှိနေသလို ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုခိုင်မာစေဖို့အတွက် ဆက်ပြီးကြိုးပမ်းဆောင်ရွက်ရမယ့် စိန်ခေါ်မှုတွေလည်း ရှိနေသေးတာကို တွေ့ရှိနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ပါစေ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အစိုးရရဲ့ ဦးစားပေးလုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးပန်းတိုင်ကို ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

NCA လက်မှတ်ရေးထိုးနိုင်ဖို့ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက် ငြိမ်းချမ်းရေးတံခါးကို အမြဲတမ်းဖွင့်လှစ်ထားပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)နဲ့ ငြိမ်းချမ်းရေးကော်မရှင် (PC) အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ယုံကြည်မှု တည်ဆောက်နိုင်ဖို့၊ NCA မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့အတွက် အလွတ်သဘောအစည်းအဝေးတွေ၊ တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ပြီး NCA လမ်းကြောင်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။



၁၁-၁၂-၂၀၁၉ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ၌ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားမှုနှင့် စပ်လျဉ်း၍ တက်ရောက်ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး နောက်ပိုင်းမှာ အစိုးရနဲ့ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တွေကြားမှာ အလွတ်သဘောတွေ့ဆုံမှုတွေကို အရှိန်အဟုန်မြှင့်တင်ပြီး ရှေ့ဆက်လက်ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေ၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမတိုင်မီ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအစည်းအဝေးကျင်းပနိုင်ဖို့အတွက် ၂၀၂၀ ပြည့်နှစ်အလွန် ဆက်ပြီး ဆောင်ရွက်မယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး နှစ်ဖက်ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေး**

အစိုးရနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ထိပ်သီးခေါင်းဆောင်တွေ ပါဝင်တက်ရောက်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၈ ရက်က NRPC နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပြီး သဘောတူညီချက် ရှစ်ချက်ကို ရရှိခဲ့ပါတယ်။

ဒ့ါပြင် အစိုးရနှင့် NCA-S-EAOs (၁၀) ဖွဲ့မှ ကိုယ်စားလှယ်တွေရဲ့ တွေ့ဆုံညှိနှိုင်း အစည်းအဝေး သုံးကြိမ်ကျင်းပခဲ့ပြီး JICM သဘောတူဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးနဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက်လုပ်ငန်းစဉ်တွေနဲ့ အဆင့်အလိုက် အကောင်အထည်ဖော်မှုတွေ၊ အခြေခံမူသဘောတူညီချက်တွေ ရယူရေးကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၈ ရက်မှာ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရရဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃) ရပ်ကို ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ငြိမ်းချမ်းရေး ပထမလုပ်ငန်းစဉ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို ဘယ်လိုရှေ့ဆက်သွားမလဲ ဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို သဘောတူညီမှုရယူဖို့ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး မူဘောင်သဘောတူညီချက်တွေအပြင် လက်ရှိရရှိထားတဲ့ အခြေခံမူသဘောတူညီချက် (၁၄) ချက်နဲ့ ထပ်မံပြီးရရှိလာမယ့် အခြေခံမူ သဘောတူညီချက်တွေ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအလွန်မှာ ဆက်လက်ဖော်ဆောင်မယ့် အဆင့်လိုက်လုပ်ငန်းစဉ်တွေ၊ အဆင့်လိုက် အကောင်အထည်ဖော်မှု သဘောတူညီချက်တွေကို လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ သဘောတူညီချက်ရယူပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) အဖြစ် ချုပ်ဆိုမှာ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေး ဒုတိယလုပ်ငန်းစဉ်**

ငြိမ်းချမ်းရေး ဒုတိယလုပ်ငန်းစဉ်က NCA လမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်သင့် ပါဝင်ထိုက်သူတွေအားလုံး ပါဝင်လာရေးပဲ ဖြစ်ပါတယ်။ အစိုးရအနေနဲ့က NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းတဲ့ အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ဖို့၊ နိုင်ငံရေးစားပွဲဝိုင်းမှာ ပါဝင်နိုင်ဖို့နဲ့ NCA ထီးရိပ်အောက်မှာ ပါဝင်သင့် ပါဝင်ထိုက်သူတွေအားလုံး ပါဝင်လာရေး ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး အားလုံးပါဝင်နိုင်တဲ့ အခင်းအကျင်းမျိုး ဖြစ်ပေါ်လာအောင် ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး တတိယလုပ်ငန်းစဉ်က ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ပြည်သူလူထုတွေ ရရှိခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့မှုတွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ငြိမ်းချမ်းရေးရန်ပုံငွေတွေနဲ့ ပဋိပက္ခဒဏ်ကို အဓိကခံစားကြရတဲ့ တိုင်းရင်းသားဒေသများရှိ ပြည်သူလူထုအတွက် လိုအပ်တဲ့ အခြေခံအဆောက်အဦ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ပညာရေးနဲ့ ကျန်းမာရေးစတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းတွေဖြစ်တဲ့ UNDP၊ UNHCR တို့နဲ့ ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်မှာ နားလည်မှုစာချွန်လွှာကို



၃၁-၅-၂၀၁၉ ရက်က ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro KONO အား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံစဉ်။

လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက်မှာ နောက်ထပ် သက်တမ်း တစ်နှစ်တိုးခဲ့ပါတယ်။ ဒီကာလအတွင်းမှာ UNHCR ကို Rapid Need Assessment ခြောက်ကြိမ်၊ Follow Up Visit ခြောက်ကြိမ်၊ Quick Impact Projects ၄၅ ခုအတွက် လုပ်ငန်းဆောင်ရွက်ခွင့်နဲ့ ခရီးသွားလာခွင့်တွေကို ဆောင်ရွက်ခွင့်ပြုပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လတ်တလောကာလမှာ Medium Term Project တွေကို ဆောင်ရွက်ခွင့်ပြုထားခဲ့တဲ့အပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အထူးကိုယ်စားလှယ်ကို ၂၀၁၉ ခုနှစ်အတွင်း ဇန်နဝါရီလ၊ မတ်လ၊ ဇူလိုင်လ၊ စက်တင်ဘာလနဲ့ နိုဝင်ဘာလတွေမှာ တစ်ကြိမ်စီ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၉ ရက်မှာ တစ်ကြိမ် စုစုပေါင်း ခြောက်ကြိမ် မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပြုခဲ့ပါတယ်။

ပြည်တွင်းနေရပ်စွန့်ခွာသူတွေ ပြန်လည်နေရာချထားဖို့အတွက် ဆောင်ရွက်လျက်ရှိရာမှာ ကျောက်တော်မြို့နယ်မှာရှိတဲ့ နံ့ဒင် IDP စခန်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လမှာ ပိတ်သိမ်းနိုင်ခဲ့ပြီး စခန်းတွင်းနေထိုင်သူတွေကို ပြန်လည်နေရာချထားဖို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအပြင် မြေပုံမြို့မှာရှိတဲ့ တောင်ပေါ် IDP စခန်းကို ပိတ်သိမ်းခဲ့ပြီး နေအိမ် ၆၄၂ လုံးနဲ့ အခြေခံအဆောက်အဦတွေကို ဆောက်လုပ်ပေးပြီး နေရာချထားပေးခဲ့ပါတယ်။ မပိတ်သိမ်းရသေးတဲ့ IDP စခန်းတွေ ပိတ်သိမ်းနိုင်ဖို့အတွက်လည်း ပြည်ထောင်စုအဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့တွေ စေလွှတ်ဆောင်ရွက်ပေးနေပြီး IDP စခန်းအတွင်း နေထိုင်သူတွေ၊ မြို့မိမြို့ဖတွေနဲ့ နှစ်ဖက်ကိုယ်စားလှယ်တွေကို တွေ့ဆုံဆွေးနွေးခြင်းနဲ့ ပြန်လည်နေရာချထားဖို့ လျာထားနေရာချမယ့် နေရာတွေလေ့လာခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် စစ်တွေ၊ ပေါက်တော၊ မြေပုံနဲ့ ကျောက်ဖြူမြို့နယ်တွေမှာ IDP စခန်း ၁၉ ခုကျန်ရှိပြီး လက်ရှိမှာ အိမ်ထောင်စု ၄၂၇ စု၊ လူဦးရေ ၁၅၆၁ ဦး နေထိုင်လျက်ရှိတဲ့ ကျောက်တစ်လုံး IDP စခန်းကို ပြန်လည်နေရာချထားဖို့နဲ့ စခန်းပိတ်သိမ်းဖို့အတွက် ပြည်ထောင်စုအဆင့် ရေးဆွဲထားတဲ့ Camp Closure Strategy နဲ့အညီ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**ရခိုင်အရေးတွင် ဖိအားမျိုးစုံနှင့် စိန်ခေါ်မှုမျိုးစုံရှိနေ**

ရခိုင်ပြည်နယ်အရေးမှာ ထိလွယ်ရှလွယ်တဲ့ နောက်ခံအခြေအနေနဲ့ မတူကွဲပြားမှုတွေအကြား အမုန်းတရားနဲ့ နာကြည်းမှုတွေကြောင့် ကောင်းမွန်တဲ့အခြေအနေကို တိုးတက်ရောက်ရှိလာစေဖို့ ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံကနေ ချဉ်းကပ်ဆောင်ရွက်လျက်ရှိပေမယ့် ကုလသမဂ္ဂ ယန္တရားမျိုးစုံရဲ့ ဖိအား၊ ICJ ရဲ့ ကြားဖြတ်အစီအမံ ဆောင်ရွက်ရေး ဆုံးဖြတ်ချက်တွေ၊ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံကြီးတွေအပါအဝင် နိုင်ငံတကာရဲ့ ဖိအားနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဖိအားတွေကြောင့် အလွန်အရေးကြီးတဲ့ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှုမြင်နိုင်ပါတယ်။ ဒီလိုအခြေအနေတွေမှာ ARSA၊ RSO နဲ့ AA ကဲ့သို့ အဖွဲ့အစည်းတွေရဲ့ အကြမ်းဖက်မှုတွေကြောင့် ရှုပ်ထွေးတဲ့ အခြေအနေတစ်ရပ်ကို ရောက်ရှိနေတဲ့အတွက် ရခိုင်ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ငြိမ်းချမ်းရေး၊ တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ဖို့ နှောင့်နှေးလျက်ရှိနေပါတယ်။

ချစ်ကြည်ရင်းနှီးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အပြန်အလှန် အမှီသဟဲပြုနေပြီး လူမှုအသိုင်းအဝိုင်းအားလုံးရဲ့ အခြေခံလူမှုဘဝဝန်ဆောင်မှုတွေ ရရှိခံစားနိုင်စေဖို့ အရေးကြီးတဲ့အတွက် လူဝင်မှုကြီးကြပ်ရေးနဲ့ မွေးစာရင်းရရှိရေးကဏ္ဍတွေမှာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ *အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

ရခိုင်ပြည်နယ် IDP စခန်းတွေမှာ နေထိုင်လျက်ရှိသူတွေကို အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခဲ့ပါတယ်။ ဒါ့အပြင် e-ID ပြုလုပ်ပေးခြင်း၊ NVC ကတ် ထုတ်ပေးခြင်းနဲ့ မွေးစာရင်းထုတ်ပေးခြင်း လုပ်ငန်းတွေကို Mobile Team နဲ့ စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်အထိ IDP Camps / ကျေးရွာတွေမှာ အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးမှု အနေနဲ့ ၉၉၅၀၊ သက်ကြီး/သက်ငယ်တွေကို မွေးတိုးစာရင်းပြုလုပ်ပေးမှု၊ NVC ကတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်ကတ် ရှိသူတွေကို ပုဒ်မ ၅၆ အရ စိစစ်ဆောင်ရွက်မှု ၁၆၈၅ ဦး ဆောင်ရွက်ပေးခဲ့ပါတယ်။

**အပြည်ပြည်ဆိုင်ရာတရားရုံးဆိုင်ရာ**

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူတွေကိစ္စနဲ့ စပ်လျဉ်းပြီး မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ဂမ်ဘီယာနိုင်ငံက အစ္စလာမ်မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ကိုယ်စား မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ ၁၉၄၈ ခုနှစ် လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နဲ့ ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဆိုတဲ့ စွပ်စွဲချက်နဲ့ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ တရားစွဲဆိုခဲ့ပါတယ်။

မြန်မာနိုင်ငံက "လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံသဘောတူစာချုပ် (Convention for the Prevention and Punishment of the Crime of Genocide)" ကို ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်မှာ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၅၆ ခုနှစ် မတ်လ ၁၄ ရက်မှာ အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပါတယ်။ ၎င်းသဘောတူစာချုပ်ကို လက်ခံအတည်ပြုဖို့ ၁၉၅၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ သက်ဆိုင်ရာဝန်ကြီးက ပါလီမန်မှာ "မြန်မာနိုင်ငံအနေဖြင့် ယနေ့အထိ ရဲရဲတင်းတင်း ပြောရဲကြောင်း၊ လူတစ်စုနှင့် တစ်စုဖြစ်စေ၊ ဘာသာတစ်ခုနှင့်တစ်ခု ကိုးကွယ်သည့် လူမျိုးအလိုက်ဖြစ်စေ၊ လူတစ်စုအလိုက်ဖြစ်စေ ယနေ့အထိ ဤကိစ္စမျိုး မပေါ်ဖူးသေးကြောင်း၊ နောင်ကိုလည်း ပေါ်စရာအကြောင်းမရှိကြောင်း" ရှင်းလင်းတင်ပြခဲ့ပြီး ပါလီမန်ရဲ့ အတည်ပြုချက်ကို ရယူခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ "လူမျိုးပြုန်းတီးစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံပေါင်းစုံ သဘောတူစာချုပ်" ကို လက်ခံအတည်ပြုစဉ်က ရပ်တည်ချက်အတိုင်း ယနေ့ကာလအထိ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ လူမျိုးပြုန်းတီးစေမှု (Genocide) ဆိုတာက လူမျိုးတစ်မျိုးကိုဖြစ်စေ၊ လူစုတစ်စုကိုဖြစ်စေ သတ်ဖြတ်ခြင်း၊ ပြုန်းတီးခြင်းလို့ အဓိပ္ပာယ်ရပါတယ်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ဖြေရှင်း**

ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်အရ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းဟာ အပြည်ပြည်ဆိုင်ရာတရားရုံးရဲ့ အဖွဲ့ဝင်ဖြစ်ခြင်း၊ နိုင်ငံရဲ့ အကျိုးစီးပွား နိုင်ငံသူ၊ နိုင်ငံသားအားလုံးရဲ့ အကျိုးစီးပွားဖြစ်တဲ့အတွက် ဒီကိစ္စကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်ပြီး ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးမှာ ပထမအကြိမ်ကြားနာမှုကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်တို့မှာ ကျင်းပခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာတရားရုံးက ဂမ်ဘီယာနိုင်ငံရဲ့ လျှောက်လဲချက်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ



၈-၁-၂၀၂၀ ရက်က (၈) ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကျင်းပစဉ်။

၁၀ ရက် နံနက်ပိုင်းနဲ့ မြန်မာနိုင်ငံရဲ့ လျှောက်လဲချက်ကို ဒီဇင်ဘာလ ၁၁ ရက် နံနက်ပိုင်းမှာ (၃) နာရီစီ ကြားနာခဲ့ပါတယ်။ ဒုတိယအကြိမ်ကြားနာမှုကို ဒီဇင်ဘာလ ၁၂ ရက်မှာ ကျင်းပခဲ့ပြီး ဂမ်ဘီယာနိုင်ငံက နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ၊ မြန်မာနိုင်ငံက ညနေ ၄ နာရီခွဲမှ ၆ နာရီအထိ တစ်နာရီခွဲစီ လျှောက်လဲခဲ့ပါတယ်။

ဂမ်ဘီယာနိုင်ငံ ရှေ့နေတွေရဲ့ စွပ်စွဲမှုတွေအပေါ် မြန်မာနိုင်ငံမှာ လူမျိုးပြုန်းတီးစေမှုရာဇဝတ်မှုကို ကျူးလွန်ခြင်းမရှိကြောင်း၊ လူမျိုးပြုန်းတီးစေဖို့ ရည်ရွယ်ချက်နဲ့ ကြံစည်သတ်ဖြတ်ခြင်း မရှိကြောင်းကို ခုခံချေပဖြေရှင်းခဲ့ပါတယ်။ လျှောက်လဲမှုမှာ မြန်မာနိုင်ငံဘက်က ဂမ်ဘီယာရဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ တင်သွင်းတဲ့အမှုကိစ္စကို တရားရုံးစာရင်းမှ ပယ်ဖျက်ပေးရန် (သို့မဟုတ်) ဂမ်ဘီယာမှ တောင်းဆိုတဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်တွေကို ပယ်ချပေးရန် တောင်းဆိုခဲ့ပါတယ်။

**ပကတိအရှိတရားအတိုင်းသာ ဖြေရှင်းကြိုးပမ်းခဲ့**

ဒီအမှုကို ရင်ဆိုင်ရာမှာ မြန်မာအစိုးရက မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးကိုဖြစ်စေ၊ မည်သည့်ဘာသာကိုဖြစ်စေ၊ မည်သည့်လူအစုအဖွဲ့ကိုဖြစ်စေ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်သော် လည်းကောင်း ထိခိုက်နစ်နာစေခြင်း၊ တိုက်ခိုက်ခြင်း အလျဉ်းမပြုလုပ်ဘဲ ပကတိအရှိတရားအတိုင်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် ကြားဖြတ်စီမံဆောင်ရွက်ချက်မှာ စွပ်စွဲထားတဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေ ပေါ်ပေါက်မှုကို ကာကွယ်တဲ့ အစီအမံဖြစ်တဲ့အတွက် တရားရုံးက အစီအမံချမှတ်လေ့ရှိတဲ့ အစဉ်အလာ ရှိပါတယ်။ ဒါကြောင့် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) မှာ တရားစွဲဆိုလျှောက်ထားမှုကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်မှာ ကြားဖြတ်စီမံဆောင်ရွက်ချက် (Provisional Measures) အဖြစ် အချက် (၄) ချက် ချမှတ်ခဲ့ပါတယ်။ အဲဒါတွေက –

(၁) လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် အပိုဒ် (၂) တွင် ဖော်ပြထားသည့် ကျူးလွန်မှုများ ဖြစ်မလာစေရန် မြန်မာနိုင်ငံအနေဖြင့် အကာအကွယ်ပေးရေး အစီအမံများ ဆောင်ရွက်သွားရန်။

(၂) မြန်မာတပ်မတော်ဖြစ်စေ၊ ပြည်သူ့စစ်အဖွဲ့ဖြစ်စေ၊ အခြားအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ ဂျီနိုဆိုက်စာချုပ် အပိုဒ် (၂) ပါ လူမျိုးတုံးသတ်ဖြတ်မှုမြောက်သည့် လုပ်ရပ်များ မကျူးလွန်နိုင်စေရန်နှင့် ကျူးလွန်အောင် လှုံ့ဆော်မှုများ မဖြစ်စေရန် မြန်မာနိုင်ငံအနေဖြင့် ယင်းအဖွဲ့အစည်းများကို ထိန်းချုပ်ကိုင်တွယ်ရန်။

(၃) ဖြစ်ပြီးခဲ့သည့် ကျူးလွန်မှုများမှ ကျန်ရှိသည့် သက်သေအထောက်အထားများကို မပျက်စီးအောင် ထိန်းသိမ်းပေးရန်၊ သက်သေအထောက်အထားများအား မဖျောက်ဖျက်ရန်နဲ့

(၄) ဂျီနိုဆိုက် သဘောတူညီချက်ကို ချိုးဖောက်မှု ရှိ/မရှိ တရားရုံးက စစ်ဆေးနေစဉ်ကာလအတွင်း မြန်မာနိုင်ငံဘက်က ဆောင်ရွက်မှု တိုးတက်မှုဖြစ်စဉ်များကို (၄) လအတွင်း တရားရုံးသို့ အစီရင်ခံစာတင်သွင်းရန်၊ နောက်ပိုင်းမှာ (၆) လ (၁) ကြိမ်ပုံမှန် အစီရင်ခံစာ တင်သွင်းရန်တို့ ဖြစ်ပါတယ်။

ဒီဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး "တရားရုံး၏ ယနေ့ဆုံးဖြတ်ချက်သည် ယင်းအမှု၏ ဆီလျော်ခိုင်မာမှု(merits) အား တရားရုံးက စီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိ-မရှိ အပေါ်တွင် လည်းကောင်း၊ လျှောက်ထားသည့်အမှုကို လက်ခံကြားနာခွင့် ရှိ-မရှိ နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမှု၏ ဆီလျော်ခိုင်မာမှု (merits) နှင့် ပတ်သက်၍ လည်းကောင်း၊ ကြိုတင်ဆုံးဖြတ်သည့်သဘော လုံးဝသက်ရောက်စေမည် မဟုတ်ကြောင်း" အပြည်ပြည်ဆိုင်ရာတရားရုံးက အတည်ပြုပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

**နိုင်ငံတကာစံနှုန်းနှင့်အညီ ဖော်ထုတ်ဖြေရှင်းမည်**

မြန်မာနိုင်ငံအစိုးရက နိုင်ငံတကာရာဇဝတ်မှုများကို နိုင်ငံတကာစံနှုန်းနဲ့အညီ ဖော်ထုတ်ဖြေရှင်းနိုင်ရန်နဲ့ ပြည်တွင်းတရားစီရင်ရေးရဲ့ လွတ်လပ်စွမ်းအားနဲ့ ကျွမ်းကျင်မှုကို ပိုမိုခိုင်မာရန် ရည်ရွယ်ပြီး နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စစ်ဥပဒေချုပ်ရုံးတို့မှ ဥပဒေပညာရှင်တွေနဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ရာဇဝတ်မှုကျူးလွန်သူတွေကို တာဝန်ယူ၊ တာဝန်ခံနိုင်ရန် နိုင်ငံတကာနှင့် မြန်မာကျွမ်းကျင်ပညာရှင်တွေ ပါဝင်တဲ့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (မြန်မာ) ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ယင်းကော်မရှင်မှ နောက်ဆုံး အချောသပ်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၀ ရက်မှာ နိုင်ငံတော်သမ္မတထံ ပေးအပ်ခဲ့ပါတယ်။ ၎င်းအစီရင်ခံစာအရ ရခိုင်ပြည်နယ်မှာ လူမျိုးပြုန်းတီးစေရန် မည်သည့် ကျူးလွန်လုပ်ဆောင်မှုမျိုးမှ ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း တွေ့ရှိခဲ့ပြီး စစ်မက်ဆိုင်ရာ ရာဇဝတ်မှုကျူးလွန်မှုမျိုးသာရှိကြောင်း ကော်မရှင်က ထုတ်ပြန်ခဲ့ပါတယ်။ ယင်းရာဇဝတ်မှုများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စစ်ဥပဒေချုပ်ရုံးတို့က မြန်မာနိုင်ငံရဲ့ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုစနစ်အရ စုံစမ်းစစ်ဆေးအရေးယူရန် ဆောင်ရွက်လျက်ရှိပါတယ်။ မည်သည့် လူ့အခွင့်အရေးချိုးဖောက်မှုကိုမဆို သက်သေအထောက်အထားခိုင်မာရင် ဥပဒေဖောက်ဖျက်ကျူးလွန်သူများအားလုံးကို ပြည်တွင်းဥပဒေများနှင့်အညီ စီရင်ပြစ်ဒဏ်ချမှတ်သွားမှာ ဖြစ်ပါတယ်။

**အတွေ့အကြုံများ ပြည်သူများထံ ရှင်းလင်းတင်ပြ**

လက်ရှိအစိုးရလက်ထက်တွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့တွင် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ICJ ဆိုင်ရာကြားနာမှုကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခဲ့တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ တွေ့ကြုံခဲ့ရသော အတွေ့အကြုံတွေကို ပြန်လည်တင်ပြဖို့အတွက် အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ဆိုင်ရာ ဥပဒေရေးရာစကားဝိုင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်မှာ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ ကြားနာမှုဆိုင်ရာ အတွေ့အကြုံများစကားဝိုင်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်မှာ ICJ နဲ့ မြန်မာနိုင်ငံ စကားဝိုင်းကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၉ ရက်နဲ့ ICJ ရဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်တို့မှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာတရားရုံးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ အဖွဲ့ဝင် ၁၀ ဦးနဲ့ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ၌ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ICJ မှာ တရားရင်ဆိုင်ခြင်းဆိုင်ရာ ဦးဆောင်ကော်မတီအနေနဲ့ လိုအပ်သော မူဝါဒတွေကို ချမှတ်ခြင်း၊ Provisional Measures–PM နဲ့ ပတ်သက်တဲ့ အစီရင်ခံစာကို သတ်မှတ်ချိန်အတွင်း တင်ပြနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို သီးခြားဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊ အစီရင်ခံစာရေးသားရာမှာ လိုအပ်တဲ့ အချက်အလက်တွေ ရရှိရေးအတွက် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

၎င်းအပြင် အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) ဆိုင်ရာ လုပ်ငန်းကော်မတီကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမင်းလွင် ဦးဆောင်ပြီး အဖွဲ့ဝင် ၂၀ နဲ့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၇ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ICJ ဆိုင်ရာ လုပ်ငန်းကော်မတီအနေနဲ့ ဦးဆောင်ကော်မတီက ချမှတ်ပေးတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ Provisional Measures – PM နဲ့ ပတ်သက်တဲ့ အစီရင်ခံစာကို သတ်မှတ်ချိန်အတွင်း တင်ပြနိုင်ဖို့အတွက် Timeline ရေးဆွဲဆောင်ရွက်ခြင်း၊ ICJ မှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား တရားစွဲဆိုထားတဲ့ကိစ္စကို တုံ့ပြန်ဆောင်ရွက်ဖို့အတွက် အချက်အလက်တွေ ရှာဖွေစုဆောင်းခြင်း၊ စုဆောင်းရရှိတဲ့ သက်သေခံအထောက်အထားတွေအပေါ် စနစ်တကျလေ့လာသုံးသပ်ခြင်း၊ ရခိုင်ပြည်နယ်အရေးနဲ့ သက်ဆိုင်တဲ့ ပြည်တွင်း/ပြည်ပ အစီရင်ခံစာတွေ၊ စာတမ်းတွေနဲ့ အပြည်ပြည်ဆိုင်ရာ ဥပဒေတွေကို လေ့လာသုံးသပ် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စရပ်တွေကို အဓိကထားဆောင်ရွက်နေသည့်အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်ခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးထားသည့် မူဝါဒတွေနဲ့ လမ်းညွှန်ချက်တွေ အောင်မြင်စွာ အကောင်အထည် ပေါ်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။